ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**ကြီးမားသောအကျိုးရနိုင်**

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှု ပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသော အခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မင်္ဂလာအကျိုးကိုရနိုင်၏။ ထိုသို့ ပြုနိုင်ခြင်းကို မြတ်စွာ ဘုရားသည် ချီးမွမ်းတော်မူ၏။ (ဓမ္မပဒ-၁၇၂)

၁၃၇၈ ခုနှစ် ကဆုန်လပြည့် စနေနေ့ 21, Saturday May 2016 (၈၅၆၈)

# ရုရှားနိုင်ငံသည် အာဆီယံနိုင်ငံများအတွက် အရေးကြီးသည့် မိတ်ဖက်ဆက်ဆံရေးနိုင်ငံတစ်နိုင်ငံဖြစ် ကမ္ဘာ့စီးပွားရေးဆိုင်ရာအခက်အခဲများကို နှစ်ဦးနှစ်ဖက် အတူတကွ ပူးပေါင်းဖြေရှင်းသွားကြမည်

**ဆိုချီ မေ ၂၀**

နှစ်(၂၀)ပြည့် အာဆီယံ-ရုရှား ဆွေးနွေးဖက်ဆက်ဆံရေးအထိမ်းအမှတ် ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် ရောက်ရှိနေသည့် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲများအား ကြိုဆိုပွဲကို မေ ၂၀ ရက် ဒေသစံတော်ချိန် မွန်းတည့် ၁၂ နာရီတွင် ဆိုချီမြို့ရှိ Radission Blu Resort And Congress Certre ၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် အာဆီယံနိုင်ငံများမှ ခေါင်းဆောင်များအား ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ မစ္စတာ ဗလာဒီမာပူတင်က ဂုဏ်ပြုကြိုဆိုသည်။

ထို့နောက် နှစ်(၂၀)ပြည့် အာဆီယံ-ရုရှား ဆွေးနွေးဖက်ဆက်ဆံရေး အထိမ်းအမှတ် ထိပ်သီးအစည်းအဝေးကို ကျင်းပရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ မစ္စတာ ဗလာဒီမာပူတင်က အဖွင့်မိန့်ခွန်းပြောကြားပြီး လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ထောင်လွန်းဆီဆိုလစ်က နှုတ်ခွန်းဆက်စကားပြောကြားသည်။

ထိပ်သီးအစည်းအဝေးတွင် နိုင်ငံတော်သမ္မတ ဦးထင်ကျော်က ဆွေးနွေးပြောကြားရာတွင် ဤအစည်းအဝေးသည် အာဆီယံ-ရုရှားဆက်ဆံရေးတွင် အဓိကကျသောမှတ်တိုင်တစ်ခု

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ✱**



နှစ်(၂၀)ပြည့် အာဆီယံ-ရုရှား ဆွေးနွေးဖက်ဆက်ဆံရေးအထိမ်းအမှတ် ထိပ်သီးအစည်းအဝေးကျင်းပစဉ်။ (ဓာတ်ပုံ-ပြန်/ဆက်)



# ပြည်သူ့အတွက် ပထမ ရက် ၁၀၀

## နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် ရက် ၁၀၀ လှုပ်ရှားမှု ၉ ရပ်

စာမျက်နှာ
၁၆
၁၇

APOLO®
Exercise Book
ကျောင်းသား ၊ ကျောင်းသူများအတွက်
ဗလာစာအုပ်မှာဆို APOLO®
Hot Line - 01-684292
ကျောင်းသုံး ၊ ရုံးသုံး ၊ လုပ်ငန်းသုံး ၊ ဗလာစာအုပ်အမျိုးမျိုးကို ဈေးနှုန်းချိုသာစွာဖြင့် ဖြန့်ချိပေးနေပါသည်။



ကြေးမုံ

# မှတ်စပ်ပါး အခြားမရှိပြီ

ယနေ့သည် ဗုဒ္ဓဘာသာဝင်အပေါင်းအတွက် ထူးမြတ်သည့် နေ့တစ်နေ့ဖြစ်သည်။ မြန်မာသက္ကရာဇ် ၁၃၇၈ ခုနှစ်၊ (ယနေ့)ကဆုန်လပြည့်နေ့သည် ဂေါတမဘုရားရှင်၏ ထူးခြားသော ဝိသေသထူးများ ဖြစ်ပေါ်ခဲ့သောနေ့ဖြစ်သည်။

(၁) ဘုရားအလောင်းတော် သုမေဓာရှင်ရသေ့ဘဝက ဒီပင်္ကရာဘုရားရှင်ထံမှ ဘုရားစင်စစ်ဧကန်ဖြစ်လိမ့်မည်ဟု နိယတဗျာဒိတ်တော်ခံယူတော်မူသောနေ့ဖြစ်သည်။

(၂) မဟာသက္ကရာဇ် ၆၈ ခုနှစ် ကဆုန်လပြည့်(သောကြာ)နေ့တွင် ဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသားကို ဖွားမြင်တော်မူသောနေ့ဖြစ်သည်။

(၃)ထိုနေ့တွင်ပင် ယသောဓရာမင်းသမီး၊ အာနန္ဒာမင်းသား၊ ဆန္နအမတ်၊ ကာဠုဒါယီအမတ်၊ ကဏ္ဍက မြင်းတော်၊ မဟာဗောဓိညောင်ပင်၊ ရွှေအိုးကြီးလေးလုံး တည်းဟူသော ဖွားဖက်တော် (၇) ပါးလည်းပေါ်ထွန်းခဲ့သည်။

(၄) မဟာသက္ကရာဇ် ၁၀၃ ခုနှစ် ကဆုန်လပြည့်(သောကြာ)နေ့တွင် ဘုရားအလောင်းတော်သည် သစ္စာလေးပါးကိုသိမြင်တော်မူပြီး အတုမရှိဘုရားအဖြစ်သို့ ရောက်တော်မူခဲ့သည်။

(၅) မဟာသက္ကရာဇ် ၁၄၈ ခုနှစ် ကဆုန်လပြည့်(အင်္ဂါ)နေ့တွင် မလ္လာမင်းတို့၏တိုင်းပြည်၊ ကုသိနာရုံ အင်ကြင်းရဂုံ၌ မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်စံဝင်တော်မူခဲ့သည်။

ထို့ကြောင့် မြတ်စွာဘုရားရှင်နှင့်သက်ဆိုင်ရာ ထူးမြတ်ခြင်း (၅) ပါးကို တစ်ပြိုင်တည်းဆုံစည်းရသောကြောင့် ကဆုန်လပြည့်နေ့သည် နေ့တကာတို့တွင် လွန်ကဲထူးမြတ်သာလွန်သော နေ့တစ်နေ့ဟု ဆိုရမည်ဖြစ်သည်။ နိယတဗျာဒိတ် ခံယူသည်မှ ဖွားမြင်တော်မူခြင်း၊ ဖွားဖက်တော်များပေါ်ထွန်းခြင်း၊ ဘုရားဖြစ်ခြင်း၊ ပရိနိဗ္ဗာန်စံတော်မူခြင်းတို့ကို ဆင်ခြင်လျှင် အတုမရှိမြတ်စွာဘုရားသည်ပင် ဖြစ်ခြင်း၊ ပျက်ခြင်း သင်္ခါရတရားအတိုင်း ဖြစ်တည်ခဲ့သည်ကို ရှုမြင်ရမည်ဖြစ်သည်။

ဂေါတမမြတ်စွာ အလောင်းတော်သည်ပင် နိယတဗျာဒိတ်ပန်းဆင်မြန်းပြီးနောက် ပါရမီဖြည့်ကျင့်ခဲ့သည့် သံသရာခရီးလမ်းတစ်လျှောက်တွင် သာသနာတော်နှင့်ကြုံသည်မှာ (၂၄) ဘဝသာရှိပြီး သာသနာတော်ကို ကြိုက်သည်မှာ (၅)ဘဝသာရှိခဲ့သည်။ မိမိတို့ ပုထုဇဉ်လူသားများမှာမူ မရေမတွက်နိုင်သော ဘဝများစွာ သံသရာခရီးတစ်လျှောက်လုံးတွင် လောဘ၊ ဒေါသ၊ မောဟများကြောင့် ရပ်ပြစ် (၈) ပါး၊ ရန်သူမျိုး(၅)ပါးနှင့် တစ်နည်းမဟုတ်တစ်နည်း သက်ဆင်းကြုံတွေ့ကြရမည်သာဖြစ်သည်။

ယခုမြတ်စွာဘုရားရှင်၏ ကျေးဇူးတော်အစုံ၊ ဂုဏ်တော်အနန္တအကျိုးတရားများကို ရရှိနိုင်သေးသောကာလ ဖြစ်သည်။ ရပ်ပြစ်(၈)ပါး ကင်းလွတ်ပြီး ဘဝဂုဏ်ရည်တက် အကြောင်းတရားများစုံညီနေသောကာလဖြစ်သည်။ ဂေါတမဘုရား သာသနာတော်နှင့်ကြုံဆုံနေရသောကာလဖြစ်သည်။ ကျင့်ကြံအားထုတ်ပါက သံသရာမှ လွတ်မြောက်နိုင်သော ဝိမုတ္တိကာလလည်းဖြစ်သည်။

သံသရာ၏တိုတောင်းပုံမှာ လူ့ဘဝ အနှစ် ၁၀၀ မှာ(ဝသဝတ္တီ)နတ်သက် တစ်နာရီခွဲစာမျှရှိသည်။ ဗြဟ္မာသက် စက္ကန့်ပိုင်းမျှသာရှိသည်။ နတ်၊ဗြဟ္မာများနှင့်နှိုင်းယှဉ်လျှင် လူ့ဘဝမှာ မနက်ဖြန်ဆိုသည်ပင် မရှိချေ။ လူ့ဘဝခဏတာအတွင်း လောဘ၊ ဒေါသ၊ မောဟများ ပွားများနေပါက ရပ်ပြစ်(၈)ပါးအတွင်းသို့ မလွဲမသွေ ဆင်းကြရမည်ဖြစ်သည်။ ထို့ကြောင့် လက်ရှိပိုင်ဆိုင်ထားသော အဖိုးအနဂ္ဃ ထိုက်တန်သော ခဏတာဘဝ၊ ထိုက်တန်သော ခဏတာကာလတွင် မြတ်စွာဘုရားရှင်အမွေပေးခဲ့သော-

ကိုးကွယ်ရာ - ရတနာ(ဘုရား၊တရား၊သံဃာ) သုံးပါး
ကျင့်ကြံရာ - သိက္ခာ(သီလ၊သမာဓိ၊ပညာ) သုံးပါး
သိမြင်ရာ - လက္ခဏာ (အနိစ္စ၊ဒုက္ခ၊အနတ္တ)သုံးပါးတို့ကို

ရှုမြင်ပြီး သူတော်ကောင်းတရား၊ မေတ္တာတရားများကို နေ့စဉ် ကျင့်ကြံပွားများအားထုတ်ကြရန် မှတ်စပ်ပါးအခြားမရှိပြီဟု ထူးမြတ်သော ကဆုန်လပြည့်နေ့တွင် မေတ္တာရှေးရှုနှိုးဆော်မှု ပြုလိုက်ပါသည်။ ။

# (၂၄) ကြိမ်မြောက် အာဆီယံအလုပ်သမားဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကျင်းပပြီး

**နေပြည်တော် မေ ၂၀**




လာအိုနိုင်ငံ ဗီယင်ကျန်းမြို့တွင် မေ ၁၅ ရက်မှ ၁၆ ရက်အထိ ကျင်းပခဲ့သည့် (၂၄) ကြိမ်မြောက် အာဆီယံအလုပ်သမားဝန်ကြီးများ အစည်းအဝေး (24th ALMM)နှင့် (၉) ကြိမ်မြောက် အာဆီယံ +၃ အလုပ်သမားဝန်ကြီးများ အစည်းအဝေး (9th ALMM+3) များသို့ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။

(၂၄) ကြိမ်မြောက် အာဆီယံ အလုပ်သမားဝန်ကြီးများ အစည်းအဝေး (24th ALMM) ကို မေ ၁၅ ရက်တွင် စတင်ကျင်းပခဲ့ရာ အာဆီယံ အလုပ်သမားဝန်ကြီးများ၏ လုပ်ငန်းအစီအစဉ် (၂၀၁၆ ခုနှစ် -၂၀၂၀ ခုနှစ်ထိ)၊ အာဆီယံအဆင့်မြင့်အလုပ်သမားအရာရှိကြီးများ လုပ်ငန်းအဖွဲ့ လုပ်ငန်းအစီအစဉ် (၂၀၁၆ ခုနှစ် -၂၀၂၀ ခုနှစ်ထိ)၊ ရွှေ့ပြောင်းအလုပ်သမားများ၏ အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ခြင်းနှင့် မြှင့်တင်ခြင်းဆိုင်ရာ လုပ်ငန်းအစီအစဉ် (၂၀၁၆ ခုနှစ် -၂၀၂၀ ခုနှစ်ထိ)၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ လုပ်ငန်းအစီအစဉ် (၂၀၁၆ ခုနှစ် -၂၀၂၀ ခုနှစ်ထိ) တို့ကို အတည်ပြုချမှတ်နိုင်ခဲ့ကြပါသည်။

ထို့အပြင် စီမံခန့်ခွဲမှုနှင့်ဖွဲ့စည်းမှုဆိုင်ရာ အာဆီယံအရည်အသွေးမြင့်မှုဘောင်နှင့် အရည်အသွေးအာမခံခြင်းနှင့် ကျွမ်းကျင်မှုအသိအမှတ်ပြုခြင်းဆိုင်ရာ အာဆီယံလမ်းညွှန်ချက်မူဘောင်တို့ကိုလည်း အတည်ပြုချမှတ်ခဲ့ကြသည်။ ရွှေ့ပြောင်းလုပ်သားများ၏အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ခြင်းနှင့် မြှင့်တင်ခြင်းဆိုင်ရာ အာဆီယံစာချုပ်စာတမ်း (မူကြမ်း) ရေးဆွဲရေးသဘောတူစာချုပ်အား ၂၀၁၆ ခုနှစ် စက်တင်ဘာလ (သို့မဟုတ်) ၂၀၁၇ ခုနှစ် ဧပြီတွင် အပြီးသတ်နိုင်ရန် ဆွေးနွေးပြောကြားခဲ့ကြသည်။

အစည်းအဝေး ဒုတိယနေ့ မေ ၁၆ ရက်တွင် ကျင်းပခဲ့သည့် (၉) ကြိမ်မြောက် အာဆီယံ + ၃ အလုပ်သမားဝန်ကြီးများ အစည်းအဝေး (9th ALMM+3) ၌ အာဆီယံ + ၃ နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုများဖြစ်သည့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှုများ၊ လူမှုကာကွယ်စောင့်ရှောက်မှုများနှင့် မြန်မာနိုင်ငံ၏ ကျွမ်းကျင်အလုပ်သမားများ မွေးထုတ်နိုင်ရေး အစီအစဉ်များတွင် အကူအညီပေးနိုင်ရေး စသည့်အချက်တို့ကိုလည်း ဆွေးနွေးကြသည်။

ထို့နောက် လာအိုနိုင်ငံ အလုပ်သမားနှင့် လူမှုဝန်ထမ်းဝန်ကြီး H.E. Dr. Khampheng Saysompheng နှင့် နှစ်နိုင်ငံ အလုပ်သမားရေးရာကိစ္စရပ်များ၊ အလုပ်အကိုင်ဆိုင်ရာ ဝန်ဆောင်မှုများနှင့်ပတ်သက်၍ ဆွေးနွေးသည်။

ယခုအစည်းအဝေးတွင် (၂၄) ကြိမ်မြောက် အာဆီယံ အလုပ်သမားဝန်ကြီးများအစည်းအဝေး ပူးတွဲကြေညာစာတမ်းနှင့် (၉) ကြိမ်မြောက် အာဆီယံ +၃ အလုပ်သမားဝန်ကြီးများ အစည်းအဝေး ပူးတွဲကြေညာစာတမ်းတို့ကို ထုတ်ပြန်နိုင်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# သုံးခွမြို့မဈေးတွင် ရေစီးရေလာကောင်းမွန်ရေးဆောင်ရွက်

**ရန်ကုန် မေ ၂၀**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ပြည်သူ့အတွက် ရက် ၁၀၀ အကျိုးပြုလုပ်ငန်းစီမံချက်ဖြင့် မြို့မဈေးပတ်လည်ရှိ ရေနုတ်မြောင်းများ၊ ရေစီးရေလာကောင်းမွန်စေရေး၊ ဈေးအတွင်း ရေကြီးရေလျှံမှု မဖြစ်ပေါ်စေရေးအတွက် ယနေ့နံနက်က ရေနုတ်မြောင်းများအတွင်း ပိတ်ဆို့နေသော ရွှံ့ညွှန်များ၊ နုန်းမြေများ၊ အမှိုက်သရိုက်များအား သန့်ရှင်းရေး ဝန်ထမ်းများက မိုးရာသီမရောက်ခင် ကြိုတင်၍ ဆယ်ယူရှင်းလင်း၊ ဖယ်ရှားလျက်ရှိကြောင်း သိရသည်။

**ကိုကျော်(သုံးခွ)**






# အိုးပေါက်ကျေးရွာ မီးဘေးသင့်တောင်သူများအား သီးနှံမျိုးစေ့များ ထောက်ပံ့

**တောင်တွင်းကြီး မေ ၂၀**

မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနက ယနေ့နံနက်ပိုင်းတွင် တောင်တွင်းကြီးမြို့နယ် အိုးပေါက်ကျေးရွာ မီးဘေးသင့်တောင်သူများအား သီးနှံများ အချိန်မီစိုက်ပျိုးနိုင်ရေး သီးနှံမျိုးစေ့များ ထောက်ပံ့ပေးအပ်ခဲ့သည်။

အဆိုပါသီးနှံမျိုးစေ့များ ထောက်ပံ့ပေးအပ်ရာတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ဝင်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးအရာရှိ ဦးထွန်းမြင့်တို့က မီးဘေးသင့် တောင်သူများအား ဆင်းသုခမျိုးစပါး၊ ပဲတီစိမ်း၊ မတ်ပဲ၊ နှမ်း၊ မြေပဲ၊ ပဲကြီး မျိုးကောင်းမျိုးသန့် ၈၁ တင်းအား ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **(၅၈၀)**

ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဇင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဒေါ်ဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှိုင်သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နှိုင်လင်းကြည်၊ မြို့စန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်၊
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှိုင်

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror Established in 1957
၁၉၅၇ ခုနှစ် ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၀၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၀၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၀၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၇၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၀




နှစ်(၂၀)ပြည့် အာဆီယံ-ရုရှား ဆွေးနွေးဖက်ဆက်ဆံရေးအထိမ်းအမှတ် ထိပ်သီးအစည်းအဝေးတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ မစ္စတာ ဗလာဒီမာပူတင်နှင့် အာဆီယံနိုင်ငံများမှ ခေါင်းဆောင်များ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်စဉ်။ (ဓာတ်ပုံ-မြန်/ဆက်)

**✱ ရှေ့ဖုံးမှ**

ဖြစ်ကြောင်း၊ ရုရှားနိုင်ငံသည် အာဆီယံနိုင်ငံများအတွက် အရေးကြီးသည့် မိတ်ဖက်ဆက်ဆံရေးနိုင်ငံ တစ်နိုင်ငံဖြစ်ကြောင်း။

ရုရှားနိုင်ငံက အာဆီယံ၏ ဗဟိုအချက်အချာကျမှုအပေါ် အလေးထားမှုများကိုလည်း များစွာကျေနပ်အားရပါကြောင်း၊ ရုရှားနိုင်ငံသည် အာဆီယံ ဦးဆောင်သည့် လုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်ပေးနေခြင်းများသည်လည်း ဒေသတွင်း ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေကြောင်း။

စီးပွားရေးပူးပေါင်းဆောင်ရွက်မှုတွင် နှစ်ဖက်ဘုံသဘောဆောင်သော တူညီသည့်အမြင်များလည်းရှိပါကြောင်း၊ ကမ္ဘာ့စီးပွားရေးဆိုင်ရာအခက်အခဲများကိုလည်း နှစ်ဦးနှစ်ဖက် အတူတကွပူးပေါင်းဖြေရှင်းသွားကြမည်ဖြစ်ကြောင်း၊ အာဆီယံသည် စီးပွားရေးအရ ဖွံ့ဖြိုးတိုးတက်မှုကိုလည်း အလေးထားကြောင်း။

မြန်မာနိုင်ငံအနေဖြင့် ဒေသတွင်း စီးပွားရေးအသိုက်အဝန်းဖော်ဆောင်နိုင်ရေးအတွက် အစွမ်းကုန်ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ဆင်းရဲချမ်းသာကွာဟမှုနည်းပါးရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထို့ပြင် နိုင်ငံအတွင်း အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုအတွက်လည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

၂၀၁၆ခုနှစ်တွင် စတင်၍ဖော်ဆောင်မည့် လုပ်ငန်းဆိုင်ရာများ အကောင်အထည်ဖော်မှုလုပ်ငန်းစဉ် စတင်အကောင်အထည်ဖော်နိုင်ခြင်းသည် ရုရှားနှင့် အာဆီယံ ကုန်သွယ်မှုတိုးမြှင့်ရေးကို များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း၊ ရုရှားနိုင်ငံအနေဖြင့် အာဆီယံဒေသအတွင်း စွမ်းအင်နှင့် အစားအသောက်ဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများကိုလည်း မိမိတို့အနေဖြင့် မြင်တွေ့လိုပါကြောင်း၊ အာဆီယံ-ရုရှား ထင်ပေါ်ကျော်ကြားသူများအဖွဲ့သည် အနာဂတ်ပူးပေါင်းဆောင်ရွက်ရေးများအတွက် အကြံပြုချက်များပေးခဲ့ပါကြောင်း။

စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု အပိုင်းတွင် အဆိုပါ ထင်ပေါ်ကျော်ကြားသူများအဖွဲ့အနေဖြင့် ဒေသတွင်း ဆင်းရဲချမ်းသာကွာဟမှု လျော့ပါးစေရေး၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး စသည့်ကဏ္ဍများကို အကြံပြုခဲ့ပါကြောင်း၊ ထို့ပြင် အာဆီယံနှင့် ရုရှား နှစ်ဖက်အကြား ပညာတော်သင်များ အပြန်အလှန်စေလွှတ်မှုကို တိုးမြှင့်ရေး၊ အာဆီယံနိုင်ငံများတွင် ရုရှားနိုင်ငံ၏ ပညာရေးဆိုင်ရာ သင်တန်းများဖွင့်လှစ်ရေးနှင့် အာဆီယံနိုင်ငံများမှ ပညာတော်သင်ဆု ရရှိကြသည့် ကျောင်းသားအရေအတွက်တိုးမြှင့်ရေးကိစ္စများ ပါဝင်ပါကြောင်း နိုင်ငံတော်သမ္မတက ပြောကြားသည်။

နိုင်ငံတော်သမ္မတ ဦးထင်ကျော်က အာဆီယံနှင့် ရုရှား နှစ်ဖက်အကြားတွင် ယဉ်ကျေးမှုဆိုင်ရာပူးပေါင်းဆောင်ရွက်မှု တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်ကြောင်း၊ ၂၀၁၆ခုနှစ်ကိုလည်း အာဆီယံ-ရုရှား ယဉ်ကျေးမှုနှစ်အဖြစ် ကျင်းပသွားရန်ရှိကြောင်း၊ အာဆီယံနှင့် ရုရှားနိုင်ငံ မြို့တော်များအကြားတွင် ယဉ်ကျေးမှုပွဲတော်များ ကျင်းပရေးအတွက် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၁၄ခုနှစ်က မြန်မာနိုင်ငံတွင် ရုရှားလူငယ်များ ဂီတပွဲတော်တစ်ရပ်ကို ကျင်းပနိုင်ခဲ့သည့်အတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း။

မြန်မာနိုင်ငံသည် ၂၀၁၅ခုနှစ်တွင် ရုရှားနိုင်ငံနှင့် ယဉ်ကျေးမှုနှင့် အနုပညာ ပူးပေါင်းဆောင်ရွက်ရေးတစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ကြောင်း၊ ယင်းသို့ လက်မှတ်ရေးထိုးပြီးနောက်ပိုင်း ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာကဏ္ဍများ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်စေရေးအတွက် ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ အနာဂတ်တွင်လည်း ယဉ်ကျေးမှုအဖွဲ့များ အပြန်အလှန်စေလွှတ်နိုင်ရေး၊ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ရေး၊ ယဉ်ကျေးမှုပြပွဲများနှင့် ပွဲတော်များ ပိုမိုကျင်းပနိုင်ရေးအတွက် ဆောင်ရွက်လာနိုင်မည်ဟု ယုံကြည်ပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် အာဆီယံအသိုက်အဝန်း ထူထောင်သွားနိုင်ခြင်းအပေါ်တွင် ဂုဏ်ယူဝမ်းမြောက်ကြောင်းနှင့် အာဆီယံနှင့် ရုရှားနိုင်ငံတို့အကြား ဆက်ဆံရေး ဆက်လက်ရှင်သန်တိုးမြှင့်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယခုထိပ်သီး အစည်းအဝေးမှ ဆိုချီကြေညာချက်တစ်ရပ် ထုတ်ပြန်နိုင်ခြင်းကိုလည်း ဝမ်းမြောက်ဂုဏ်ယူပါကြောင်း ပြောကြားသည်။

အစည်းအဝေးတွင် ဘရူနိုင်းဒါရုဆလမ်၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့မှ နိုင်ငံ့ခေါင်းဆောင်များ၊ အစိုးရအဖွဲ့အကြီးအကဲများလည်း တက်ရောက်ဆွေးနွေးခဲ့ကြသည်။

အာဆီယံ-ရုရှား ထိပ်သီးအစည်းအဝေး မစတင်မီတွင် သမ္မတ ဦးထင်ကျော်နှင့် နိုင်ငံ့ခေါင်းဆောင်များ၊ အစိုးရအဖွဲ့အကြီးအကဲများသည် စီးပွားရေးဖိုရမ်ကိုယ်စားလှယ်များနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ မစ္စတာ ဗလာဒီမာပူတင်၊ လာအို ပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာ ထောင်လွန်း ဆီဆိုလစ်နှင့် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် မစ္စတာ ဆမ်ဒက်ခ်ီ ဟွန်ဆင်တို့က နှုတ်ခွန်းဆက်စကား ပြောကြားခဲ့ကြသည်။

နှစ်(၂၀)ပြည့်အာဆီယံ-ရုရှား ဆွေးနွေးဖက်ဆက်ဆံရေး အထိမ်းအမှတ် ထိပ်သီးအစည်းအဝေးအပြီးတွင် ဆိုချီကြေညာချက်တစ်စောင်ကို ထုတ်ပြန်နိုင်ခဲ့သည်။

ဆိုချီကြေညာချက်တွင် အဓိကအားဖြင့် မိတ်ဖက်ဆက်ဆံရေး တိုးတက်အောင် ဆက်လက်ဆောင်ရွက်ရန်ကိစ္စ၊ နိုင်ငံရေးနှင့် လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စ၊ စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးကိစ္စ၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စ၊ ဖွံ့ဖြိုးတိုးတက်မှုကွာဟမှုနည်းပါးစေရေးနှင့် ပေါင်းစည်းဆက်သွယ်ရေးကိစ္စ၊ ပူးပေါင်းဆောင်ရွက်မှုများ သဘောတူညီချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရေးကိစ္စရပ်များ ပါဝင်ကြောင်း သိရသည်။ **(သတင်းစဉ်)**




အာဆီယံနှင့်ရုရှားနိုင်ငံတို့မှ နိုင်ငံ့ခေါင်းဆောင်များ၊ အစိုးရအဖွဲ့ အကြီးအကဲများနှင့် စီးပွားရေးဖိုရမ်ကိုယ်စားလှယ်များ တွေ့ဆုံပွဲကျင်းပစဉ်။ (ဓာတ်ပုံ-မြန်/ဆက်)

# ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေနှင့်အညီ နိုင်ငံသားစိစစ်ပေးရန်အဆို လွှတ်တော်၌မှတ်တမ်းအဖြစ်သာထားရှိ

**နေပြည်တော် မေ ၂၀**

၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေအရ နိုင်ငံသားပြဿနာများကို မြန်မာနိုင်ငံတစ်ဝန်းတွင် ၎င်းဥပဒေနှင့်အညီ ထိရောက်စွာစိစစ်ဆောင်ရွက်ပေးရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်းအဆိုကို ပြည်သူ့လွှတ်တော်က မှတ်တမ်းအဖြစ်သာ ထားရှိရန်ဆုံးဖြတ်လိုက်သည်။

ယင်းအဆိုနှင့်ပတ်သက်၍ ယနေ့ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များက ထောက်ခံဆွေးနွေးခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက ယခုအဆိုပါလုပ်ငန်းစဉ်သည် ဝန်ကြီးဌာနက ဆောင်ရွက်မည့် ရက်ပေါင်း ၁၀၀ စီမံချက်တွင် ပါဝင်ပြီးဖြစ်သည့်အတွက် မှတ်တမ်းအဖြစ်သာထားရှိရန် လွှတ်တော်ကို တင်ပြခဲ့သည်။

အဆိုရှင် ဒေါ်ခင်စောဝေက ယခုအဆိုသည် တစ်နိုင်ငံလုံးနှင့်ဆိုင်သည့် အမျိုးသားအရေးဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်တစ်ခုတည်းအတွက် တင်သွင်းသည့် အဆိုမဟုတ်ဘဲ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် နိုင်ငံသားစိစစ်ရန် တင်သွင်းသည့်အဆိုဖြစ်သည့်အတွက် လွှတ်တော်၏အဆုံးအဖြတ်ရယူသွားမည်ဖြစ်ကြောင်း တင်ပြသည့်အတွက် မဲခွဲဆုံးဖြတ်ရာ ထောက်ခံမဲ(၁၅၄)မဲ၊ ကန့်ကွက်မဲ(၂၂၈)မဲ၊ ကြားနေမဲ (၇)မဲဖြင့် ကန့်ကွက်မဲများသည့်အတွက် အဆိုအားအတည်မပြုဘဲ မှတ်တမ်းအဖြစ်သာ ထားရှိခဲ့ခြင်းဖြစ်သည်။

ယင်းအဆိုနှင့်ပတ်သက်၍ ပေါက်တောမဲဆန္ဒနယ်မှ ဦးအောင်ကျော်ဇံက ဆွေးနွေးရာတွင် "ဒီပြဿနာဟာ တချို့ပုဂ္ဂိုလ်တွေမြင်သလို လူမျိုးရေး၊ ဘာသာရေးပြဿနာ မဟုတ်ပါဘူး။ တရားမဝင် အခြေချနေထိုင်လာသူတွေကြောင့် ဖြစ်တဲ့ပြဿနာပါ။ ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေဟာ နိုင်ငံတကာစံနှုန်း၊ မြန်မာနိုင်ငံရဲ့ ပထဝီအနေအထား၊ သမိုင်းကြောင်း ဖြစ်ပေါ်တိုးတက်မှုတို့အပေါ် အခြေခံပြီး ရေးဆွဲထားတာကြောင့် စံချိန်မီဥပဒေတစ်ရပ်ဖြစ်ပါတယ်။ ဥပဒေတစ်ရပ်ပြဋ္ဌာန်းပြီးရင် အသက်ဝင်ဖို့၊ လက်တွေ့ကျင့်သုံးဖို့လိုပါတယ်"ဟု ဆွေးနွေးသည်။

လှည်းကူးမဲဆန္ဒနယ်မှ ဦးသိန်းတန်က "မြန်မာနိုင်ငံသား ဟုတ်၊ မဟုတ် မခွဲခြားနိုင်သေးခင် ယာယီသက်သေခံလက်မှတ် White Card ထုတ်ပေးတဲ့ ဦးရေက ငါးသိန်းကိုးသောင်းကျော်ရှိနေပါတယ်။ အခု White Card ရုပ်သိမ်းသွားတဲ့အတွက် သူတို့ကို ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေနဲ့ ဆောင်ရွက်ပေးဖို့လိုအပ်နေပါတယ်။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၄၆ မှာ "နိုင်ငံသားဖြစ်ခြင်းသည် ဥပဒေဖြင့် ပြဋ္ဌာန်းသည့်အတိုင်းဖြစ်ရမည်ဟု ပါရှိပြီးဖြစ်ပါတယ်။ နိုင်ငံသားဖြစ်ထိုက်သူများ မဖြစ်သေးခြင်း၊ နိုင်ငံသားပြုခွင့်မရသူများ ရနေခြင်းတို့နဲ့ ပတ်သက်ပြီး ဝေဖန်သံများ ကြားနေရပါတယ်။ ကောင်းမွန်သောနိုင်ငံသားဥပဒေရှိလျက် နိုင်ငံသားစိစစ်ရေးလုပ်ငန်းကို အချိန်နဲ့တစ်ပြေးညီထိရောက်စွာ မဆောင်ရွက်နိုင်ခြင်းဟာ အဂတိတရားမကင်းတဲ့ ကိစ္စများပါဝင်သလို သက်ဆိုင်ရာဦးစီးဌာနအဆင့်ဆင့်ရှိ ဝန်ထမ်းအင်အားမလုံလောက်မှုလည်း ရှိနေပါတယ်"ဟု ဆွေးနွေးတင်ပြသည်။

"ဘယ်သူဟာ နိုင်ငံသားဖြစ်တယ်။ ဧည့်နိုင်ငံသားဖြစ်တယ်ဆိုတာကို တည်ဆဲဥပဒေအရ စိစစ်ဖို့လိုပါတယ်။ ဒီကနေ့လို နည်းပညာတွေပေါက်ကွဲနေတဲ့ခေတ်၊ နိုင်ငံတကာ အကြမ်းဖက်ဝါဒတွေပျံ့နှံ့နေတဲ့ခေတ်မျိုးမှာ ဒါကို အမျိုးသားလုံခြုံရေးအရ လုပ်ရမယ့်ကိစ္စလို့ယူဆပါတယ်။ ဒီမိုကရေစီစနစ်အောင်မြင်ဖို့ဆိုရင် တရားဥပဒေစိုးမိုးရေးဟာအရေးကြီးပါတယ်။ နိုင်ငံသားစိစစ်မှု အားနည်းခြင်းဟာ တရားဥပဒေစိုးမိုးမှုကို အားနည်းပြီး မမျှော်လင့်နိုင်တဲ့ ဆုံးရှုံးမှုကြီးတွေ ဖြစ်ပေါ်လာနိုင်တယ်ဆိုတာကို ၂၀၁၂ ခုနှစ် အရေးအခင်းက သက်သေပြသွားပြီးဖြစ်ပါတယ်။ အမျိုးသားလုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ဒီမိုကရေစီနိုင်ငံသစ် တောင့်တင်းခိုင်မာရေးကို ဦးထိပ်ထားပြီး နိုင်ငံသားစိစစ်ခြင်းလုပ်ငန်းကို ဆောင်ရွက်ရပါလိမ့်မယ်။ အကောင်အထည်ဖော်ရာမှာ ပျော့ပျောင်းညင်သာဖို့၊ စိတ်ရှည်သည်းခံဖို့၊ ဥပဒေကိုလေးစားလိုက်နာဖို့ လိုပါတယ်"ဟု မြောက်ဦးမဲဆန္ဒနယ်မှ ဦးဦးလှစောက အကြံပြုဆွေးနွေးသည်။

မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်းက "အကြောင်းကြောင်းကြောင့် ကျွန်တော်တို့နိုင်ငံမှာ နိုင်ငံသားမဟုတ်သူတွေ နည်းမျိုးစုံနဲ့ရှိနေပါတယ်။ ဒီလိုအရောအနှောကို ခွဲခြားဖို့လိုပါတယ်။ ခွဲခြားနိုင်မယ့် ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေလည်းရှိပါတယ်။ နိုင်ငံသားဖြစ်၊ မဖြစ် စိစစ်ရေးလုပ်ငန်းဟာ ပြည်တွင်းရေးကိစ္စဖြစ်ပေမယ့် ဥပဒေနဲ့အညီ စစ်ဆေးဖို့ နှောင့်နှေးခဲ့တာကြောင့် တချို့လူပုဂ္ဂိုလ်အဖွဲ့အစည်းများက နိုင်ငံတကာပြဿနာအဖြစ် ပုံဖော်ခြင်း၊ ဝင်ရောက်စွက်ဖက်ခြင်းများ ရှိနေပါတယ်။

နိုင်ငံတော်အကြီးအကဲများကလည်း ရိုဟင်ဂျာမရှိဘူးဆိုတာ ပြောကြားပြီးဖြစ်ပါတယ်။ ဒီကိစ္စကို အစိုးရက အကောင်အထည်မဖော်နိုင်ဘူးဆိုရင် တရားဥပဒေစိုးမိုးရေးကို မလုပ်နိုင်တာဖြစ်ပါတယ်။ ကိုယ့်နိုင်ငံသားတွေ နေစရာမရှိလို့ မြေလွတ်မြေရိုင်းတွေမှာ တဲပျက်၊ အိမ်ပျက်ကလေး ဆောက်ပြီးနေကြတာကို ဥပဒေနဲ့အညီဆိုပြီး မြေလှန်ဖျက်ဆီးပစ်တဲ့ လုပ်ရပ်တွေနဲ့ယှဉ်ရင် ဘင်္ဂါလီတွေနေထိုင်တဲ့ ဒုက္ခသည်စခန်းတွေ၊ ကျေးရွာတွေကျတော့ နိုင်ငံသားစိစစ်ရေးမလုပ်နိုင်ဘူးဆိုတဲ့ အကြောင်းပြချက်ကို ကြားရတော့ ရင်နာနာနဲ့ ငိုရမလို၊ ရယ်ရမလို ဖြစ်ပါတယ်။ နိုင်ငံသားစိစစ်ရေးကို ရယူချင်တယ်ဆိုရင် ဥပဒေနဲ့အညီ အစစ်အဆေးခံယူရမှာဖြစ်ပါတယ်။ မှန်ကန်သူတွေဟာ ဥပဒေရဲ့အဆုံးအဖြတ်ကို ခံယူရမှာမကြောက်ပါဘူး" ဟု ဆွေးနွေးသည်။



အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက ရက် ၁၀၀ စီမံချက်ဖြင့် ဆောင်ရွက်ရမည့်လုပ်ငန်းများထဲတွင် ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေနှင့်အညီ နိုင်ငံသားစိစစ်ရေးလုပ်ငန်းကို ဦးစားပေးလုပ်ငန်းစဉ်အဖြစ် ဆောင်ရွက်ရန် စီစဉ်ထားပြီးဖြစ်ကြောင်း၊ နိုင်ငံသားဥပဒေနှင့်အညီ စိစစ်ရေးလုပ်ငန်းများကို လုပ်ဆောင်သည့်အခါ လုံခြုံမှုနှင့် တည်ငြိမ်အေးချမ်းမှုရှိရေးသည် မရှိမဖြစ်လိုအပ်ချက်ဖြစ်ကြောင်း။

ယခင်အတွေ့အကြုံများကိုအခြေခံပြီး ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီ၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်နှင့် ရပ်ကွက်/ကျေးရွာအုပ်စု စိစစ်ရေးကော်မတီများကို အဆင့်ဆင့်စနစ်တကျဖွဲ့စည်းပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဆောင်ရွက်သည့်နေရာတွင် ပြည်သူကို ဗဟိုပြုပြီး ပွင့်လင်းမြင်သာစွာ ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ဥပဒေနှင့်အညီ နယ်စပ်ဒေသများအပါအဝင် နိုင်ငံတစ်ဝန်းလုံးတွင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

လုပ်ငန်းများသည်အလွန်ကြီးမားသည့်အပြင် စိန်ခေါ်မှုများလည်း အများအပြားရင်ဆိုင်ရမည်ဖြစ်ကြောင်း၊ ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုသည် ယခုလုပ်ငန်းများအောင်မြင်ရေးအတွက် အလွန်အရေးကြီးကြောင်း၊ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးရန် အနူးအညွတ်ပန်ကြားလိုကြောင်း၊ အစိုးရ၏ ရက် ၁၀၀ စီမံချက်တွင် ဦးစားပေးလုပ်ငန်းတစ်ခုအနေဖြင့် ဆောင်ရွက်သွားမည်ဖြစ်သည့်အတွက် အဆိုအားမှတ်တမ်းအဖြစ်ထားရှိရန် လွှတ်တော်သို့တင်ပြခဲ့သည်။

ပြီးခဲ့သည့် အစိုးရလက်ထက်တွင် ရခိုင်ပြည်နယ် မြို့နယ် ၁၄ မြို့နယ်၌ အိမ်ထောင်စုလူဦးရေစာရင်းစစ်ဆေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ရိုဟင်ဂျာအရေးတောင်းဆိုမှုနှင့်အတူ အကြမ်းဖက်မှုများဖြစ်လာသည့်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ဝန်ထမ်းများ ထိခိုက်ဒဏ်ရာရရှိခဲ့ကြသည်။ ထိုသို့ လုံခြုံရေးအာမခံချက်မပေးနိုင်ခြင်းကြောင့် စာရင်းကောက်လုပ်ငန်းများကို ရပ်ဆိုင်းခဲ့ရကြောင်း သိရသည်။ **(သတင်းစဉ်)**

# ကလေးငယ်များအတွက် အသည်းရောင်အသားဝါဘီပိုးကာကွယ်ဆေးများ လုံလောက်စွာထုတ်လုပ်နိုင်ခြင်းမရှိ

**နေပြည်တော် မေ ၂၀**

နိုင်ငံတော်မှ ကလေးငယ်များအတွက် လုံခြုံစိတ်ချရသော အသည်းရောင်အသားဝါဘီပိုးကာကွယ်ဆေးများ လုံလောက်စွာ ထုတ်လုပ်နိုင်ခြင်းမရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ယနေ့ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် ပြောကြားလိုက်သည်။

သို့သော် အသက်(၂)လ၊ (၄)လနှင့်(၆)လအရွယ်တွင် အသည်းရောင် အသားဝါ (ဘီ)ကာကွယ်ဆေးပါဝင်သည့် (၅)မျိုးစပ်ကာကွယ်ဆေးကို လုံလောက်စွာ ထိုးနှံပေးလျက်ရှိကြောင်း၊ လိုအပ်ချက်ရှိပါကလည်း ကျန်းမာရေးဝန်ကြီးဌာန၏ ရန်ပုံငွေဖြင့် အရည်အသွေးကောင်းမွန်စိတ်ချရသည့် အသည်းရောင်အသားဝါ (ဘီ)ကာကွယ်ဆေးများကိုဝယ်ယူပြီး ကလေးငယ်များကို ထိုးနှံပေးရန် စီစဉ်မည်ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားသည်။

သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦး၏ နိုင်ငံတော်မှ ကလေးငယ်များအတွက် လုံခြုံစိတ်ချရသော အသည်းရောင်အသားဝါ ဘီပိုးကာကွယ်ဆေးများ လုံလောက်စွာ ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ခြင်း သို့မဟုတ် ဝယ်ယူဖြန့်ဖြူးပေးနိုင်ခြင်း ရှိ၊ မရှိ၊ ပြည်တွင်းပြည်ပမှ တင်သွင်းသော ဆေးဝါးများအား မည်ကဲ့သို့ စိစစ်ကြပ်မတ်စစ်ဆေးသည်ကို သိရှိလိုကြောင်း မေးမြန်းချက်အပေါ် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ယခုကဲ့သို့ ဖြေကြားခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံတွင် လူကြီးများအတွက် အသည်းရောင်အသားဝါ(ဘီ)ကာကွယ်ဆေးကို စက်မှုဝန်ကြီးဌာန မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံမှ ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိကြောင်း၊ ကာကွယ်ဆေးအသုတ်လိုက်ထုတ်လုပ်ရာတွင် Lot Release Certificate များ ရရှိပါက အဆိုပါစက်ရုံမှဝယ်ယူ၍ မွေးကင်းစကလေးငယ်များအတွက်သုံးစွဲရန် ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ယခုအခါ Lot Release Certificate မရှိသေးကြောင်း။



သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦး။



ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး။

ပြည်တွင်းပြည်ပမှ ထုတ်လုပ်တင်သွင်းသောဆေးဝါးများကို ကောင်းမွန်သော ထုတ်လုပ်မှုကျင့်စဉ် ရှိ၊ မရှိ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA)မှ စစ်ဆေးဆောင်ရွက်ပါကြောင်း၊ ကောင်းမွန်သော သိုလှောင်မှုစနစ် ရှိ၊ မရှိ ဖွင့်လှစ်ခွင့်ပြုထားသော ဆေးဆိုင်များတွင် လုံလောက်သော အအေးထိန်းစနစ် ထား၊ မထား စစ်ဆေးခြင်းနှင့် နမူနာ Sample ပြန်လည်ဝယ်ယူ၍ အရည်အသွေး၊ အာနိသင်ဘေးအန္တရာယ် ကင်းရှင်းမှု ရှိ၊ မရှိ စစ်ဆေးခြင်းကို (၃)လတစ်ကြိမ် မြန်မာနိုင်ငံအနှံ့တွင် ပုံမှန်ဆောင်ရွက်လျက်ရှိပါကြောင်း။

ကုမ္ပဏီများမှတင်သွင်းလိုသော ဆေးဝါးနှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို ဦးစွာတင်ပြရကြောင်း၊ အကြိုစစ်ဆေးလေ့လာခြင်းကို ကျွမ်းကျင်ပညာရှင်အဖွဲ့များဖြင့် လေ့လာကြောင်း၊ အရည်အသွေး၊ အာနိသင်၊ အန္တရာယ်ကင်းရှင်းမှု ရှိ၊ မရှိကို ဓာတ်ခွဲစစ်ဆေးကြောင်း၊ အဆုံးအဖြတ်မပေးနိုင်သော ဆေးဝါးများကို ကမ္ဘာ့အဆင့်အတန်းမြင့် ဓာတ်ခွဲခန်း USP Convention Laboratory MD သို့ပို့ကြောင်း၊ ဓာတ်ခွဲခန်း အဖြေများကောင်းမွန်ပါက လိုအပ်ချက်အပေါ် မူတည်၍ တင်သွင်းခွင့်ပြုကြောင်း ဖြေကြားသည်။

ပြီးခဲ့သည့် မတ်လက ပဲခူးမြို့၌ ပြင်ပဆေးဆိုင်မှဝယ်ယူသည့် အသည်းရောင် အသားဝါဘီပိုးကာကွယ်ဆေးဖြင့် ကလေးငယ် (၂၈) ဦးကို ထိုးနှံရာမှ (၃)ဦး သေဆုံးကာ (၇)ဦးကို ရန်ကင်းကလေးဆေးရုံကြီးတွင် အထူးကြပ်မတ်ကုသပေးရပြီး ကျန်ကလေးငယ်များကို ပဲခူးဆေးရုံကြီးတွင် ကြပ်မတ်ကုသပေးခဲ့ရသည့် ဖြစ်စဉ်များ ဖြစ်ပွားခဲ့သည်။ **(သတင်းစဉ်)**

# ပြည်ထောင်စုရှေ့နေချုပ်၏ လမ်းညွှန်ချက်များ ထပ်ဆင့်ရှင်းလင်း

**မော်လမြိုင် မေ ၂၀**

ပြည်ထောင်စုရှေ့နေချုပ်၏ လမ်းညွှန်ချက်များ ထပ်ဆင့်ရှင်းလင်းသည့်အခမ်းအနားကို မေ ၂၀ ရက်က မွန်ပြည်နယ် ဥပဒေချုပ်ရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မွန်ပြည်နယ် ဥပဒေချုပ် ဒေါ်အေးအေးမို့က ပြည်ထောင်စုရှေ့နေချုပ်၏ လမ်းညွှန်မှာကြားချက်များ၊ မွန်ပြည်နယ်ဥပဒေအရာရှိ ဦးမြင့်အောင်က ပြည်ထောင်စုရှေ့နေချုပ်ရုံးရှိ ဦးစီးဌာန လေးခု၏ ဖွဲ့စည်းပုံ၊ လုပ်ငန်းဆောင်ရွက်ပုံ၊ စည်းမျဉ်းစည်းကမ်းများ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး နည်းဥပဒေများ၊ တရားစွဲနှင့် အမှုလိုက်ဆိုင်ရာ ညွှန်ကြားချက်များ၊ စီမံရေးရာဦးစီးဌာန၏ ညွှန်ကြားချက်များ၊ လာဘ်ပေးလာဘ်ယူကင်းရှင်းရေးကိစ္စများ၊ ပြည်သူကို ဥပဒေအသိပညာပေးရေးလုပ်ငန်းများ၊ ဥပဒေပညာပြန့်ပွားရေးလုပ်ငန်းများကို သိရှိလိုက်နာဆောင်ရွက်ရန် ထပ်ဆင့်ရှင်းလင်းဆွေးနွေးခဲ့သည်။

ယင်းနောက် မွန်ပြည်နယ်အတွင်းရှိ ခရိုင်ဥပဒေအရာရှိများနှင့် မြို့နယ်ဥပဒေအရာရှိများက နိုင်ငံတော်၏ ရက် ၁၀၀ စီမံချက်ကာလအတွက် ဥပဒေရုံးအသီးသီး၌ အကောင်အထည်ဖော်ဆောင်ရွက်နေမှုလုပ်ငန်းစဉ်ကဏ္ဍခုနစ်ရပ်ကို ကဏ္ဍအလိုက် ရှင်းလင်းတင်ပြသည်။

**(ခရိုင်မြန်/ဆက်)**

# နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့် ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်း အတည်ပြု

**နေပြည်တော် မေ ၂၀**

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြုပေးပို့လာသည့် နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍လွှတ်တော် ဥက္ကဋ္ဌက ကန့်ကွက်သူမရှိသည့်အတွက် ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း အတည်ပြုကြောင်း ယနေ့ကျင်းပသည့် အမျိုးသားလွှတ်တော် အစည်းအဝေး ၂၇ ရက်မြောက်နေ့တွင် ကြေညာသည်။


ဒုတိယအကြိမ်အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး ၂၇ ရက်မြောက်နေ့ကျင်းပစဉ်။

ထို့နောက် ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဆန်းမြင့် အဆိုတင်သွင်းသည့် ရေချိုငါးလုပ်ငန်းဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ကန့်ကွက်သူမရှိ အတည်ပြုသည်။

ယင်းနောက် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမင်းဦး တင်သွင်းသည့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် (၁၀)ဦးက ရပ်/ကျေး အုပ်ချုပ်ရေးမှူး၏ပညာအရည်အချင်း သတ်မှတ်ချက်၊ လုပ်ငန်းတာဝန် သတ်မှတ်ချက်တို့ကို အဓိကထား ဆွေးနွေးခဲ့ကြသည်။

အဆိုပါ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ မေ ၂၄ ရက်တွင် ကျင်းပမည့် အမျိုးသားလွှတ်တော် အစည်းအဝေးတွင် ဆက်လက်ဆွေးနွေးမည်ဖြစ်ကြောင်း အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ကြေညာသည်။

**(သတင်းစဉ်)**

## ပြည်ထောင်စုဝန်ကြီးဌာနများအလိုက် ပြောရေးဆိုခွင့်ရှိသူများစာရင်း ထုတ်ပြန်

**နေပြည်တော် မေ ၂၀**

ပြည်ထောင်စုဝန်ကြီးဌာနများအလိုက် ပြောရေးဆိုခွင့်ရှိသူများ အမည်စာရင်းကို ထုတ်ပြန်ထားကြောင်း သိရှိရသည်။

အဆိုပါ ဝန်ကြီးဌာနအလိုက် ပြောရေးဆိုခွင့်ရှိသူများ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကို မေ ၂၃ ရက် မွန်းလွဲ ၁၂ နာရီခွဲမှ ညနေ ၅ နာရီအထိ နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသွားမည်ဖြစ်သည်။

ညှိနှိုင်းအစည်းအဝေးတွင် မီဒီယာနှင့်ထိတွေ့ဆောင်ရွက်မည့် အခြေအနေများ ညှိနှိုင်းဆွေးနွေးခြင်း၊ ပြောရေးဆိုခွင့်နှင့် ပတ်သက်သည့် အတွေ့အကြုံများ ညှိနှိုင်းဖလှယ်ခြင်း၊ သတင်းထုတ်ပြန်ခြင်းနှင့် သတင်းစာရှင်းလင်းပွဲများ ပြုလုပ်နိုင်ရေးတို့နှင့် ပတ်သက်သည့် အစီအမံများကို ဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ၂၀၁၆ ခုနှစ် ဇွန်လအတွင်းတွင်လည်း ယူနက်စကို အပါအဝင် မီဒီယာဖွံ့ဖြိုးတိုးတက်မှု ဆောင်ရွက်နေသည့် အဖွဲ့အစည်းများနှင့် ညှိနှိုင်းကာ ပြောရေးဆိုခွင့်နှင့် ပတ်သက်သည့် သင်တန်းများကို ဆက်လက်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

ပြည်ထောင်စုဝန်ကြီးဌာနများအလိုက် ပြောရေးဆိုခွင့်ရှိသူများစာရင်းကို www.moi.gov.mm နှင့် MOI Webportal Myanmar ဖေ့ဘွတ်တို့တွင် ကြည့်ရှုနိုင်ကြသည်။

**(သတင်းစဉ်)**

# ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေး

**နေပြည်တော် မေ ၂၀**

ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမင်းဦး တင်သွင်းသည့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေး ဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ယနေ့ကျင်းပသည့် အမျိုးသားလွှတ်တော် အစည်းအဝေးတွင် ဆွေးနွေးကြသည်။

အဆိုပါ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ယနေ့ဆွေးနွေးသည့်အချက်များသည် အရေးကြီးသည့်အတွက် သတ်မှတ်ခွင့်ပြုချိန် ၁၀ မိနစ်ဖြင့် မလုံလောက်ပါက ၅ မိနစ်ထပ်မံခွင့်ပြုပေးမည့်အပြင် ဆွေးနွေးရာ၌ လူပုဂ္ဂိုလ် တစ်ဦးတစ်ယောက်၊ အဖွဲ့အစည်းများကို ထိခိုက်မည့်အသုံးအနှုန်းများကို ရှောင်ရှား၍ အဆိုနှင့်ပတ်သက်သည့် အချက်ကိုသာ တင်ပြဆွေးနွေးကြရန် လွှတ်တော်ကိုယ်စားလှယ်များကို သတိပေးပြောကြားသည်။

ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးကျော်နီနိုင်က နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားများကို ကာကွယ်စောင့်ရှောက်ပြီး တစ်နိုင်ငံလုံးကို လွှမ်းခြုံနိုင်သော ဥပဒေဖြစ်ရေးအတွက် စဉ်းစားဆုံးဖြတ်ပေးကြပါရန် အကြံပြုလိုပါကြောင်း၊ တိုင်းရင်းသားအများစုနေထိုင်သည့် ဝေးလံခေါင်သီသော တောင်ပေါ်ဒေသများအတွင်းရှိ ပြည်သူများ၏ ပညာအရည်အချင်းကို ကန့်သတ်ပါက တိုင်းရင်းသားပြည်သူများအနေဖြင့် ရပ်ကျေးအုပ်ချုပ်ရေးမှူး ရွေးချယ်ရာ၌ အခက်အခဲများစွာ ကြုံတွေ့နိုင်ပါကြောင်း၊ ထို့ကြောင့် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် ပုဒ်မ(၅)၊ ပုဒ်မခွဲ (ဂ)ပါ အခြေခံပညာ မူလတန်းအဆင့်နှင့်ညီမျှသော ပညာအရည်အချင်း အောင်မြင်ပြီးသူဖြစ်ခြင်းကို မူလပြဋ္ဌာန်းချက်အတိုင်း သင့်တင့်သော ပညာအရည်အချင်းရှိသူဖြစ်ခြင်းဟု မူလအတိုင်းထားရှိပေးရန် လွှတ်တော်သို့ အကြံပြုပါကြောင်း ဆွေးနွေးသည်။

မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးကျော်မြင့်ဦးက အခန်း(၈) ပုဒ်မ(၁၅)၌ ပုဒ်မခွဲ(ဆ)အဖြစ် ဤဥပဒေ၏ အခန်း(၇)ပါ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ လုပ်ငန်းတာဝန်များ ပျက်ယွင်းခြင်းကို ရပ်ကွက်အတွင်းနေ အိမ်ထောင်စု ၃၀ ရာခိုင်နှုန်းထံမှ တိုင်ကြားခံရခြင်း ဆိုသည့် အချက်ကို ထည့်သွင်းရေးဆွဲလိုပါကြောင်း၊ ထိုသို့ထည့်သွင်းရခြင်းသည် အခန်း(၇)ပါ အချက်များအပြင် မြေပြင်၌ အိမ်ထောင်စုလူဦးရေစာရင်း (သန်းခေါင်စာရင်း)နှင့် မှတ်ပုံတင်ပြုလုပ်ရန် ရပ်ကွက်အုပ်ချုပ်ရေးမှူးမှ ရှောင်ရှားခြင်း၊ မသိကျိုးကျွန်ပြုခြင်းများကြောင့် ရပ်ကွက်/ကျေးရွာနေ ပြည်သူများအနေဖြင့် အခက်အခဲများ ကြုံတွေ့နေရခြင်းဖြစ်ပါကြောင်း၊ ထို့ကြောင့် တာဝန်များကို လစ်ဟင်းမှုမရှိအောင် ဆောင်ရွက်နိုင်ရန်အတွက် ပုဒ်မ ၁၅၊ ပုဒ်မခွဲ(ဆ)ကို ဖြည့်သွင်းရေးဆွဲလိုပါကြောင်း ဆွေးနွေးသည်။

ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါ်ရွှေရွှေစိန်လတ်က ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး စုစုပေါင်း ၁၆၀၀၀ ကျော်သည် အရေအတွက်အများဆုံးဖြင့် ဒေသန္တရဖွံ့ဖြိုးရေးနှင့် နိုင်ငံသားများ၏ အကျိုးစီးပွားအတွက် သော့ချက်ကျသည့်နေရာတွင် ကိုယ်စားပြုနေရသူများဖြစ်ပါကြောင်း၊ ထို့ကြောင့် တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းသည် ပိုမိုကောင်းမွန်၍ ဒီမိုကရေစီစံနှုန်းများဖြင့် ကိုက်ညီသည့်အတွက် ယခုပြင်ဆင်ချက်ကို အပြည့်အဝထောက်ခံပါကြောင်း၊ အမျိုးသား အမျိုးသမီး တန်းတူညီမျှရေးအတွက် အခန်း(၄) ပုဒ်မ(၇) အပိုဒ်ခွဲ(ဇ) ပုဒ်မခွဲငယ်(င) အရ ပြုစုထားသည့် အမည်စာရင်းပါ ပုဂ္ဂိုလ်များအနက်မှ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးတစ်ဦးကို အိမ်ထောင်စုတစ်စုစီမှ အိမ်ထောင်ဦးစီး သို့မဟုတ် အသက်(၁၈)နှစ်ပြည့်ပြီးသူ အိမ်ထောင်စုဝင်တစ်ဦးကို လျှို့ဝှက်ဆန္ဒမဲပေး၍ ရွေးချယ်ရမည့်ပြဋ္ဌာန်းချက်ကို အသက်(၁၈) နှစ်ပြည့်ပြီးသူ အမျိုးသား အမျိုးသမီးမရွေး အိမ်ထောင်စုဝင်တစ်ဦးဟူ၍ ပြင်ဆင်လိုပါကြောင်း ဆွေးနွေးသည်။

တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးမျိုးထွန်းအောင်က ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကို ၂၀၁၂ ခုနှစ်တွင် တစ်ကြိမ်၊ ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၁၅ ရက်တွင် တစ်ကြိမ် စုစုပေါင်း နှစ်ကြိမ်ပြင်ဆင်ခဲ့ပါကြောင်း၊ ပြင်ဆင်သည့် ဥပဒေနှစ်ကြိမ်၌ ဧည့်စာရင်းတိုင်ကြားခြင်းနှင့်စပ်လျဉ်းသော ပုဒ်မများဖြစ်သည့် ပုဒ်မ ၁၃(ဆ)၊ ပုဒ်မ ၁၇ နှင့် ပုဒ်မ ၂၇ တို့ကို ပြင်ဆင်ပယ်ဖျက်ခြင်း မပြုခဲ့ပါကြောင်း၊ မြန်မာနိုင်ငံ၏ မည်သည့်ဒေသတွင် နေထိုင်သည့် မည်သည့်တိုင်းရင်းသား နိုင်ငံသားစစ်စစ်ဖြစ်ပါက တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်နှင့် ကျေးရွာများသို့ လွတ်လပ်စွာ ဥပဒေနှင့်အညီ သွားလာခွင့်ရှိပါကြောင်း။

တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် အထောက်အကူပြုသည့် တည်ဆဲ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေပါ မူလပြဋ္ဌာန်းချက်များကို ပယ်ဖျက်လိုက်ပါက ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်လုံခြုံရေး၊ တရားဥပဒေ စိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် ကြိုတင်သိရှိ ဖော်ထုတ်ဖမ်းဆီးရမိရန် အခက်အခဲများ ဖြစ်ပေါ်နိုင်ပါကြောင်း၊ ထို့ကြောင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက လုံခြုံရေးအသိကြီးစွာဖြင့် အမျိုးသားလုံခြုံရေး ရှုထောင့်မှ ချင့်ချိန်သုံးသပ်ရန် လိုအပ်ပါကြောင်း၊ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၅၃ နှင့် ပုဒ်မ ၃၅၇ တို့အရ နိုင်ငံတော်သည် နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ နစ်နာဆုံးရှုံးမှု မရှိစေရေး၊ နေအိမ်ဥပစာလုံခြုံရေး၊ ပစ္စည်းလုံခြုံရေး၊ စာပေးစာယူနှင့် အခြားဆက်သွယ်ရေးဆိုင်ရာ လုံခြုံရေးများအတွက် ဥပဒေအရ ကာကွယ်ပေးရမည်ဖြစ်ကြောင်း၊ ဤသို့ အကာအကွယ်ပေးသော ဥပဒေပြဋ္ဌာန်းချက်များကို ပယ်ဖျက်လိုက်ပါက ဖော်ပြပါ ဘေးအန္တရာယ်ပြုမှုဖြစ်စဉ်များ ပေါ်ပေါက်လာနိုင်ပြီး နိုင်ငံတော်မှ နိုင်ငံသားများအား ဥပဒေအရ အကာအကွယ်ပေးနိုင်မှု ပျက်ယွင်းသွားမည်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဌေးဦးက ရပ်/ကျေး ဥပဒေ၏ ပြဋ္ဌာန်းချက်ပါ ရပ်/ကျေးအုပ်ချုပ်ရေးမှူးနှင့် ဆယ်အိမ်စုမှူးများ ရွေးချယ်ရာ၌ အဓိက အခြေခံထားသည့် အိမ်ထောင်စုလူဦးရေစာရင်း(သန်းခေါင်စာရင်း) ပုံစံ ၆၆/၆ ကို ရည်ညွှန်းထားပါကြောင်း၊ သို့ရာတွင် ပုံစံ ၆၆/၆ မရှိသည့်ဒေသများ၊ လူများနှင့် နေရာများ၌ ရွေးချယ်လိုက်သည့်အုပ်ချုပ်ရေးမှူးနှင့် ဆယ်အိမ်မှူးများသည် ယခုဥပဒေနှင့် ကိုက်ညီမှုမရှိသည်ကို တွေ့ရှိရပါကြောင်း၊ ထို့ကြောင့် မိမိတို့ နိုင်ငံသည် အကြောင်းအမျိုးမျိုးကြောင့် သန်းခေါင်စာရင်း မှတ်ပုံတင်မရှိသော နေရာအများကြီးရှိသည်ကို အားလုံးသိရှိပြီးဖြစ်ပါကြောင်း၊ နှစ်ပေါင်းများစွာ နိုင်ငံ၏ အထူးသဖြင့် နယ်စွန်နယ်ဖျားရှိ တိုင်းရင်းသားဒေသများ၌ အသက်ထက်ဆုံး နေထိုင်သွားကြသော်လည်း သန်းခေါင်စာရင်းနှင့် မှတ်ပုံတင်မရှိသူ များစွာရှိသည်ကို သိရှိကြမည်ဖြစ်ပါကြောင်း၊ ထို့အတူ မှတ်ပုံတင်နှင့် သန်းခေါင်စာရင်း မရှိသော အခြားနေရာများစွာလည်း ရှိပါကြောင်း။


ရှမ်းပြည်နယ်
မဲဆန္ဒနယ်အမှတ်(၁၁)မှ
ဦးကျော်နီနိုင်


မန္တလေးတိုင်းဒေသကြီး
မဲဆန္ဒနယ်အမှတ်(၁၀)မှ
ဦးကျော်မြင့်ဦး

အဆိုပါ တောင်ပေါ်ဒေသမှ သန်းခေါင်စာရင်း မရှိသူများနှင့် ကျူးကျော်ရပ်ကွက်တွင် သန်းခေါင်စာရင်း မရှိကြသူများသည် နိုင်ငံခြားသားများ မဟုတ်ပါကြောင်း၊ ၎င်းတို့အနေဖြင့် နိုင်ငံသားအခွင့်အရေးနှင့် လူ့အခွင့်အရေးများ အပြည့်အဝရရှိသင့်ပါကြောင်း၊ ထို့ပြင်တခြားရပ်ကွက်နှင့် ကျေးရွာများကဲ့သို့ အုပ်ချုပ်ရေးအဖွဲ့အစည်းများလည်း ရှိပါကြောင်း၊ ထို့ကြောင့် ယခုဥပဒေကို ပြင်ဆင်ရခြင်းသည် မူရင်းဥပဒေ၏ ပုဒ်မ ၂(ည)ပါ အိမ်ထောင်ဦးစီးဆိုသည်မှာ သက်ဆိုင်ရာဥပဒေအရ သတ်မှတ်ထားသော အိမ်ထောင်စု လူဦးရေစာရင်းပုံစံတွင် အိမ်ထောင်ဦးစီးအဖြစ် ဖော်ပြခံထားရသူကိုဆိုလိုသည် အစား အိမ်ထောင်ဦးစီးဆိုသည်မှာ သက်ဆိုင်ရာ ဥပဒေအရသတ်မှတ်ထားသော အိမ်ထောင်စု လူဦးရေစာရင်းပုံစံ (သို့မဟုတ်) အိမ်ထောင်စုလူဦးရေစာရင်း ပုံစံ ၆၆/၆ ရှိသူဖြစ် သို့မဟုတ် မရှိသူကို အိမ်ထောင်စု၏ အကြီးအကဲကို ဆိုလိုသည်ဟု ပြင်ဆင်လိုပါကြောင်း၊ ထို့အတူ နည်းဥပဒေများကိုလည်း ပြင်ဆင်ရန်လိုအပ်ပါကြောင်း၊ သို့မှသာ သန်းခေါင်စာရင်းမရှိသော နိုင်ငံသားများအနေဖြင့် ခွဲခြားနိမ့်ချဆက်ဆံခံရသည့် ဘဝမှ နိုင်ငံသားများနှင့် တစ်တန်းတည်း နိုင်ငံသားအခွင့်အရေးနှင့် လုံခြုံမှုအခွင့်အရေးများကို ရရှိခံစားခွင့်ရမည်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမျိုးဝင်းက ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ မည်သို့လုပ်ကိုင် ဆောင်ရွက်နေသည်ကို ရပ်ကွက်နေပြည်သူများက အမြဲတွေ့မြင်နေရပြီး မဟုတ်မမှန်လုပ်ကိုင်သည်ကိုလည်း သိရှိကြပါကြောင်း၊ ထိုသို့ သိရှိသည်ကို အချိန်မရွေး တင်ပြပြောဆိုနိုင်သော အခွင့်အလမ်းတစ်ရပ်ကို ဖန်တီးပေးခြင်းဖြင့် ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ၏ မလျော်မကန်ပြုလုပ်မှုများကို အလွယ်တကူ ထိန်းညှိပေးနိုင်ရန်အတွက် ရပ်/ကျေးအုပ်ချုပ်ရေးမှူး ရွေးကောက်ပွဲအတွင်း ဩဇာတိက္ကမရှိသူများနှင့် ဖွဲ့စည်းထားသည့် ကြီးကြပ်ရေးအဖွဲ့ဝင် ၅ ဦးကို တိုင်ကြားမှု လက်ခံထိန်းညှိရေးအဖွဲ့ဝင်များအဖြစ် အုပ်ချုပ်ရေးမှူး သက်တမ်းတစ်လျှောက် ဆက်လက်သုံးစွဲသွားပါက အုပ်ချုပ်ရေးမှူးကို အနီးကပ်စောင့်ကြည့် ထိန်းညှိနိုင်မည်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

**(သတင်းစဉ်)**

# ပဲရစ်အခြေခံမူများနှင့် အမျိုးသားလူ့အခွင့်အရေး

**ကိုစစ်(လူမှု)**

ဒုတိယကမ္ဘာစစ်ကြီးကြောင့် "ကုလသမဂ္ဂအဖွဲ့" (United Nations - UN) ပေါ်ပေါက်လာသည်။ ဒုတိယကမ္ဘာစစ်ကြီးအတွင်း လူ့အသက်ပေါင်းများစွာ ဆုံးရှုံးခဲ့သည်။ အပြစ်မဲ့ ပြည်သူများ သန်းချီသေဆုံးကြရသည်။ ဥပမာ-ဂျာမန်နာဇီနှင့် ဂျာမန်တပ်မတော်က ဂျူးလူမျိုး (အစ္စရေးလူမျိုး)များအား လူမျိုးသုဉ်းသတ်ဖြတ်သည်။ အမေရိကန်က ဂျပန်နိုင်ငံ ဟီရိုရှီးမားနှင့် နာဂါစကီမြို့များပေါ်သို့ အဏုမြူဗုံးတစ်လုံးစီ ကြဲချခဲ့ခြင်းဖြင့် အသက်ပေါင်းများစွာ ဆုံးရှုံးပြီးနောက် ဒုတိယကမ္ဘာစစ်ကို အဆုံးသတ်စေခဲ့သည်။

ဤသို့သော လူ့အခွင့်အရေးချိုးဖောက်မှုများ ကာကွယ်တားဆီးနိုင်ရန်နှင့် မြှင့်တင်နိုင်ရန် နှစ်စဉ်ကျင်းပမြဲ အထွေထွေညီလာခံကြီး (United Nations General Assembly UNGA)က "ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း" "Universal Declaration of Human Rights- UDHR" ကို ၁၉၄၈ ခုနှစ် ဒီဇင်ဘာလ ၁၀ ရက်နေ့က အများသဘောတူ အတည်ပြုဆုံးဖြတ်ခဲ့ကြသည်။ UDHR အတည်ပြုရန် မဲပေးခြင်းလုပ်ငန်းစဉ်တွင် အလွန်စိတ်ဝင်စားဖွယ်ရာ ဖြစ်စဉ်တစ်ခုရှိခဲ့သည်။

ပြည်ထောင်စုမြန်မာနိုင်ငံ (Union of Burma - ထိုစဉ်အသုံးအနှုန်း) က မဲပေးခွင့်ရခဲ့ပြီး ထောက်ခံမဲပေးခဲ့ခြင်း ဖြစ်သည်။ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်က UDHR ကို ၁၇-၄-၂၀၁၃ ရက်နေ့တွင် ပုံနှိပ်၍ စတင်ဖြန့်ဝေခဲ့သည်။ ဤဖြန့်ဝေခြင်းကို သတင်းဌာနအချို့က တရားဝင်ဖြန့်ဝေခြင်းဟု ဖော်ပြခဲ့ကြသည်။

ကုလသမဂ္ဂအဖွဲ့ကြီးက ကမ္ဘာသူ ကမ္ဘာသားများ လူ့အခွင့်အရေးရရှိခံစားနိုင်ရန်၊ ထိန်းသိမ်းကာကွယ်စောင့်ရှောက်နိုင်ရန် ရည်ရွယ်၍ "ကုလသမဂ္ဂ လူ့အခွင့်အရေးကော်မရှင်" "United Nations Commission on Human Rights" ကို ၁၉၄၆ ခုနှစ်တွင် ဖွဲ့စည်းပေးခဲ့သည်။ ယနေ့အချိန်တွင်တော့ ဤကော်မရှင်ကို "ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီ" "United Nations Human Rights Council" ဟု ပြင်ဆင်ဖွဲ့စည်း၍ ပြောင်းလဲခေါ်ဝေါ်လျက်ရှိသည်။ ဤကောင်စီမှပင် ကျွန်တော်တို့မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေများအပေါ် လေးနှစ် တစ်ကြိမ်သုံးသပ်၍ ဆုံးဖြတ်ချက် (Resolutions) များချမှတ်၍ ဖိအားပေးလျက်ရှိသည်။

ကုလသမဂ္ဂမှာ လူ့အခွင့်အရေးကော်မရှင်ရှိပြီဆိုတော့ ကမ္ဘာ့အနောက်ခြမ်းက အချို့နိုင်ငံတွေမှာလည်း "အမျိုးသားအဆင့် လူ့အခွင့်အရေးကော်မရှင်" သို့မဟုတ် "အမျိုးသားအဆင့် လူ့အခွင့်အရေးအဖွဲ့အစည်း" သို့မဟုတ် "လူ့အခွင့်အရေး ခုံသမာဓိ" စသည်ဖြင့် သက်ဆိုင်ရာနိုင်ငံအလိုက် မိမိတို့နိုင်ငံနှင့်ဆီလျော် သင့်တော်မည့် အမည်တပ်၍ ဖွဲ့စည်းခဲ့ကြပါသည်။ ဤ အဖွဲ့အစည်းများကို ခြုံငုံ၍ "အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်း"ဟု ခေါ်ဝေါ်သုံးနှုန်းကြပါသည်။ သို့သော် တစ်ကမ္ဘာလုံးဆိုင်ရာ စံသတ်မှတ်ချက်များမရှိသေး။ မိမိတို့ နိုင်ငံအလိုက် လူ့အခွင့်အရေးဆိုင်ရာ မူဝါဒများချမှတ်၍ သင့်တော်သလို ကောင်းနိုးရာရာ ဆောင်ရွက်ခဲ့ကြခြင်းသာဖြစ်ပါသည်။

ဒီနေ့ကမ္ဘာကြီးကိုပဲကြည့်ပါ။ စစ်မီးလျှံများ၊ အကြမ်းဖက်ပဋိပက္ခများ ဖြစ်ပွားနေသော နိုင်ငံများ၊ ဒေသများနှင့် ကမ္ဘာ့အစိတ်အပိုင်းတို့တွင် လူ့အခွင့်အရေးများ ထိပါးဆုံးရှုံးလျက်ရှိကြသည်။ လုံခြုံအေးချမ်းသော ဘဝများ ရရှိခံစားနိုင်ခြင်းမရှိကြ။ လွန်ခဲ့သော ဆယ်စုနှစ်များစွာက စတင်၍ ဤသို့ဖြစ်ခဲ့ကြသည်။ လူ့အခွင့်အရေးတွေ တိုးတက်ကောင်းမွန်မှသာ လုံခြုံအေးချမ်း၍ နေပျော်ဖွယ်သာယာသော ကမ္ဘာကြီးဖြစ်လာမှာပါ။

ကမ္ဘာကြီးက နည်းလမ်းရှာသည်ရှိသော် လူ့အခွင့်အရေးများ လေးစား၍ တိုးတက်ကောင်းမွန်စေရန် လူ့အခွင့်အရေးအဖွဲ့အစည်းများ စနစ်တကျဖွဲ့စည်းကြရန် လိုအပ်ကြောင်း သိမြင်လာကြသည်။ ဤတာဝန်ကို ကုလသမဂ္ဂက တာဝန်ယူ အကောင်အထည်ဖော်ခဲ့ပါပြီ။ နိုင်ငံတကာ အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများသည် ၁၉၉၁ ခုနှစ်တွင် ပြင်သစ်နိုင်ငံ ပဲရစ်မြို့၌ အပြည်ပြည်ဆိုင်ရာ ဆွေးနွေးပွဲတစ်ရပ် ပြုလုပ်ခဲ့ပါသည်။ ဤဆွေးနွေးပွဲမှ အမျိုးသား လူ့အခွင့်အရေးဆိုင်ရာ အဖွဲ့အစည်းများ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းဆောင်ရွက်ရာတွင် လိုက်နာကျင့်သုံးရမည့် "အခြေခံမူများ" ရေးဆွဲချမှတ်ခဲ့သည်။ ပဲရစ်မြို့တွင် ရေးဆွဲခဲ့၍ "ပဲရစ်အခြေခံမူ" "Paris Principle"ဟု ခေါ်တွင်ခဲ့သည်။ ပဲရစ်အခြေခံမူကို ကုလသမဂ္ဂအထွေထွေညီလာခံကြီး (UNGA) က ၂၀-၁၂-၁၉၉၃ တွင် ဆုံးဖြတ်ချက်အမှတ် (၄၈/၁၃၄)ဖြင့် အတည်ပြုချမှတ်နိုင်ခဲ့ကြသည်။ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံတိုင်းသည် လူ့အခွင့်အရေးဆိုင်ရာ အမျိုးသားအဆင့် အဖွဲ့အစည်းများ ဖွဲ့စည်းပါက ပဲရစ်အခြေခံမူနှင့် အတတ်နိုင်ဆုံးကိုက်ညီအောင် ဖွဲ့စည်းရန်လိုအပ်သလို လွတ်လပ်စွာဆောင်ရွက်ခွင့် (Independence)၊ လူ့အခွင့်အရေးမြှင့်တင်ရေး (Human Rights Promotion) နှင့် လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေး (Human Rights Protection) လုပ်ငန်းများကို ဥပဒေဖြင့် ကျယ်ပြန့်စွာ လုပ်ကိုင်ခွင့်ပေးရမည်ဖြစ်သည်။

နိုင်ငံတစ်နိုင်ငံက လူ့အခွင့်အရေး အဖွဲ့အစည်းတစ်ခု ဖွဲ့စည်းပါက ကုလသမဂ္ဂအဖွဲ့အစည်းများ၊ ကမ္ဘာပေါ်ရှိ လူ့အခွင့်အရေးဆိုင်ရာ အဖွဲ့အစည်းကြီးများကလည်း ပဲရစ်အခြေခံမူနှင့်ညီ၊ မညီ တိုင်းတာမည်၊ အကဲဖြတ်မည်၊ ဝေဖန်မည်၊ သုံးသပ်မည်။ မည်သည့် လူ့အခွင့်အရေးအဖွဲ့အစည်းမှ ပဲရစ်အခြေခံမူ အချက်အားလုံးဖြင့် ညီနိုင်ကြမည် မဟုတ်ပေ။ မိမိနိုင်ငံ၊ မိမိလူမျိုး၊ မိမိကိုးကွယ်ရာဘာသာ၊ နိုင်ငံ၏ ယဉ်ကျေးမှုဓလေ့ထုံးစံများကို ထည့်သွင်းစဉ်းစားပြီး လိုက်နာဆောင်ရွက်ကြသည်ကို တွေ့နိုင်ပါသည်။ သို့သော် လူ့အခွင့်အရေးအဖွဲ့အစည်းများသည် ပဲရစ်အခြေခံမူအများစုဖြင့် ညီညွတ်ကြရန်လိုအပ်ပါသည်။ သို့မှသာ ကုလသမဂ္ဂနှင့် ကမ္ဘာ့လူ့အခွင့်အရေး အသိုင်းအဝိုင်း၏ လက်ခံမှု၊ လေးစားမှုရရှိနိုင်ပေမည်။

ပဲရစ်အခြေခံမူများမှ အရေးကြီးသော၊ သိသင့်သော အချက်အချို့ကို ထုတ်နုတ်ဖော်ပြလိုပါသည်။ အမျိုးသားလူ့အခွင့်အရေးကော်မရှင်/ အဖွဲ့အစည်းတစ်ရပ် ဖွဲ့စည်းခြင်း၊ တာဝန်နှင့် လုပ်ပိုင်ခွင့်ပေးအပ်ခြင်းအား ဖွဲ့စည်းပုံအခြေခံဥပဒေ (သို့မဟုတ်) ကော်မရှင်ဥပဒေအရဖြစ်ရမည်။ လွတ်လပ်စွာ ဆောင်ရွက်ခွင့်ရှိရမည်။ မည်သည့်ပုဂ္ဂိုလ်၊ အဖွဲ့အစည်း၏ကြိုးကြပ်မှု၊ ကွပ်ကဲမှု အောက်တွင်မျှမရှိစေရ။ ကော်မရှင်ကို လူမျိုး၊ ဘာသာ၊ ပညာရပ်စသည်ဖြင့် ကျယ်ကျယ်ပြန့်ပြန့် ပါဝင်နိုင်အောင် ဖွဲ့စည်းရမည်။ လူ့အခွင့်အရေးမြှင့်တင်ရေး (အသိပညာပြန့်ပွားရေး)၊ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးများကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ကိုင်ခွင့်ပေးရမည်။ အစိုးရမှ ရန်ပုံငွေ လုံလောက်စွာ ထောက်ပံ့ပေးရမည်။ ရန်ပုံငွေကို အကြောင်းပြု၍ လွတ်လပ်စွာဆောင်ရွက်ခွင့်ကို ချုပ်ကိုင်ခြင်းမပြုရ။ ရန်ပုံငွေကို လွတ်လပ်စွာ စီမံခန့်ခွဲပိုင်ခွင့်ရှိရမည်။ သီးခြားရုံး၊ သီးခြားဝန်ထမ်းရှိရမည်။ လူ့အခွင့်အရေး ဖောက်ဖျက်၊ ထိပါးခံရမှုများအား ကြည့်ရှုစစ်ဆေးခွင့်ရှိရမည်။ ပြည်တွင်းဥပဒေများသည် နိုင်ငံတော်က အတည်ပြုလက်မှတ်ရေးထိုးထားသော လူ့အခွင့်အရေး သဘောတူစာချုပ်များနှင့် ညီ၊ မညီ အကြံပြုခွင့်ရှိရမည်။ နိုင်ငံတော်သမ္မတ၊ လွှတ်တော်များနှင့် အစိုးရအဖွဲ့အား လူ့အခွင့်အရေးဆိုင်ရာ အစီရင်ခံစာများ၊ အကြံပြုတင်ပြချက်များ တင်ပြခွင့်ရှိရမည်။ ဆောင်ရွက်ချက်နှင့် သုံးသပ်ချက်များ ပြည်သူသို့ တင်ပြခွင့်ရှိရမည်။ ပြည်တွင်း၊ ပြည်ပ အဖွဲ့အစည်းများနှင့် လူ့အခွင့်အရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ခွင့်ရှိရမည် စသည်တို့ ပါရှိပေသည်။

ကျွန်တော်တို့ ကော်မရှင်ဖွဲ့ပြီး တစ်ပတ်ခန့်အကြာတွင် ပထမဆုံးအမေးခံရသော မေးခွန်းမှာ "ခင်ဗျားတို့ ကော်မရှင်ဖွဲ့တာ ပဲရစ်အခြေခံမူနဲ့ ညီပါသလား"ဟု ဖြစ်သည်။ မေးမြန်းသူမှာ ထိုအချိန်က အမေရိကန်သမ္မတ Mr.Berak Obama (အိုဘားမား)၏ အထူးသံတမန် Mr.Derak Michel ဖြစ်သည်။ နောင်တွင် အမေရိကန်က မြန်မာနိုင်ငံကို သံအမတ်ကြီး အဆင့်မြှင့်တင်ထားရှိသော မူဝါဒ ပြောင်းလဲလိုက်သည့်အခါ Mr.Derak Michel မှာ သံအမတ်ကြီးဖြစ်လာသည်။ ကျွန်တော်တို့ ကော်မရှင်၏ အဖြေကတော့ "ပဲရစ်အခြေခံမူနဲ့ ကိုက်ညီရုံမက ပိုတောင်ပိုပါတယ်" ဟု သာသာထိုးထိုးဖြေလိုက်သည်။

နောက်ပိုင်းတွင်လည်း ကုလသမဂ္ဂအဖွဲ့များ၊ နိုင်ငံတကာ အဖွဲ့အစည်းများ၊ သံတမန်များနှင့် ကော်မရှင်တွေ့ဆုံဆွေးနွေးတိုင်း မဖြစ်မနေမေးလေ့ရှိသော မေးခွန်းမှာ "ပဲရစ်အခြေခံမူနဲ့ ညီပါသလား" ဟူ၍သာ ဖြစ်သည်။ ဒီတစ်ခါတော့ ကျွန်တော်တို့ကော်မရှင်က အချက်အလက် အကိုးအကားများနှင့် ပိုင်ပိုင်နိုင်နိုင် ထိထိမိမိဖြေနိုင်ကြပြီး ဖြစ်ပါသည်။ ပဲရစ်အခြေခံမူများနှင့် များစွာကိုက်ညီသော ကော်မရှင်ဥပဒေကို ကိုးကား၍ ကျွန်တော်တို့ ပြောနိုင်ပါပြီ။

"မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင် ဥပဒေ"ကို ၂၈-၃-၂၀၁၄ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့သည်။ ပဲရစ်အခြေခံမူများနှင့် ညီ၊ မညီ ဆန်းစစ်ဖော်ပြပါမည်။ ကော်မရှင်၏ အဓိက အကျဆုံးမူဖြစ်သည့် လွတ်လပ်စွာ ဆောင်ရွက်ခွင့်နှင့် ပတ်သက်၍ ကော်မရှင်၏ ဥပဒေပုဒ်မ (၂၄)တွင် ကော်မရှင်သည်-

(က) မိမိ၏ လုပ်ပိုင်ခွင့်များကို လွတ်လပ်စွာ ဆောင်ရွက်ခွင့်ရှိသည်။

(ခ) ငွေကြေးစီမံခန့်ခွဲမှုနှင့် အုပ်ချုပ်ရေးဆိုင်ရာ ကိစ္စရပ်များကို ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လွတ်လပ်စွာ ဆောင်ရွက်ခွင့်ရှိသည်။

ဟု ပြဋ္ဌာန်းထားပေသည်။ အမှန်တကယ်လည်း လွတ်လပ်စွာ ဆောင်ရွက်လျက်ရှိပေသည်။ အနှောင်အဖွဲ့မရှိသော ထောက်ပံ့ရန်ပုံငွေရရှိလျက်ရှိသည်။ အချို့သတင်းသမားများက ကော်မရှင်၏ လွတ်လပ်စွာ ဆောင်ရွက်နေမှုကို ရှင်းလင်းစွာ မသိရှိကြ၊ "အစိုးရထံမှ ထောက်ပံ့ငွေရယူနေရသဖြင့် အစိုးရ၏ ထိန်းချုပ်မှုရှိနေသလား" သံသယအမေးများရှိသည်။ စိတ်ရှည်လက်ရှည် နားလည်အောင် မကြာခဏ ရှင်းပြရသည်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် သီးခြားရန်ပုံငွေကို အမျိုးသားစီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ ခွင့်ပြုပေးပြီးဖြစ်သည်။ ကော်မရှင်တွင် သီးခြားရုံးရှိသည်။ ကော်မရှင်ပိုင်အရာထမ်း၊ ဝန်ထမ်းများခန့်ထား ဆောင်ရွက်လျက်ရှိသည်။ လူ့အခွင့်အရေး မြှင့်တင်/ကာကွယ်လုပ်ငန်းများကို ကော်မရှင်ဥပဒေနှင့်အညီ ကော်မရှင်၏ ကိုယ်ပိုင်ဆုံးဖြတ်ချက်ဖြင့် လွတ်လပ်စွာ ဆောင်ရွက်လျက်ရှိသည်။ ရှင်းလင်းဖော်ပြရန် များစွာရှိသော်လည်း အထက်ပါ ဖော်ပြချက်များဖြင့် ခန့်မှန်းနိုင်မည်ဟု ယူဆ၍တစ်ကြောင်း၊ စာရှည်မည်စိုး၍တကြောင်း ဤမျှသာ တင်ပြလိုက်ရပါသည်။

ကော်မရှင်ဖွဲ့စည်းမှုကိုလည်း ပြင်သစ်အခြေခံမူနှင့် ညီ၊ မညီ ဆန်းစစ်ဖော်ပြလိုပါသည်။ ပြင်သစ်အခြေခံမူတွင် လူ့အခွင့်အရေးအဖွဲ့အစည်းအား "အများကိုယ်စားပြုမှုနှင့် လွတ်လပ်မှု" အတွက် အာမခံချက်ရှိရမည်။ ကော်မရှင်အဖွဲ့ဝင်များ ခန့်ထားခြင်းအား "ရွေးကော်တင်မြှောက်ခြင်း (သို့မဟုတ်) အခြားနည်းဖြင့်" ဆောင်ရွက်နိုင်သည်ဟု ဖော်ပြပါရှိပေသည်။ အများကိုယ်စားပြုမှုဆိုသည်မှာ လူမျိုး၊ ပညာရပ်ဆိုင်ရာ၊ ဘာသာရေးဆိုင်ရာ အဖွဲ့အစည်းနှင့် နယ်ပယ်ကဏ္ဍအသီးသီးမှ ကိုယ်စားပြုမှု၊ ပါဝင်မှုကို ဆိုလိုပေသည်။ ကော်မရှင်ဥပဒေပုဒ်မ (၇)တွင် စိစစ်ရွေးချယ်ရေးအဖွဲ့သည် အရပ်ဘက်အဖွဲ့အစည်းများ၊ ပညာရပ်ဆိုင်ရာ အဆင့်မြင့်အဖွဲ့အစည်းများ၊ လူမှုဝန်ထမ်းလုပ်ငန်းများ၊ ရပ်ရွာဖွံ့ဖြိုးရေးများနှင့် ဥပဒေရေးရာကျွမ်းကျင်သူများကို ထည့်သွင်းစဉ်းစားရွေးချယ်ရမည်ဟု တိကျရှင်းလင်းစွာ ပါရှိသည်ကို တွေ့ရှိရသည်။

စိစစ်ရွေးချယ်ရေးအဖွဲ့သည် သတ်မှတ်ချက်များနှင့် ကိုက်ညီသော ကိုယ်စားလှယ်လောင်း အမည်စာရင်းအား နိုင်ငံတော်သမ္မတထံ တင်သွင်းရသည်။ နိုင်ငံတော်သမ္မတသည် ဥပဒေပုဒ်မ (၄)အရ ကော်မရှင်အဖွဲ့ဝင်အနည်းဆုံး ခုနစ်ဦးမှ အများဆုံး ၁၅ ဦးအထိ ပါဝင်သော မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်ကို ဖွဲ့စည်းရန် ပြဋ္ဌာန်းထားသည်။ ထိုအချက်များနှင့် ညီ၊ မညီ ခန့်ထားဖွဲ့စည်းမှုအား လေ့လာရာ ဥက္ကဋ္ဌ၊ ဒု-ဥက္ကဋ္ဌနှင့် ကော်မရှင်အဖွဲ့ဝင် ကိုးဦးတွင် တိုင်းရင်းသား ငါးမျိုး၊ ကျွမ်းကျင်မှုဘာသာရပ် ခုနစ်မျိုး၊ ကိုးကွယ်သည့် ဘာသာနှစ်မျိုး ပေါင်းစပ်ပါဝင်သည်ကို တွေ့ရှိရပေသည်။ ထို့အပြင် လွှတ်တော်၊ အစိုးရမဟုတ်သော အဖွဲ့အစည်းနှင့် တက္ကသိုလ် ကိုယ်စားပြုပါဝင်မှုရှိကြောင်း တွေ့ရှိရသည်။

ကော်မရှင်ဥပဒေနှင့် ကော်မရှင်ဖွဲ့စည်းမှု ဆောင်ရွက်မှုများသည် ပဲရစ်အခြေခံမူများနှင့် ကိုက်ညီနေသဖြင့် "ကုလသမဂ္ဂ၏ အမျိုးသားလူ့အခွင့်အရေး အဖွဲ့အစည်းများဆိုင်ရာ နိုင်ငံတကာ ညှိနှိုင်းရေးကော်မတီ" (ICC) မှ "ဘီအဆင့်" (B Status) အဖွဲ့ဝင်အဖြစ် ၂၀၁၆ ခုနှစ်တွင် အသိအမှတ်ပြုခဲ့သည်။ ကော်မရှင်၏ လူ့အခွင့်အရေး မြှင့်တင်/ကာကွယ် ဆောင်ရွက်ချက်များသည် "အေအဆင့်" ရထိုက်သော်လည်း မြန်မာနိုင်ငံ၏ နိုင်ငံရေးအခြေအနေကြောင့်သာ "ဘီအဆင့်" သတ်မှတ်ခြင်းဟု ယူဆကြပါသည်။ "အေအဆင့်" ရရှိအောင် ဆက်လက်ကြိုးစားရပေဦးမည်။ ICC အဖွဲ့ကြီးတွင် "အေအဆင့်" အဖွဲ့ဝင် ၇၂နိုင်ငံ၊ "ဘီအဆင့်" ၂၉ နိုင်ငံနှင့် "စီအဆင့်" ၁၀ နိုင်ငံရှိပြီး စုစုပေါင်း ၁၁၁ နိုင်ငံရှိကြောင်း ဖော်ပြလိုက်ရပါသည်။

**နိုင်ငံတစ်နိုင်ငံက လူ့အခွင့်အရေး အဖွဲ့အစည်းတစ်ခု ဖွဲ့စည်းပါက ကုလသမဂ္ဂအဖွဲ့အစည်းများ၊ ကမ္ဘာပေါ်ရှိ လူ့အခွင့်အရေးဆိုင်ရာ အဖွဲ့အစည်းကြီးများကလည်း ပဲရစ်အခြေခံမူနှင့်ညီ၊ မညီ တိုင်းတာမည်၊ အကဲဖြတ်မည်၊ ဝေဖန်မည်၊ သုံးသပ်မည်။ မည်သည့်လူ့အခွင့်အရေးအဖွဲ့အစည်းမှ ပဲရစ်အခြေခံမူ အချက်အားလုံးဖြင့် ညီနိုင်ကြမည်မဟုတ်ပေ။ မိမိနိုင်ငံ၊ မိမိလူမျိုး၊ မိမိကိုးကွယ်ရာဘာသာ၊ နိုင်ငံ၏ ယဉ်ကျေးမှုဓလေ့ထုံးစံများကို ထည့်သွင်းစဉ်းစားပြီး လိုက်နာဆောင်ရွက်ကြသည်ကို တွေ့နိုင်ပါသည်။ သို့သော် လူ့အခွင့်အရေးအဖွဲ့အစည်းများသည် ပဲရစ်အခြေခံမူအများစုဖြင့် ညီညွတ်ကြရန်လိုအပ်ပါသည်။ သို့မှသာ ကုလသမဂ္ဂနှင့် ကမ္ဘာ့လူ့အခွင့်အရေး အသိုင်းအဝိုင်း၏ လက်ခံမှု၊ လေးစားမှုရရှိနိုင်ပေမည်။**



# နားဝကြားရ ရှင်း

**မိုးထွန်း**

လက်ကိုင်ဖုန်းများ ပေါများလာသဖြင့် စကားပိုမိုပြော ဖြစ်လာသည်ဟု ထင်သည်။ လွန်ခဲ့သော နှစ် ၂၀ ဆယ် ဝန်းကျင်ခန့်က တစ်ရွာ၊ တစ်မြို့ခြားပြီဆိုပါက ဆက်သွယ်ပြောဆိုရန် ကြိုးလိုင်းဖုန်းများကိုသာ အားကိုးခဲ့ရသည်။ ကြိုးလိုင်းဖုန်းကလည်း နေရာတိုင်းမရှိ။ ရှိရင်လည်း မြို့ကြီးများမှလွဲ၍ ကျန်နယ်မြို့များကို အိတ်ချိန်းမှ တစ်ဆင့်ခေါ်ခဲ့ရသည်။ လက်ကိုင်ဖုန်းများပေါ်စဉ် ဈေးကြီးသဖြင့် လူတိုင်းမသုံးနိုင်။ ခုတော့ ဖုန်းလိုင်းများ စိတ်ကျေနပ်လောက်အောင် မိခြင်း၊ မမိခြင်းကို တစ်ပိုင်းထား၊ လက်ကိုင်ဖုန်းများ ဈေးချိုပေါများလာခြင်းကြောင့် လူအတော်များများ ကိုင်လာနိုင်ပြီမို့ ဖုန်းနှင့် ဆက်သွယ်ပြောဆိုမှုများ ပိုမိုများပြားလာသည်ကိုတော့ ငြင်းမရပါ။

ထို့နှင့် တစ်ပြိုင်တည်း စကားတွေပိုမို ပြောဆိုလာကြသည်ဟု ထင်သည်။ တစ်ယောက်နှင့် တစ်ယောက် အော်ပြော၊ ခေါ်ပြောလို့မရသည့်နေရာရောက်နေကြလို့ လက်ကိုင်ဖုန်းနှင့် စကားပြောဖြစ်သည်ကို မဆိုထားနှင့်။ တစ်မိုးအောက်၊ တစ်ဝိုင်းဝန်းထဲ မလှမ်းမကမ်းရှိနေသည့် အခိုက်မှာပင် လက်ကိုင်ဖုန်းနှင့် ခေါ်၊ မေး၊ ဖြေ၊ ပြောလုပ်ကြသည်။ ထို့ကြောင့် စကားပိုမိုပြောဆိုလာကြသည်ဟု ပင်ဆိုလျှင် မှားအံ့မထင်။ သံပြတ်သံရှည်၊ လေတိုလေရှည် အမျိုးမျိုး ပြောကြသည်။

လက်ကိုင်ဖုန်းနှင့် ပြောသူအချင်းချင်း မလိုအပ်ဘဲ စကားပိုမိုပြောဆိုမှု၊ လေကြောရှည်မှုတို့ကို ဤနေရာတွင် ကျွန်တော်အသေးစိတ် အကျယ်မချဲ့လို။ ဖုန်းအလို အလျောက်ဖြေကြားမှုများတော့ ဆွေးနွေးချင်သည်။

တကယ်တော့ ဖုန်းခေါ်ခြင်း၏ မူလပထမရည်ရွယ်ချက်က ဖုန်းရှင်ကို ခေါ်၊ မေး၊ ဖြေ၊ ပြောလိုရင်းသာဖြစ်သည်။

ကိုယ်က ဖုန်းခေါ်လိုက်စဉ် ဖုန်းလိုင်းပြတ်တောက်ခြင်း၊ ဖုန်းလိုင်းမမိခြင်း၊ ဖုန်းလိုင်းမအားခြင်း၊ ဖုန်းပိတ်ထားခြင်း စသည်ဖြင့်ရှိမည်။ မည်သို့ပင်ဖြစ်စေ ကိုယ်ဆက်သည့်ဖုန်းဘာဖြစ်နေသည်ကို ကိုယ်ကချက်ချင်း သို့မဟုတ် မြန်မြန်သိချင်သည်။

သို့သော်-

“သည်းခံပါရှင်- မိတ်ဆွေခေါ်ဆိုသော ဖုန်းနံပါတ်မှာ လတ်တလောတွင် ဆက်သွယ်၍ မရနိုင်ပါ”

“မိတ်ဆွေခေါ်ဆိုနေသောဖုန်းမှာ သတ်မှတ်ချိန်အတွင်း ပြန်လည်ဖြေကြားခြင်း မရှိပါသဖြင့် ခေတ္တစောင့်ဆိုင်းပြီးမှ ပြန်လည်ခေါ်ဆိုပါရှင်”

“သည်းခံပါရှင် - မိတ်ဆွေခေါ်ဆိုနေသော ဖုန်းနံပါတ်မှာ လတ်တလော မအားသေးပါသဖြင့် နောက်တစ်ကြိမ် ကြိုးစားကြည့်ပါ”

“အားနာပါတယ်ရှင်- လူကြီးမင်းခေါ်ဆိုနေသော ဖုန်းမှာ စက်ပိတ်ထားပါသဖြင့် လတ်တလောတွင် ခေါ်ဆို၍ မရပါရှင်”

“တောင်းပန်ပါတယ်ရှင် . . .” “အားနာပါတယ်ရှင် . . . .”စသည်ဖြင့် ဖုန်းလိုင်းများ၏ အလိုအလျောက်ဖြေဆိုမှုက ကိုယ်ဆက်သည့်ဖုန်းဘာဖြစ်သည်ကို ချက်ချင်း သို့မဟုတ် မြန်မြန်မသိနိုင်ဘဲ စကားလုံးပိုများကို အချိန်ပေး စိတ်မော နားဆင်လိုက်ရသည်။

ထိုပွစိစိ စကားရပ်များအစား လိုရင်းတိုရှင်း ယဉ်ကျေး စကားလုံးများကို နှုတ်မှရွတ်ကြည့်ခြင်း၊ အခြားတစ်ပါးသူကို ရွတ်ကြည့်နားဆင်ခြင်း ပြုမိရာ-

“ဆက်သွယ်၍ မရသေးပါရှင်”

“ဖုန်းပိတ်ထားပါတယ်ရှင်”

“ဖုန်းမအားသေးပါရှင်” စသည်ဖြင့် လွယ်လွယ်လေးနှင့် လုံလောက်ကြောင်း ကြားရသည်။

ဆက်သွယ်၍ မရသေးပါဟု ကြားရုံနှင့် ဆက်သွယ်မှုဧရိယာပြင်ပ ရောက်နေခြင်း၊ လိုင်းမမိခြင်းဖြစ်ကြောင်း တန်းသိပါသည်။ ဖုန်းပိတ်ထားပါတယ်ကြားက တစ်ဖက်က ဖုန်းပိတ်ထားကြောင်း နားလည်ပါသည်။ လိုင်းမအားသေးပါဆိုလျှင်တော့ ဆက်သွယ်မှုဧရိယာအတွင်း လိုင်းမမိခြင်းဖြစ်သော်လည်း အခြားသူနှင့် ဖုန်းပြောနေသဖြင့် ဖုန်းလိုင်းမအားခြင်းဟု သိပါသည်။

နောက်တစ်ကြိမ် ထပ်ခေါ်ပါ၊ ထပ်မံကြိုးစားကြည့်ပါ စသည်တို့လည်း ဖုန်းခေါ်သူသည် လိုအပ်ချက်အရ ထပ်မံခေါ်ဆိုသွားကြမည်မို့ အလိုအလျောက် ဖြေဆိုမှု၌ ထည့်သွင်းစရာ မလိုပါ။

သို့နှင့် လိုရင်းတိုရှင်း ယဉ်ကျေးစွာဖြေဆိုနိုင်သော မြန်မာစကားများရှိလျက် အဘယ်ကြောင့် ဤသို့ဖြစ်ရသည်ကို စဉ်းစားမရဖြစ်မိသည်။ အင်္ဂလိပ်စကားကို မြန်မာဘာသာပြန်ထားမှုကြောင့်ဆိုလျှင်လည်း ထိုစကားရပ်များက ခြုံငုံဆီလျော်မိပါသည်။

ထို့ပြင် အလိုအလျောက် ဖြေဆိုသည့် စကားတွင် ‘ရှင်’ ဆိုသည့် စကားထည့်လိုက်ရုံနှင့် ‘သည်းခံပါ။ တောင်းပန်ပါတယ်။ အားနာပါတယ်။ လေးစားပါတယ်’ စသည်တို့ ဖွင့်မပြောသော်လည်း ပြောပြီးသကဲ့သို့ ယဉ်ကျေးဖွယ်ရာ ဖြစ်နေသည်။

မြန်မာအဘိဓာန်၌ -

ရှင်- . . . . အမျိုးသမီးများ တစ်ဖက်သားအား ယဉ်ကျေးဖွယ်ရာ ရည်ညွှန်းပြောဆိုသော စကား။

. . . . . (မိန်းမ) ထူးသော စကား . . (မိန်းမ) တုံ့ပြန်မေးသော စကား၊ . . မိန်းမက စကားပြောဆိုရာတွင် ယဉ်ကျေးဖွယ်ရာသုံးသော အဆုံးသတ်စကား . . စသည်ဖြင့် ညွှန်းဆိုထားသည်။

နေ့စဉ်ဘဝမှာလည်း “ရှင်” ဆိုသည့် စကားအသုံးအနှုန်းမှာ ကြားဆင်နားယဉ်နေမြဲ ဖြစ်သည်။

ထို့ကြောင့် လက်ကိုင်ဖုန်းလိုင်းများ၏ အလိုအလျောက်အဖြေစကားများ၌ မလိုအပ်သည့် စကားလုံးပိုများ လျှော့ချပါက အချိန်ပေး စိတ်မောနားထောင်စရာမလိုဘဲ လက်ကိုင်ဖုန်းသုံးစွဲသူများ နားဝကြားရရှင်းမည်။ စာဖတ်သူများနှင့် ပြင်ဆင်နိုင်သူများက ဝိုင်းဝန်းတွေးဆပြင်ဆင်မည်ဆိုပါက နားဝကြားရ ပိုမိုရှင်းဖွယ်ရှိပါသည်။ ။

# မျိုချရသော ဒေါသများ

**မြင့်ကျော်(ဇလွန်)**

မြန်မာနိုင်ငံအပါအဝင် ကမ္ဘာပေါ်မှာ ဒေါသတရားများကို မထိန်းချုပ်ကြနိုင်၍ ဒုက္ခ၊ သုက္ခများ ပင်လယ်ဝေနေကြရသည်။ ဘဝရှင်သန်ချိန်များကို ဒေါသအတွက် ဒေါသနဲ့ ဖြေရှင်းနေကြသည့် လူအများစုကြောင့် လူနှင့်လူ့ပတ်ဝန်းကျင်တွင် သောကများဖြစ်ထွန်းစေသော စိတ်မချမ်းမြေ့ဖွယ်ရာများ နေ့စဉ်နှင့်အမျှ ကြားသိကြုံတွေ့နေရပါသဖြင့် ဒေါသများကို မှတ်မှတ်သားသား ပြတ်ပြတ်သားသား မျိုချနိုင်ကြရန်လိုအပ်ပါသည်။

နေ့စဉ် လူနေမှုဘဝများထဲတွင် မိမိ၏စိတ်အလိုမကျမှုများကြောင့်ဖြစ်ပေါ်ရသော ဒေါသများကို မထိန်းသိမ်းနိုင်ခြင်းကြောင့် မိမိ၏ဘဝအနာဂတ် ကြမ်းတမ်းခက်ခဲစေနိုင်သကဲ့သို့ ပတ်ဝန်းကျင်လူ့အသိုင်းအဝိုင်းကိုလည်း သောကနှင့် ဒုက္ခများ ပြန့်ပွားစေနိုင်သည်။ ယနေ့ကာလတွင် လူငယ်များဒေါသနှင့် စိတ်ခံစားချက်ကို မချုပ်ထိန်းနိုင်၍ ပြစ်မှုများကျူးလွန်နေကြသည်ကို စိတ်မချမ်းမြေ့ဖွယ်ရာ မြင်တွေ့ကြားသိနေရပါသည်။

နေ့စဉ် ကြုံတွေ့ရသော နေမှု၊ စားမှု ကိစ္စအဝဝတွင် ဘဝ၌မှတ်မှတ်ထင်ထင် စွဲမြဲကျန်ရစ်သည်များ ရှိသလို မေ့လွယ်ပျောက်လွယ်များသည်လည်း ဒုနှင့်ဒေးပင်ဖြစ်၏။ များသောအားဖြင့် လူနှင့်ပတ်ဝန်းကျင်အတွင်း ကူးလူးဆက်ဆံကြရသောအခါ မိမိကြောင့် သူတစ်ပါး၊ သူတစ်ပါးကြောင့် မိမိ၊ မိမိကိုယ်မိမိ စသည်အားဖြင့် အလိုမကျ နေမထိထိုင်မသာ ဖြစ်တတ်ကြသည့် အကြောင်းအရာများ လူတိုင်းလိုလို ကြုံတွေ့ခံစားဖူးကြပေလိမ့်မည်။ လူတို့သည် ဘဝ၌ အမှတ်တရ မေ့ပျောက်မရသော အကြောင်းအရာများထဲတွင် ပုဂ္ဂလိကအောင်မြင်မှု၊ ဆုံးရှုံးမှု၊ ထင်ပေါ်ကျော်ကြားမှု၊ ကျဆုံးမှု စသော အကောင်းအဆိုး ထင်ထင်ရှားရှားများကိုသာ သတိမူမိတတ်ကြ၏။ ထိုအကောင်းအဆိုးကို ဖြစ်တည်ပေါ်ပေါက်စေသော စိတ်၏စေ့ဆော်မှုများကို တစ်ရံတစ်ခါ သတိလွတ်ကင်း၍ ဆင်ခြင်တုံတရားကို အတွေးထဲသို့ ရောက်ရှိလာစေရန် ဆွဲငင်ခေါ်ဆောင်ခြင်းငှာ မစွမ်းနိုင်တတ်ကြသော သဘောရှိပါသည်။ လူနှင့် လူ့ပတ်ဝန်းကျင်ကြောင့် ဖြစ်ပေါ်ခံစားမှုများတွင် ဒေါသ၊ မောဟ၊ မာန်မာနစသည့် အမိုက်မှောင်ဆိုးတို့ကို ဖြစ်ပေါ်စေသော စိတ်ခံစားမှုများကို မျိုသိပ်၍ ဥပေက္ခာပြုခြင်း၊ သည်းခံခွင့်လွှတ်ခြင်းများကို အချိန်နှင့်တစ်ပြေးညီ ပြုလုပ်သင့်၏။ သို့မှသာ ပြင်မရသော အမှားမျိုး၊ နောင်တတရား၏ နှိပ်စက်ဖိစီးခြင်းတို့ကို ရှောင်ကွင်းနိုင်ကြမည် ဖြစ်သည်။

ခွင့်လွှတ်ခြင်း၊ သည်းခံခြင်းနှင့် ဥပေက္ခာပြုခြင်းတို့၏ အနက်အဓိပ္ပာယ်သည် လွယ်မယောင်နှင့် လေးနက်ခက်ခဲသော သဘောရှိ၏။ မိမိ၏စိတ်ခံစားမှုနှင့် ကိုက်ညီထပ်တူမကျသော ကိစ္စရပ်များအတွက် ပြောင်းပြန်လက်ခံရန်ကိုမူကား တဒင်္ဂအတွင်း နားလည်လိုက်လျောပေးကြရန် အခက်အခဲ တွေ့ကြတတ်စမြဲပင် ဖြစ်ပါသည်။ ထိုအခက်အခဲကြုံတွေ့ရမှုသည် စိတ်ကိုညစ်နွမ်းစေသော၊ မရွှင်လန်းစေသော (တစ်နည်းအားဖြင့်) ဒေါသကို နှိုးဆွစေသော အကြောင်းခြင်းရာများ ဖြစ်သည်။ ထိုဒေါသကြောင့် စိတ်နောက်ကိုယ်ပါ ပြုမူမိကြ၍ ပစ္စုပ္ပန်၊ သံသရာ ဘဝပေါင်းများစွာ ညစ်နွမ်းစွန်းထင်ခဲ့ကြရပြန်သည်။ ပတ်ဝန်းကျင်အနေအထားကြောင့်ဖြစ်စေ၊ သံယောဇဉ်တရားများ နှီးနွှယ်၍ဖြစ်စေ၊ နောက်ဆံတင်းစရာများကို သုံးသပ်ခံစားမိ၍ဖြစ်စေ ဒေါသအမျက် ထွက်စရာများကို မျိုသိပ်ခံစားခဲ့ရခြင်းမျိုး လူတိုင်းနီးပါး ကြုံကြိုက်ခံစားကြဖူးမည်ဖြစ်သည် ။ မည်သည့်အကြောင်း ကြောင့်ဖြစ်စေ တစ်ခဏတာ မွန်းကျပ်ပိတ်လှောင် စိတ်ခံစားမှုသည် ဘဝတစ်ခုလုံးအတွက် (သို့မဟုတ်) ဘဝတစ်စိတ်တစ်ပိုင်းအတွက် နောင်တနှင့်သောကများကို တားဆီးကာကွယ်နိုင်လျှင် လွန်စွာမှကောင်းမွန်သော လုပ်ရပ်ဆုံးဖြတ်ချက်တစ်ခုအဖြစ် မိမိ၏ပတ်ဝန်းကျင်က အသိအမှတ်ပြု သတ်မှတ်ကြမည်ဖြစ်သည်။

ဒေါသထွက်စရာ အကြောင်းအရာတို့၏ ဖြစ်တည်အစပြုပုံများမှာ ပုံစံအမျိုးမျိုး ရှိကြပေလိမ့်မည်။ နှစ်ပရိစ္ဆေဒကြာမြင့်စွာ အစိုင်အခဲဆောက်တည်ပြီးမှ ဖြစ်ရသောဒေါသ၊ တစ်ခဏ တစ်မုဟုတ်ချင်း ရုတ်ခြည်း တွေ့ကြုံခံစား၊ ကြားမြင်၊ ထိတွေ့ရ၍ ဖြစ်ပေါ်လာရသော ဒေါသနှင့် တပ်မက်ခြင်း၊ ချစ်ခြင်းကြောင့်ဖြစ်ရသော ကရုဏာဒေါသများ ဖြစ်၏။ ယင်းသို့ပုံစံအမျိုးမျိုးကြောင့် ဖြစ်ပေါ်လာသောဒေါသများကို ပတ်ဝန်းကျင်၏ ဖျောင်းဖျနားချမှုကြောင့် မျိုသိပ်ခွင့်လွှတ် သည်းခံခဲ့ရသည်များရှိသလို မိမိ၏အတွေ့အကြုံ ပင်ကိုဗီဇ၊ မိမိ၏ ကိုယ်ကျင့်တရားတို့ဖြင့် မိမိကိုယ်ကို နားချ၍ မျိုးသိပ်ခဲ့ရသည်များလည်း ရှိပေလိမ့်မည်။ မည်သည့်ပုံစံ၊ မည်သည့်နည်းဖြင့် ဖြစ်စေ ဒေါသဆိုသည်မှာ ကုသိုလ်တရား၏ ဆန့်ကျင်ဘက်လားရာသာဖြစ်ပြီး သောကကို ခြေဦးတည်ပေးသော သဘောတရားတစ်ခုပင် ဖြစ်သည်။

ဒေါသကို ကျိတ်မှိတ် မျိုသိပ်ခဲ့ကြရ၍ နှလုံးစိတ်ဝမ်း

> **မျိုချရပါများသော ဒေါသများသည် ဘဝ၏နိဂုံးကို လှပစွာအဆုံးသတ်စေသော အခြေခံစိတ်အုတ်မြစ်ကောင်းတစ်ခုဟုဆိုပါလျှင် လွန်မည်မထင်ပါ။ အဘယ်ကြောင့်ဆိုသော် ထိုတဒင်္ဂ ဒေါသ၊ တစ်မုဟုတ်ချင်း ဖြစ်ပေါ်လာသော ဒေါသများကြောင့် ဘဝနေဝင်သည်အထိ မငြိမ်းမချမ်းဖြင့် ဘဝခရီးလမ်းကို ခက်ခဲပင်ပန်းကြမ်းတမ်းစွာ ကျော်ဖြတ်ခရီးနှင်ကြရသော သာဓကများ လောကတွင် မရေမတွက်နိုင်အောင် များပြားလှပေသည်။ ထို့ကြောင့် ကျိတ်မနိုင်ခဲမရဖြစ်ရသော ဒေါသကို တအုံနွေးနွေးဖြင့်မီးမွှေးပြီး ဒေါသမီးတောက်ကို အညွန့်တလူလူဖြစ်စေရန် မနှိုးဆွသင့် . . . .**

မရွှင်လန်းမှုကို ကျေကျေနပ်နပ် ခံစားတတ်ရန် (သို့မဟုတ်) ခံစားနိုင်ရန် လေ့ကျင့်သမှုပြုကြခြင်းဖြင့် မိမိ၏ ကိုယ်၊ နှုတ်၊ နှလုံး သုံးပါးသော အကျင့်တရားများကို ကောင်းမွန်စေရန် ပြုစုပျိုးထောင်ကြရမည်ဖြစ်သည်။ အလေ့အကျင့်မှ အလေ့အထသို့ ကူးပြောင်းနိုင်ပါက အတိုင်းထက်အလွန်ပင်ဖြစ်သည်။ ခဏတာဖြစ်ပေါ်ရသောဒေါသကြောင့် စိတ်နောက်ကိုယ်ပါကျူးလွန်မိမှုများသည် နှစ်ရှည်လများ ကြိုးပမ်းအားထုတ်ခဲ့ရသော ဘဝဖြစ်တည်မှုများကို သဲထဲရေသွန်ဖြစ်စေတတ်သည်ကိုလည်း သတိမူတတ်ကြရမည် ဖြစ်ပါသည်။

မျိုချရပါများသော ဒေါသများသည် ဘဝ၏နိဂုံးကို လှပစွာအဆုံးသတ်စေသော အခြေခံစိတ်အုတ်မြစ်ကောင်းတစ်ခုဟုဆိုပါလျှင် လွန်မည်မထင်ပါ။ အဘယ်ကြောင့်ဆိုသော် ထိုတဒင်္ဂ ဒေါသ၊ တစ်မုဟုတ်ချင်း ဖြစ်ပေါ်လာသော ဒေါသများကြောင့် ဘဝနေဝင်သည် အထိ မငြိမ်းမချမ်းဖြင့် ဘဝခရီးလမ်းကို ခက်ခဲပင်ပန်း ကြမ်းတမ်းစွာ ကျော်ဖြတ်ခရီးနှင်ကြရသော သာဓကများ လောကတွင် မရေမတွက်နိုင်အောင် များပြားလှပေသည်။ ထို့ကြောင့် ကျိတ်မနိုင်ခဲမရဖြစ်ရသော ဒေါသကို တအုံနွေးနွေးဖြင့်မီးမွှေးပြီး ဒေါသမီးတောက်ကို အညွန့်တလူလူ ဖြစ်စေရန် မနှိုးဆွသင့်ပေ။ ကြိမ်မီးအုံးပမာ ဖြစ်ရသော ဒေါသတို့ကို ဆင်ခြင်တုံအသိတရားဖြင့် သတိချုပ်ထိန်းကျောင်း ချုပ်ထိန်းမျိုသိပ်သင့်၏။

ဘဝ၌မျိုချခဲ့ရသော ဒေါသများကို ပြန်လည်တွေးတော၍ ထိုမျိုသိပ်ခံစားမှုကြောင့် ရရှိခဲ့သော အကျိုးဆက်တို့ကို ပီတိအဖြစ် ခံယူရရှိဖူးပေလိမ့်မည်။ ထိုမျိုချခဲ့ရသော ဒေါသများသည် ဘဝအတွက် အဖိုးအနဂ္ဃထိုက်သော ပီတိရတနာများအဖြစ်တည်ရှိစေမည်ကို အမြဲနှလုံးသွင်း ဆင်ခြင်ပြီး ဖြစ်ပေါ်လာသော ဒေါသများကို အသိတရား လက်ကိုင်ထားပြီး ဖြေဖျောက် မျိုချနိုင်ကြပါစေကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် အီတလီအမျိုးသားစီမံခန့်ခွဲမှုကျောင်း အမှုဆောင်ဒါရိုက်တာအားတွေ့ဆုံ

**နေပြည်တော် မေ ၂၀**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် လွှတ်တော်အရည်အသွေးမြှင့်တင်ရေးအတွက် ကူညီဆောင်ရွက်ပေးနေသော Capacity Building Project ခေါင်းဆောင်ဖြစ်သည့် အီတလီအမျိုးသားစီမံခန့်ခွဲမှုကျောင်းမှ MENA-OECD Governance Programme Centre ၏ အမှုဆောင်ဒါရိုက်တာ Ms. Renata Pavlovအား ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**(သတင်းစဉ်)**



## ယာဉ်ကုန်တန်ချိန် ပြောင်းလဲသတ်မှတ်

**နေပြည်တော် မေ ၂၀**

မိုးတွင်းကာလအဖြစ် သတ်မှတ်သည့် ကုန်တွဲယာဉ်များသွားလာမှုနှင့်ပတ်သက်၍ ဆောက်လုပ်ရေးဝန်ကြီးဌာနက (ယာဉ်+ကုန်)တန်ချိန် ပြောင်းလဲသတ်မှတ်ခွင့်ပြုခြင်းအား မေ ၁၆ ရက်မှစ၍ ပြောင်းလဲသတ်မှတ်လိုက်သည်။

အဆိုပါ ကုန်တင်ယာဉ်ကြီးများ သတ်မှတ်ချက်များမှာ ဝင်ရိုး ငါးခု (Lift Axle)ပါ ၁၄ ဘီးယာဉ်အား ယခင် ၃၁ တန်မှ ယခု တန် ၃၀၊ ဝင်ရိုးလေးခုပါ ၁၄ဘီး ကုန်တင်ယာဉ်ကြီးအား ယခင် ၃၄ တန်မှ ယခု ၃၃ တန်၊ ဝင်ရိုး ငါးခုပါ ၁၈ဘီး ကုန်တင်ယာဉ်ကြီးအား ယခင် ၄၆ တန်မှ ယခု ၄၁ တန်၊ ဝင်ရိုး ခြောက်ခုပါ ၂၂ ဘီး ကုန်တင်ယာဉ်ကြီးအား ယခင် ၅၀ ဒသမ ၅ တန်မှ ယခု ၄၈တန်၊ ဝင်းရိုး ခြောက်တန်းပါ ၂၆ဘီး (နောက်တွဲပါ) ယာဉ်ကြီးများအား ယခင် ၅၅ တန်မှ ယခု ၅၃ တန် Low bad ယာဉ်များအား လျှော့ချသတ်မှတ်ခဲ့ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည်။

မိုးတွင်းကာလတွင် "ယာယီအစီအစဉ်အရ" ၁၈ဘီး နောက်တွဲယာဉ်များကို မိုးတွင်းကာလ (ယာဉ်+ကုန်) ၄၁တန် သတ်မှတ်ရာမှ ၂ ဒသမ ၅ တန်တိုး၍ စုစုပေါင်း ၄၃ ဒသမ ၅တန်ဖြင့် ဆက်လက်ခွင့်ပြုပေးသွားမည်ဟု သိရသည်။

**(အောင်မင်းဟန်)**

# ရခိုင်ပြည်နယ်အတွင်း သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် တိုက်ပွဲရှောင်ပြည်သူများအတွက် ထောက်ပံ့ရေးလုပ်ငန်းများဆောင်ရွက်

**နေပြည်တော် မေ ၂၀**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ယမန်နေ့ နံနက်ပိုင်းတွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် သဘာဝဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ရေး၊ ကြိုတင်ကာကွယ်ရေး၊ တုံ့ပြန်ရေးလုပ်ငန်းများ၊ တိုက်ပွဲရှောင်ပြည်သူများအား ထောက်ပံ့ရေးလုပ်ငန်းများ၊ လူမှုကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများနှင့်စပ်လျဉ်း၍ ဆွေးနွေးသည်။ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုမှ ရခိုင်ပြည်နယ်အတွင်း သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး၊ ကြိုတင်ပြင်ဆင်ရေး၊ တုံ့ပြန်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက မုန်တိုင်းဘေးအန္တရာယ်သည် ကြိုတင်ခန့်မှန်းနိုင်သည့် ဘေးအန္တရာယ်တစ်ခုဖြစ်ပြီး ကြိုတင်ပြင်ဆင်မှုသည်အရေးကြီးသောကဏ္ဍဖြစ်ပါကြောင်း၊ ကြိုတင်ပြင်ဆင်စီမံဆောင်ရွက်မှုဖြင့် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ဥစ္စာများ ထိခိုက်မှု လျော့နည်းသက်သာစေမည်ဖြစ်ပါကြောင်း၊ မုန်တိုင်းဒဏ်ကို တိုက်ရိုက်မခံစားရသော်လည်း မုန်တိုင်းအရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းရာမှ ဖြစ်ပေါ်လာနိုင်သည့် ရုတ်တရက်ရေကြီးရေလျှံမှုများ၊ မြေပြိုမှုများကိုလည်း ဖြစ်ပွားနိုင်သည့်ဒေသအလိုက် အရေးပေါ်တုံ့ပြန်ရေးစီမံချက်များ ရေးဆွဲဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ သဘာဝဘေးအန္တရာယ်နှင့် စပ်လျဉ်း၍ ဆက်သွယ်ရေးစနစ်သည်အရေးကြီးသဖြင့် နေပြည်တော်၌ Help Line တယ်လီဖုန်းအမှတ် ၀၆၇-၄၀၄၆၆၆၊ ၀၆၇-၄၀၄၇၇၇ တို့အား ဖွင့်လှစ်၍ ၂၄နာရီ သတင်းများရယူဆောင်ရွက်လျက်ရှိပါကြောင်း၊ Single Side Band (SSB) စနစ်အား နေပြည်တော်(ရုံးချုပ်)၊ ဧရာဝတီတိုင်းဒေသကြီး (လပွတ္တာ၊ ပုသိမ်၊ လွှစာ)တွင်လည်းကောင်း၊ ရခိုင်ပြည်နယ် (စစ်တွေ၊ ကျောက်ဖြူ၊သံတွဲ)တွင်လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး (ကလေး)နှင့် ချင်းပြည်နယ်(ဟန်းကင်)တွင်လည်းကောင်း တပ်ဆင်ထားရှိပြီး အမြဲမပြတ်သတင်းများရယူဆောင်ရွက်လျက်ရှိပါကြောင်း၊ Kobo Collect Mobile Application အသုံးပြု၍ ဘေးသင့်ဒေသများတွင် ပျက်စီးဆုံးရှုံးမှုတန်ဖိုးစာရင်း ကောက်ယူနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိပါကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ရခိုင်ပြည်နယ်အတွင်း သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် ပုဏ္ဏားကျွန်း၊ ကျောက်တော်၊ ရသေ့တောင်၊ ဘူးသီးတောင်မြို့နယ်များအတွင်းရှိ တိုက်ပွဲရှောင်ပြည်သူများအတွက် ထောက်ပံ့ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ထောက်ပံ့ငွေကျပ်သိန်း ၅၀၀အား ပြည်ထောင်စုဝန်ကြီးမှ ပြည်နယ်ဝန်ကြီးချုပ်ထံသို့ ပေးအပ်ခဲ့သည်။

မွန်းလွဲပိုင်းတွင် စစ်တွေမြို့ မင်းဂံကွက်သစ်ပြန်လည်နေရာချထားပေးသည့် ဒေသခံပြည်သူများအား ယင်းလုံးအိမ်သာ ၁၅၁ လုံး ဆောက်လုပ်နိုင်ရေး ထောက်ပံ့ငွေကျပ် ၁၅၁ သိန်း အားလည်းကောင်း၊ ကလေးငယ်များအတွက် ကစားစရာနှင့် မုန့်များအားလည်းကောင်း ပေးအပ်သည်။

ယင်းနောက် ဘောဒူဖရှိ မီးလောင်ပျက်စီးသွား၍ ပြန်လည်ပြုပြင်တည်ဆောက်လျက်ရှိသော တဲတန်းလျားများ ဆောက်လုပ်ပြီးစီးမှုအခြေအနေအား လှည့်လည်ကြည့်ရှုသည်။

ထို့နောက် ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန ရခိုင်ပြည်နယ်ဦးစီးမှူးရုံးနှင့် ကယ်ဆယ်ရေးပစ္စည်းသိုလှောင်ရုံသို့ သွားရောက်ကြည့်ရှုပြီး သဘာဝဘေးအန္တရာယ်ကျရောက်ပါက အရေးပေါ်ဆက်သွယ်နိုင်ရန် တပ်ဆင်ထားရှိသော (SSB)ဆက်သွယ်ရေးစနစ်အား နေပြည်တော်၊ လပွတ္တာ၊ ကျောက်ဖြူတို့နှင့် လက်တွေ့ဆက်သွယ်ဆောင်ရွက်သည်။

ဆက်လက်၍ ရခိုင်ပြည်နယ် အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်း အခြေခံနှင့်အဆင့်မြင့်စက်ချုပ်သင်တန်း တက်ရောက်လျက်ရှိသော သင်တန်းသူများအား ရင်းရင်းနှီးနှီးတွေ့ဆုံ အားပေးစကားပြောကြားကာ သင်တန်းကျောင်း အစည်းအဝေးခန်းမ၌ ဝန်ကြီးဌာနလက်အောက်ရှိ ဦးစီးဌာနနှစ်ခုမှ အရာထမ်း၊ အမှုထမ်းများနှင့်တွေ့ဆုံဆွေးနွေးသည်။

ယင်းနောက် စစ်တွေမြို့ ကလေးပြုစုရေးဌာနသို့ ရောက်ရှိပြီး ကလေးငယ်များအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ ကစားစရာနှင့်မုန့်များ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# ဇေယျာရွှေမြေအသင်းအား မိတ်ဆက်

**မုံရွာ မေ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ကိုယ်စားပြု မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲဝင် ဇေယျာရွှေမြေအသင်းအား မိတ်ဆက်ပွဲကိုမေ ၂၀ ရက် နံနက်ပိုင်းက မုံရွာအားကစားကွင်းအတွင်းရှိ မိုးလုံလေလုံဖူဆယ်အားကစားရုံ၌ ပြုလုပ်ရာ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်ကိုယ်စား လူမှုရေးဝန်ကြီး ဒေါက်တာဇော်မင်း တက်ရောက်ခဲ့သည်။

အခမ်းအနားသို့ စစ်ကိုင်းတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာဇော်မင်း၊ ဇေယျာရွှေမြေအသင်း အထွေထွေအတွင်းရေးမှူး ဦးသိန်းအောင်၊ အသင်းအထွေထွေမန်နေဂျာ ဦးဇော်မင်းအောင်၊






အားကစားအရာရှိများ၊ ရွှေနဂါးမင်းကုမ္ပဏီအုပ်စုမှ တာဝန်ရှိသူများ၊ ဇေယျာရွှေမြေအသင်း အုပ်ချုပ်သူ/နည်းပြနှင့် ကစားသမားများ၊ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။

ထို့နောက် ဇေယျာရွှေမြေအသင်း အမှုဆောင်အရာရှိချုပ် အားကစားဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် (ငြိမ်း) ဦးသိန်းအောင်က အသင်းဖွဲ့စည်းပုံအနေအထားအားရှင်းလင်းတင်ပြပြီး အသင်းမန်နေဂျာ ဦးဇော်မင်းအောင်က ဘောလုံးသမားတစ်ဦးစီအား တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာဇော်မင်းသို့ မိတ်ဆက်အပ်နှံသည်။

တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာဇော်မင်းက အသင်းတွင် နယ်မြေခံဘောလုံးသမားများ ပါဝင်နိုင်ရေးနှင့် တိုင်းဂုဏ်ဆောင်နိုင်ရေး ကြိုးစားဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။

**(ဇော်မင်းအောင်)**

နောက်
နှစ်ရက်အတွက်
မိုးလေဝသ
ခန့်မှန်းချက်

၂၀-၅-၂၀၁၆

တစ်ပြည်လုံးတွင်
မိုးပိုလာမည်။

# ဆိုင်ကလုန်း မုန်တိုင်း "ရွှန်နူ" ၏ ဘေးအန္တရာယ်ကျရောက်နိုင်မည့် ဒေသများတွင် ကျန်းမာရေးကိစ္စများ ကြိုတင်ပြင်ဆင်ထား



**နေပြည်တော် မေ ၂၀**

ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော ဆိုင်ကလုန်းမုန်တိုင်း "ရွှန်နူ" သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ တောင်ပိုင်းကမ်းခြေသို့ ဦးတည်၍ မုန်တိုင်း၏ အဝန်းအဝိုင်းအတွင်း မြန်မာနိုင်ငံ၏ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်း ဒေသကြီးတို့ပါရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြား မှုဦးစီးဌာနမှ သတင်းထုတ်ပြန်ထားမှုအပေါ် ကြိုတင် ပြင်ဆင်ထားရှိမှုများ ပြန်လည်သုံးသပ်ခြင်း၊ မုန်တိုင်း ဝင်ရောက်လာပါက သဘာဝဘေးဒဏ်လျော့ပါးရေးအစီ အမံများ စီစဉ်ဆောင်ရွက်ခြင်းနှင့် အရေးပေါ်ကျန်းမာ ရေးစောင့်ရှောက်မှုလုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ခြင်းတို့နှင့်စပ်လျဉ်း၍ ညှိနှိုင်းအစည်းအဝေး အား ယနေ့တွင် ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေး ခန်းမ၌ ကျင်းပသည်။

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးကပြောကြားရာတွင် ဆိုင်ကလုန်း မုန်တိုင်း "ရွှန်နူ" ၏ ဘေးအန္တရာယ်ကျရောက်နိုင်မှုအပေါ် ကျန်းမာရေးဝန်ကြီးဌာနရှိ ဦးစီးဌာနများအနေဖြင့် ဌာန အလိုက် လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများ စနစ်တကျ ဆောင်ရွက်ထားရှိမှုနှင့်ပတ်သက်၍ ကျေးဇူးတင်ရှိပါ ကြောင်း၊ အဆိုပါအစီအမံများအား သဘာဝဘေးကျရောက် သည့် အချိန်တွင် စနစ်တကျ စီမံဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ ဘေးအန္တရာယ်ကျရောက်နိုင်ခြေများသည့် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကြိုတင်ပြင်ဆင်ရေးနှင့် သဘာဝဘေး တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းများအား စနစ်တကျ အားဖြည့်ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် နှီးနွယ်ဌာနများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ ကြိုတင်အသိပေးခြင်း၊ ညှိနှိုင်း ဆောင်ရွက်ခြင်းများ ဆောင်ရွက်ကြရန်လိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်သူ့ကျန်းမာရေးဦးစီးဌာန သဘာဝ ဘေးနှင့်ပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေ တုံ့ပြန်ဆောင်ရွက်ရေးဌာနခွဲ ညွှန်ကြားရေးမှူးက ဆိုင်ကလုန်း မုန်တိုင်း "ရွှန်နူ" ဖြစ်ပေါ်မှုအခြေအနေ၊ မုန်တိုင်း ဝင်ရောက်နိုင်မှုလမ်းကြောင်းနှင့် မုန်တိုင်း၏ သက်ရောက် နိုင်မှုအတိုင်းအတာများနှင့် ပတ်သက်၍လည်းကောင်း၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က တိုင်းဒေသကြီး/ပြည်နယ်များတွင် သဘာဝဘေးလျော့ပါး ရေးလုပ်ငန်းများနှင့်ပတ်သက်၍ ကြိုတင်ပြင်ဆင်ထားရှိမှု များ၊ သဘာဝဘေးလွတ်ရာဒေသများသို့ အချိန်မီပြောင်းရွှေ့ နိုင်ရေးနှင့် သဘာဝဘေးတုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းစဉ် များနှင့် အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း များ ဆောင်ရွက်ရန်အဖွဲ့များ ဖွဲ့စည်းထားရှိမှုအခြေ အနေနှင့်ပတ်သက်၍လည်းကောင်း၊ ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က တိုင်းဒေသကြီး/ပြည်နယ် ဆေးရုံ ကြီးများတွင် သဘာဝဘေး တုံ့ပြန်ဆောင်ရွက်ရေးအတွက် အရေးပေါ်ဆေးနှင့်ဆေးပစ္စည်းများ ဖြည့်တင်းထားရှိမှုနှင့် အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှု ဆေးအဖွဲ့များ ဖွဲ့စည်းထားရှိမှုအခြေအနေ၊ ဆေးနှင့်ဆေးပစ္စည်းများ ထပ်မံဖြည့်ဆည်းပေးမည့် အစီအမံများနှင့်ပတ်သက်၍ လည်းကောင်း တင်ပြဆွေးနွေး၍ အစည်းအဝေးတက်ရောက် သူများက လိုအပ်သည်များ ဝိုင်းဝန်းအကြံပြုဆွေးနွေးခဲ့ ကြသည်။

ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးချက်များအပေါ် လိုအပ်သည်များ ပံ့ပိုးပေးမည်ဖြစ်ကြောင်း၊ သဘာဝ ဘေးတုံ့ပြန်ဆောင်ရွက်ရေးအတွက် အားလုံးဝိုင်းဝန်းညှိနှိုင်း ဆောင်ရွက်ရန်လိုကြောင်း ပြောကြားသည်။

**(သတင်းစဉ်)**

■



ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် ရွှေလင်ဗန်းစက်မှုဇုန်ရှိ တန်ဖိုးနည်းအိမ်ရာကို မတ်လအတွင်းက တွေ့ရစဉ်။

# ရန်ကုန်တိုင်းဒေသကြီးအတွင်း ကျပ်သိန်း ၁၀၀ ထက်မပိုသည့် တန်ဖိုးနည်းအိမ်ရာများကို ၂ နှစ်အတွင်း အကောင်အထည်ဖော်သွားမည်

**ရန်ကုန် မေ ၂၀**

ရန်ကုန်တိုင်းဒေသကြီးအတွင်း အခန်းပေါင်း ၈၀၀၀ ပါဝင် သည့် တန်ဖိုးနည်းအိမ်ရာကို ၂ နှစ်အတွင်း အကောင် အထည်ဖော်သွားမည်ဖြစ်ကြောင်း ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က ပြောသည်။

"ပြည်သူတွေရဲ့ အိမ်ခန်းလိုအပ်ချက်တွေကို အတိုင်း အတာတစ်ခုအထိ ဖြည့်ဆည်းပေးနိုင်ဖို့ တန်ဖိုးနည်းအိမ်ရာ ကို ဒီနှစ်အတွင်း အကောင်အထည်ဖော်ပြီး နှစ်နှစ်အတွင်း ပြီးအောင်လုပ်သွားမယ်။ တောင်ဒဂုံလို လွတ်တဲ့မြေနေရာ တွေမှာ အကောင်အထည်ဖော်မယ်"ဟု ၎င်းက ပြောသည်။

ယခုနှစ်အတွင်း ဧက ၂၀၀ ကျော် ကျယ်ဝန်းသည့် မြေနေရာပေါ်တွင် လေးထပ်နှင့် ငါးထပ် အမြင့်ရှိသည့် အဆောက်အအုံပေါင်း ၅၀ ခန့် တည်ဆောက်သွားမည် ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီးက မေ ၁၉ ရက်တွင် ရန်ကုန်မြို့၌ ပြုလုပ်သည့် မြန်မာ-အိန္ဒိယ စီးပွားရေးဆိုင်ရာ အထူးသီးသန့်ဆွေးနွေးပွဲတွင် မီဒီယာများနှင့် တွေ့ဆုံစဉ် ပြောကြားခဲ့ခြင်း ဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အခြေခံလူတန်းစား များအတွက် အိုးပိုင်အိမ်ပိုင်ရှိစေရန် ယင်းကဲ့သို့ တန်ဖိုးနည်း အိမ်ရာများ ဖော်ဆောင်ခြင်းဖြစ်ပြီး အဆိုပါ တန်ဖိုးနည်း အိမ်ရာများကို ကျပ်သိန်း ၁၀၀ အောက် ဖြစ်စေရန် လုပ်ဆောင်မည်ဖြစ်သည့်အပြင် အဆင့်အတန်းမနိမ့်စေဘဲ လိုအပ်သည့် Infrastructure များ ပါဝင်ကာ နှစ်နှစ်အတွင်း အကောင်အထည်ဖော်မည်ဖြစ်ကြောင်း သိရသည်။

"ဝန်ကြီးဌာနအနေနဲ့ တန်ဖိုးနည်းအိမ်ရာတွေကို ကျပ်သိန်း ၁၀၀ အောက် ရောင်းချနိုင်အောင်၊ အရည် အသွေးကောင်းပြီး နေချင်စဖွယ်အိမ်ဖြစ်အောင် ကိုယ့် အစီအစဉ်နဲ့ ကိုယ်ဆောက်ကြည့်နေတယ်။ အိုးပိုင်အိမ်ပိုင် မရှိတဲ့ သူတွေကို တစ်လ ရှစ်သောင်း၊ တစ်သိန်းပေးပြီး ရှစ်နှစ်နဲ့ ၁၀ နှစ်အတွင်း အိမ်အပိုင်ရအောင် လုပ်ပေးချင် တယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ယင်းကဲ့သို့ တန်ဖိုးနည်းအိမ်ရာများ တည်ဆောက် ရာတွင် ပုဂ္ဂလိက လုပ်ငန်းရှင်များကို ဖိတ်ခေါ်သွားမည် ဖြစ်သည့်အပြင် နိုင်ငံတကာတွင် ကျင့်သုံးနေသည့် ဘဏ် ချေးငွေစနစ်ကိုလည်း အကောင်အထည် ဖော်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် အဆိုပါ အိမ်ရာဝယ်ယူလိုသည့် ပြည်သူ များအနေဖြင့် အခန်းတန်ဖိုး၏ ၁၅ ရာခိုင်နှုန်းကို ကြိုတင် ငွေအဖြစ် ပေးသွင်းရမည်ဖြစ်ပြီး တစ်လတစ်ကြိမ် အချိုးကျ နှုန်းဖြင့် ရှစ်နှစ်နှင့် ၁၀ နှစ်ကြာ ကာလအတွင်း ကျသင့်ငွေကို ပေးသွင်းရုံဖြင့် ပိုင်ဆိုင်နိုင်သည့်စနစ်ကို အကောင်အထည် ဖော်ဆောင်ရွက်သွားရန် စီစဉ်ထားကြောင်း သိရသည်။

အဆိုပါ အကောင်အထည်ဖော်တည်ဆောက်မည့် တန်ဖိုးနည်းအိမ်ရာရှိ အခန်းများတွင် ရေ၊ မီး အပြည့်အစုံ ပါဝင်ကာ အိပ်ခန်း နှစ်ခန်း၊ ရေချိုးခန်းနှင့် အိမ်သာ စသည်ဖြင့် အပြည့်အစုံပါဝင်မည်ဖြစ်ပြီး လမ်းပန်းဆက် သွယ်ရေးကောင်းမွန်အောင် လုပ်ဆောင်ပေးမည်ဖြစ်သည့် အပြင် စာသင်ကျောင်း၊ ကစားကွင်းနှင့် ဈေးတို့လည်း ပါဝင် မည်ဖြစ်ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-ဇော်ကြီး(ပဏီတ)**

**■ ဆိုင်ကလုန်းရွှန်နူမှ**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ တောင်ပိုင်းကမ်းခြေဒေသကို ကော့ဘဇား မြို့အနီးမှ ဖြတ်ကျော်ဝင်ရောက်နိုင်ပါသည်။

ဆိုင်ကလုန်းမုန်တိုင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံတောင်ပိုင်း ကမ်းခြေသို့ ဖြတ်ကျော်စဉ် ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ် တို့တွင် မိုင်(၅၀)မှ မိုင်(၆၀)ခန့်၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်း ဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် အမြင့်ဆုံး လေတိုက်နှုန်းမှာ ၃၅ မိုင်မှ မိုင် ၄၀ ခန့် တိုက်ခတ် နိုင်သည်။ မုန်တိုင်းဒီရေ အမြင့်ဆုံးမှာ မောင်တောနှင့် စစ်တွေခရိုင် ကမ်းခြေဒေသများတွင် ၁၀ ပေမှ ၁၂ ပေခန့် အထိနှင့် ကျောက်ဖြူခရိုင်ကမ်းခြေဒေသတွင် ၈ ပေမှ ၁၀ ပေခန့်အထိ မြင့်တက်လာနိုင်သည်။

အဆိုပါ မုန်တိုင်းအရှိန်ကြောင့် မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် မကြာခဏ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးရာမှ လှိုင်း အလွန်ကြီးနိုင်ကြောင်း၊ မိုးသက်လေပြင်းကျစဉ် ရေပြင်/ မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၅၀ မှ မိုင် ၆၀ အထိ တိုက်ခတ်နိုင်ကြောင်း သိရှိရပါသည်။

**အရေးပေါ်အခြေအနေစီမံခန့်ခွဲမှုဗဟိုဌာန၏ သုံးသပ်တင်ပြချက်**

၁။ ဆိုင်ကလုန်းမုန်တိုင်း၏ အရှိန်ကြောင့် (၂၀-၅-၂၀၁၆)ရက်နေ့မှ (၂၂-၅-၂၀၁၆)ရက်နေ့အတွင်း တစ်ပြည်လုံးတွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာနိုင်ပြီး လေပြင်းတိုက်ခတ်ခြင်း၊ မိုးကြီးခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့်အတူ မြေပြိုခြင်းများ ဖြစ်ပေါ် နိုင်သည်။ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ် အနောက် ရိုးမနှင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများသည် မြေပြိုမှုအန္တရာယ် တွေ့ကြုံနိုင်သဖြင့် သတိပေးချက် ထုတ်ပြန်သင့်ပါသည်။ ထို့အပြင် မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများ ဖြစ်ပေါ် နိုင်သောကြောင့် သိရှိလိုက်နာစေရေး ဆောလျင်ထိရောက်စွာ အသိပေးရန် လိုအပ်ပါသည်။

၂။ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ် တို့တွင် မိုးကြီးနိုင်သည့်အပြင် မြေပြိုခြင်း၊ လေပြင်းများ တိုက်ခတ်ခြင်း၊ တောင်ကျချောင်းရေ ထိုးဆင်းနိုင်ခြင်းတို့ ဖြစ်ပေါ်နိုင်ပါသဖြင့် ၎င်းဒေသနေပြည်သူများနှင့် အနောက်ရိုးမတောင်စောင်းနေ ပြည်သူများအား အထူး သတိပြုနေထိုင်ကြပါရန် အသိပေးနှိုးဆော်တိုက်တွန်းသင့် ပါသည်။ ၎င်းဒေသရှိ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာ ချထားရေးရုံးများအနေဖြင့်လည်း သက်ဆိုင်ရာ ပြည်နယ်/ တိုင်းဒေသကြီးအစိုးရများထံ မုန်တိုင်းသတင်းများ အချိန်နှင့်တစ်ပြေးညီ ဆက်သွယ်ပေးပို့၍ လိုအပ်သည်များ ကြိုတင် ပြင်ဆင်ဆောင်ရွက်ရန် လိုအပ်မည် ဖြစ်ပါသည်။

၃။ ယခု ဆိုင်ကလုန်းမုန်တိုင်းသည် ၂၀၁၅ ခုနှစ် ဇူလိုင်လ ၂၆ ရက်နေ့မှ ဩဂုတ်လ ၂ ရက်နေ့အတွင်း ဖြစ်ပွားခဲ့သော ကိုမန်(Komen) မုန်တိုင်းနှင့် အလား သဏ္ဍာန်တူသဖြင့် မုန်တိုင်းဒဏ်ကြောင့် အသက်အိုးအိမ် ဆုံးရှုံးပျက်စီးမှုများ လျော့နည်းစေရေးအတွက် အထူး သတိပြုနေထိုင်ကြပါရန် လိုအပ်ကြောင်း အသိပေးနှိုးဆော် သင့်ပါသည်။

၄။ ရပ်ကွက်၊ ကျေးရွာများရှိ အောက်ခြေပြည်သူလူထု အထိ မုန်တိုင်းအသိပေးချက်ဆိုင်ရာ သတင်းအချက် အလက်များ ရောက်ရှိစေရေးအတွက် အထွေထွေအုပ်ချုပ် ရေးဦးစီးဌာန၊ မီးသတ်ဦးစီးဌာန၊ ဒေသခံလူမှုရေးအဖွဲ့ အစည်းများမှတစ်ဆင့် အသိပေးအကြောင်းကြားသင့်ပါ ကြောင်း၊ မုန်တိုင်းဒဏ်ကြောင့် မြေပြိုခြင်း၊ လမ်းကြောင်း ပိတ်ဆို့ခြင်းများဖြစ်ပေါ်လာပါက အချိန်နှင့်တစ်ပြေးညီ လမ်းကြောင်း ရှင်းလင်းရေးလုပ်ငန်းများ ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားသင့်ပါသည်။

၅။ မုန်တိုင်းဘေးကြောင့် အသက်ဆုံးရှုံးမှုလျော့နည်း စေရေးအတွက် မုန်တိုင်းအဝန်းအဝိုင်းအတွင်း ကျရောက် သည့် တိုင်းဒေသကြီး/ပြည်နယ်များမှ အစိုးရအဖွဲ့များ အနေဖြင့် ရှာဖွေကယ်ဆယ်ရေးနှင့် အရေးပေါ် ထောက်ပံ့ ရေးလုပ်ငန်းများအား မုန်တိုင်းဖြစ်ပွားမှု ပြီးလျှင်ပြီးချင်း ဆောင်ရွက်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ထားခြင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့နှင့် အမျိုးသားရှာဖွေကယ်ဆယ် ရေးကော်မတီတို့ကလည်း ပြည်ထောင်စုအဆင့် ရှာဖွေ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် လိုအပ်ပါက အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရေးအတွက် သတိပေး နှိုးဆော်ခြင်းနှင့် ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ထားသင့်ပါကြောင်း သုံးသပ်တင်ပြထားသည်။

**✪ကျောဖုံးမှ**

တိုးဆက်နိုင်၊ ၇၄မိနစ်တွင် ဂျိုးဇက်၊ ၈၅ မိနစ်တွင် အောင်လှိုင်ဝင်း၊ ၈၇ မိနစ်တွင် အောင်ဖြိုးလင်းတို့က အနိုင်ဂိုးများ ထပ်မံသွင်းယူခဲ့သည်။ ဂျိုးဇက်မှာ ဟက်ထရစ်သွင်းယူနိုင်ခဲ့ခြင်းဖြစ်ပြီး သန်လျင်အတွက် ချေပဂိုးတစ်ဂိုးကို နာကျင်အချိန် ပိုတွင်အောင်သူဟိန်းက သွင်းယူခဲ့သည်။

အောင်ဆန်းကွင်း၌ ကျင်းပသောပွဲတွင် မနောမြေအသင်းက ဒဂုံအသင်းကို အကြိတ်အနယ်ကစားပြီး တစ်ဂိုး-ဂိုး မရှိဖြင့် အနိုင်ရရှိခဲ့သည်။ မိနစ် ၉၀ တွင် ဂိုးမရှိသရေကျနေသောကြောင့် အချိန်ပိုဆက်လက်ယှဉ်ပြိုင်ခဲ့ရပြီး မနောမြေ အသင်းက အနိုင်ဂိုးသွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။

ပထမအဆင့်ပွဲစဉ်များ ပြီးဆုံးသွားပြီဖြစ်သောကြောင့် ဒုတိယအဆင့် ပွဲစဉ်များထွက်ပေါ်လာပြီဖြစ်ပြီး ရန်ကုန် ယူနိုက်တက်နှင့် မဟာယူနိုက်တက်၊ မနောမြေနှင့်ဟံသာဝတီ၊ဇေယျာရွှေမြေနှင့် မြဝတီ၊ Horizon နှင့် ရတနာပုံ၊ မကွေး နှင့် ချင်းယူနိုက်တက်၊ နေပြည်တော်နှင့် ရှမ်းယူနိုက်တက်၊ ဇွဲကပင်နှင့် Southern၊ ရခိုင်နှင့် ဧရာဝတီတို့ ယှဉ်ပြိုင်ရမည် ဖြစ်သည်။

# ယူကေရှိပညာရေးဆိုင်ရာအဖွဲ့အစည်းနှင့် ကုမ္ပဏီများ မြန်မာ့ပညာရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံရန် အခွင့်အလမ်းများရှာဖွေ

တွေ့ဆုံမေးမြန်း - မြတ်သန္တာမောင
ဓာတ်ပုံ - အငယ်လေး



ဦးဘုန်းဆုစိုး(UKTI)။

မြန်မာနိုင်ငံရှိပညာရေးကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများရှာဖွေနိုင်ရန်အတွက် ဗြိတိသျှ ပညာရေးနှင့် သင်တန်းဆိုင်ရာကုမ္ပဏီများ၊ အဖွဲ့အစည်းများက ရန်ကုန်မြို့ မင်းရဲကျော်စွာလမ်းရှိ ကုန်သည်/စက်မှုအသင်းချုပ် (UMFCCI) ၌ မေ ၁၉ ရက် နံနက် (၉)နာရီတွင် " UK Education and Training Trade Mission"ကို ပြုလုပ်ခဲ့သည်။

ယူကေကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဌာန (UKTI) နှင့် Training Gateway တို့၏ ပူးပေါင်းစီစဉ်မှုဖြင့် UK နိုင်ငံမှ ဗြိတိသျှပညာရေးနှင့် သင်တန်းဆိုင်ရာကုမ္ပဏီနှင့် အဖွဲ့အစည်းပေါင်း ၁၆ ခုမှ ၎င်းတို့၏ သင်တန်းများကို မိတ်ဆက်တင်ပြခြင်းနှင့် မြန်မာနိုင်ငံမှ ဝန်ကြီးဌာနများ၊ ကုမ္ပဏီများ၊ ကျောင်းများ၊ ကောလိပ်များ၊ တက္ကသိုလ်များနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများကိုရှာဖွေနိုင်ရန် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

မေ ၁၈ ရက်မှ ၂၀ ရက်အထိ မြန်မာနိုင်ငံသို့ လာရောက်သည့် UK ပညာရေးဆိုင်ရာအဖွဲ့အစည်း ၁၆ ဖွဲ့အနက် Aspire Consulting and Training Ltd၊ Chapel House Consultancy Ltd၊ Cambridge English Assessment South East Asia၊ Civil Service College Ltd၊ De Montfort University၊ Kingston University Landon၊ Knowledge Transmission နှင့် M2R Education တို့သည် မြန်မာနိုင်ငံ၌ Business Matching ပြုလုပ်နိုင်ရန် ရှာဖွေသွားမည်ဖြစ်ကြောင်း သိရသည်။

ယနေ့ပြပွဲတွင် အရောင်းသင်တန်း၊ Civil အင်ဂျင်နီယာနှင့် ဆောက်လုပ်ရေးအင်ဂျင်နီယာသင်တန်း၊ ကိုယ်ပိုင်ခေါင်းဆောင်မှု စွမ်းရည်သင်တန်း၊ အထက်တန်းပညာရေးသင်ရိုးညွှန်းတမ်းများရေးဆွဲခြင်း အတတ်သင်တန်း၊ အင်္ဂလိပ်ဘာသာစကား စံနှုန်းသတ်မှတ်ခြင်းသင်တန်း၊ အလုပ်ခွင်ဝင်သူများအတွက် မရှိမဖြစ် အင်္ဂလိပ်စာ စွမ်းရည်သင်တန်း၊ ဆရာဖြစ်သင်တန်း၊ တက္ကသိုလ်တည်ဆောက်ခြင်းသင်တန်း အစရှိသည်တို့ကို ဘာသာရပ်အလိုက် သီးခြားလက်တွေ့သင်ကြားပြသခဲ့သည်။

ယနေ့ပြပွဲသို့ မြန်မာနိုင်ငံဆိုင်ရာ ဗြိတိသျှသံအမတ်ကြီး Mr. Andrew Patrick လည်း တက်ရောက်ခဲ့သည်။ ယူကေကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဌာန (UKTI) သည် အစိုးရအဖွဲ့အစည်းတစ်ခု ဖြစ်သည်။ UKTIသည် နိုင်ငံတကာရှိ ဗြိတိသျှသံရုံးများမှတစ်ဆင့် ကျွမ်းကျင်သူများနှင့် အဆက်အသွယ်များကို ချိတ်ဆက်ပြီး ယူကေအခြေစိုက်ကုမ္ပဏီများ နိုင်ငံတကာတွင် အောင်မြင်မှုရရှိစေရန် ကူညီပေးနေကြောင်း သိရသည်။

ယနေ့ပြပွဲတွင် ယူကေကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဌာန (UKTI) မှ Trade and Investment မန်နေဂျာ ဦးဘုန်းဆုစိုးအား မြန်မာ့သတင်းစဉ်မှ တွေ့ဆုံပြီး ယူကေ၏ မြန်မာ့ပညာရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမည့် အနာဂတ်အလားအလာများအကြောင်း မေးမြန်းခဲ့သည်။

**မေး။ ။ဒီနေ့ပြပွဲက ဘာထူးခြားမှုတွေရှိသလဲ။ မြန်မာနိုင်ငံရဲ့ စီးပွားရေးလုပ်ငန်းကဏ္ဍတွေ အများကြီးရှိတဲ့ အထဲမှာမှ ဘာကြောင့် အခုလိုပညာရေးကဏ္ဍကို ဝင်ရောက်ပြီး ရင်းနှီးမြှုပ်နှံကြဖို့ စိတ်ဝင်စားကြတာလဲ။**

ဖြေ။ ။အရင်တုန်းကလို ကျောင်းသားစုဆောင်းတဲ့ပွဲမျိုးမဟုတ်ဘဲနဲ့ UK မှာရှိတဲ့ သင်တန်းကျောင်းတွေ၊ စီးပွားရေးလုပ်ငန်းဆိုင်ရာသင်တန်းတွေက မြန်မာနိုင်ငံမှာရှိတဲ့ သင်တန်းကျောင်းတွေ၊ အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်ချင်ပါတယ်။ ဒီအတွက်ကြောင့် ကျွန်တော်တို့ UKTI အနေနဲ့ ဒီပွဲလေးဖြစ်မြောက်အောင် စီစဉ်ရတာပါ။ ပညာရေးဟာ (Sector) ကဏ္ဍအားလုံးနဲ့ သက်ဆိုင်ပါတယ်။ ပညာရေးလို့ ပြောလိုက်ရင် အထက်တန်းကျောင်းတုန်းကလို ပထဝီ၊ သမိုင်း၊ အင်္ဂလိပ်စာ အဲဒီလိုမျိုးမဟုတ်ဘဲနဲ့ ဘယ်ကဏ္ဍမဆိုပေါ့။ အခု မြန်မာနိုင်ငံမှာဆိုရင် Telecom လို့ပြောရင်လည်း ပညာရေးနဲ့ သက်ဆိုင်တယ်။ IT (သတင်းအချက်အလက်နဲ့နည်းပညာ)လို့ ပြောရင်လည်း ပညာရေးနဲ့ ဆိုင်တာပဲ။ Oil & Gas (ရေနံနဲ့သဘာဝဓာတ်ငွေ့) ဆိုလည်း ပညာရေးနဲ့ဆိုင်တာပါပဲ။ ဒီနေ့လာတဲ့ အဖွဲ့တွေထဲကမှ Training Gate Way ဆိုရင် ဒီမှာရှိတဲ့ ကျောင်းတွေက ဟိုမှာရှိတဲ့ ဘယ်လိုကျောင်းတွေနဲ့ ပူးပေါင်းလဲ။ ဒါအတွက်ကို အခမဲ့အကြံဉာဏ်ပေးတယ်။

ပညာရေးကို ရွေးရတာက သူကကဏ္ဍအားလုံးရဲ့ (Foundation) အုတ်မြစ်ပဲ။ ပညာရေးကဏ္ဍက ရှေ့လျှောက် ဘယ်လိုလမ်းကြောင်းနဲ့ သွားမလဲ။ Added Value တွေပေါ့။ ဒါတွေက အဓိကကျတဲ့အတွက် ပညာရေးကဏ္ဍကို အဓိကလုပ်ဖြစ်သွားတာပါ။

**မေး။ ။ဒီနေ့ပြပွဲမှာ ပြည်တွင်းမှာရှိတဲ့ ပညာရေးကဏ္ဍမှာ ရင်းနှီးမြှုပ်နှံသူတွေက UK မှာရှိတဲ့ ကျောင်းတွေ၊ သင်တန်းတွေ၊ တက္ကသိုလ်တွေနဲ့ ချိတ်ဆက်ပြီး စီးပွားရေးအရ ပူးပေါင်းဆောင်ရွက်ချင်ရင် အစ်ကိုတို့ UKTI အနေနဲ့ ဘယ်လိုကူညီသွားမလဲ။**

ဖြေ။ ။ဒီနေ့က တစ်ဖက်နဲ့တစ်ဖက် တိုက်ရိုက်တွေ့ဆုံခွင့်ပေးပါတယ်။ ဒီနေ့မှာဆိုရင် အမြည်းသင်တန်းတွေပေးတာပါတယ်။ ဒ့ါအပြင် ဒီ ၁၆ ဖွဲ့ရဲ့ ပြခန်းတွေပါတယ်။ ပြည်တွင်းမှာရှိတဲ့ အဖွဲ့အစည်းတွေက ကျောင်းတိုင်းနဲ့ စကားပြောကြည့်လို့ရတယ်။ အခုလာရောက်တွေ့ဆုံတဲ့ ၁၆ ဖွဲ့ဟာ တခြားဘယ်နိုင်ငံတွေ၊ ဘယ်အဖွဲ့အစည်းတွေနဲ့ ချိတ်ဆက်လုပ်ဆောင်နေတယ်ဆိုတာတွေလည်း သိနိုင်မယ်။ ဒါတွေကိုလေ့လာပြီး ကိုယ်နဲ့ အသင့်တော်ဆုံးဖြစ်မယ့် အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းလို့ရပါတယ်။

**မေး။ ။အခုလက်ရှိမှာ UK အနေနဲ့ မြန်မာနိုင်ငံမှာရှိတဲ့ ပညာရေးကဏ္ဍရဲ့ ဘယ်လိုနေရာတွေမှာ ရင်းနှီးမြှုပ်နှံထားပါသလဲ။**

ဖြေ။ ။ထင်သာမြင်သာရှိတာကတော့ Dulwich College International ပါ။ ပူးပေါင်းလုပ်ဆောင်နေတာတွေရှိပါတယ်။ ဒါဟာ UK က ရင်းနှီးမြှုပ်နှံမှုတစ်ခုပဲပေါ့။ တခြားအစီအစဉ်တွေအနေနဲ့ဆိုရင်တော့ စာရင်းကိုင်ဘက်မှာဆိုရင် LCCI တို့ ACCA တို့ ရှိပါတယ်။ နောက် (Business Management) စီးပွားစီမံခန့်ခွဲမှုမှာလည်း အလားတူ program တွေ အများကြီးရှိပါတယ်။ UK အနေနဲ့က မြန်မာပြည်ကျောင်းသားတွေနဲ့ အတော်လေး ရင်းနှီးပါတယ်။ ပူးပေါင်းဆောင်ရွက်မှုတိုင်းမှာ အပြန်အလှန် ရင်းနှီးမြှုပ်နှံမှုပေါ့။ ကျွန်တော်တို့က ပိုက်ဆံတစ်ခုတည်းမဟုတ်ဘဲ ပညာရေးနယ်ပယ်မှာ ရင်းနှီးမြှုပ်နှံမှုတွေလည်း အများကြီးရှိပါတယ်။ ဒီမှာရှိတဲ့ ဈေးကွက်ဖွံ့ဖြိုးတိုးတက်သွားအောင် တတ်စွမ်းသမျှသင်တန်းတွေ ဖွင့်ပေးတယ်။ စရိတ်သက်သာသင်တန်းတွေ စီစဉ်ဖြစ်သွားတယ်။ ပူးပေါင်းဖြစ်သွားတယ်ဆိုရင်လည်း ရင်းနှီးမြှုပ်နှံမှုလို့ ယူဆလို့ရပါတယ်။

**မေး။ ။မြန်မာနိုင်ငံမှာ များသောအားဖြင့် စီးပွားရေးဆိုင်ရာသင်တန်းတွေ၊ နည်းပညာဆိုင်ရာသင်တန်းတွေနဲ့ အင်္ဂလိပ်စာသင်တန်းတွေကို စိတ်ဝင်စားကြတာများပါတယ်။ ဒီနေ့ပွဲမှာ မြန်မာနိုင်ငံရဲ့ ပညာရေးကဏ္ဍမှာ ရင်းနှီးမြှုပ်နှံသူနည်းတဲ့ ပညာရပ်နယ်ပယ်တွေကိုကော ထည့်သွင်းပြသဖို့ရှိပါသလား။**

ဖြေ။ ။ဒါကတော့ ကျောင်းသားတွေဘက်က အချိန် ရင်းနှီးမြှုပ်နှံတယ်ဆိုတာက လတ်တလော သတင်းတွေ၊ ဂျာနယ်တွေပေါ်မှာ မြင်နေရတဲ့ အခွင့်အလမ်းတွေပေါ်မှာမူတည်နေပါတယ်။ ဖုန်းတွေအသုံးပြုတာ များလာတယ်။ အင်တာနက်လည်းရနေတော့ Telecom ကဏ္ဍပါ။ IT ကလည်း အများကြီးအလားအလာရှိလာတယ်။


မြန်မာနိုင်ငံဆိုင်ရာ ဗြိတိသျှသံအမတ်ကြီးက အမှာစကားပြောကြားစဉ်။

ဒီနယ်ပယ်တွေမှာ ရင်းနှီးမြှုပ်နှံကြတယ်။ တစ်ချိန်တုန်းကလည်း ဆေးတက္ကသိုလ်တွေက အကောင်းဆုံးလို့ သတ်မှတ်ကြပြီး ဆေးပေါ့။ ဒါကတော့ သတင်းတွေမှာ မြင်နေရတဲ့အပေါ်မှာမူတည်ပြီး အချိန်နဲ့ ပညာရေးကို ရင်းနှီးမြှုပ်နှံကြတယ်။ ဒါပေမယ့် ဖွံ့ဖြိုးပြီးနိုင်ငံတွေမှာကြည့်ရင် Advance Engineering ပေါ့။ အင်ဂျင်နီယာပညာနဲ့ ပတ်သက်တာ၊ တည်ဆောက်ရေးနဲ့ ပတ်သက်တာ၊ လျှပ်စစ်နဲ့ ပတ်သက်တာတွေကို အချိန်ရင်းနှီးမြှုပ်နှံကြတဲ့ လူငယ်တွေလည်း အများကြီးရှိပါတယ်။ ဒီနေ့ပွဲမှာဆိုရင် Portsmouth က (Civil Engineering) မြို့ပြအင်ဂျင်နီယာနဲ့ ပတ်သက်တာကို မိတ်ဆက်ပြသတယ်။ သူ့မှာတခြား (Health Care) ကျန်းမာရေးစောင့်ရှောက်မှု ကဏ္ဍတွေလည်းရှိပါတယ်။ ကဏ္ဍတိုင်းမှာ ရင်းနှီးမြှုပ်နှံလို့ရတယ်။ မြန်မာနိုင်ငံက အခုပွင့်လင်းလာတော့ ကဏ္ဍပေါင်းစုံက စိတ်ဝင်စားတယ်။ ကိုယ်အချိန်ပေးပြီး ရင်းနှီးမြှုပ်နှံသင်ယူတာနဲ့ ဖွံ့ဖြိုးလာမှာက ကွက်တိလောက်ကျလိမ့်မယ်။ ကိုယ်က ဘာကိုဝါသနာပါလဲ။ တစိုက်မတ်မတ် လေ့လာလိုက်စားတယ်ဆိုရင်တော့ တစ်ချိန်မှာ အကောင်းဆုံးရလဒ်ကို ပြန်ရမှာပါ။

**မေး။ ။ဒါဆိုရင် UKTI ရဲ့ Trade & Investment မန်နေဂျာတစ်ယောက်အနေနဲ့ မြန်မာနိုင်ငံဖွံ့ဖြိုးဖို့အတွက် ပညာရေးကဏ္ဍမှာ ဘယ်လိုနယ်ပယ်တွေကို ဖွံ့ဖြိုးအောင် လုပ်သင့်တယ်လို့ အကြံပြုချင်ပါသလဲ။**

ဖြေ။ ။ကျွန်တော်တို့ UKTI ရဲ့ Trade and Investment အပိုင်းမှာ ကျွန်တော်တို့ ဦးစားပေးထားတဲ့ ကဏ္ဍကြီးသုံးခုရှိပါတယ်။ ပထမတစ်ခုက ပညာရေး (Education)၊ ဒုတိယက ရေနံနဲ့သဘာဝ ဓာတ်ငွေ့ (Oil & Gas) နဲ့ နောက်ဆုံးတစ်ခုက အခြေခံအဆောက်အအုံ (Infrastructure)ပေါ့။ ကျွန်တော်က Infrastructure အပိုင်း တာဝန်ယူတားတော့ ကျွန်တော်လေ့လာမိသလောက် ဒီကဏ္ဍမှာ မြန်မာနိုင်ငံကဖွံ့ဖြိုးတိုးတက်အောင်လုပ်ဖို့ အခွင့်အလမ်းတွေ အများကြီးရှိနေတယ်။ ဥပမာ. . ရထား၊ ကားအစရှိသည်ဖြင့်ပေါ့။ ပြီးရင် Public Services တွေပါ။ ပြည်သူတွေ အသုံးပြုနေတဲ့ ရေ၊ မီးတွေကိုလည်း အများကြီးဖွံ့ဖြိုးအောင် လုပ်လို့ရပါတယ်။ တည်ဆောက်ရေးလုပ်ငန်းဆိုရင် Construction (ဆောက်လုပ်ရေး) လုပ်ငန်းတစ်ခုတည်းမှမဟုတ်ဘဲနဲ့ Electrical, Mechanical နဲ့ Electornicပေါ့။ အားလုံးက ချိတ်ဆက်နေတာပါ။ ဒါတွေနဲ့ ပတ်သက်တဲ့ သီးခြားဘာသာရပ်နယ်ပယ်တွေရှိတယ်။ ကိုယ်အားသန်ရာ ဘာသာရပ်ကိုလေ့လာပြီး ပညာရှင်တွေ ပူးပေါင်းလုပ်ဆောင်ကြမယ်ဆိုရင် မြန်မာနိုင်ငံရဲ့ မတူညီတဲ့ Infrastructure လိုအပ်ချက်တွေကို ကိုယ့်ရဲ့ပြည်တွင်းအင်အားနဲ့ အမြန်ဆုံးဖြည့်ဆည်းနိုင်မှာပါ။ ဒီနေရာမှာ Infrastructure တွေတည်ဆောက်ဖို့ ဘဏ္ဍာရေး၊ အာမခံတွေနဲ့လည်း သက်ဆိုင်လာမှာပါပဲ။ တည်ဆောက်ဖို့အတွက် ငွေကို ဘယ်လိုရအောင်ရှာမလဲ။ အစိုးရရဲ့ ဘတ်ဂျက်တစ်ခုတည်းနဲ့သာမဟုတ်ဘဲနဲ့ တခြားဘယ်လိုနည်းလမ်းတွေနဲ့ လုပ်ကိုင်ကြမလဲ။ ဒါကြောင့် မတူညီတဲ့ ပညာရပ်အားလုံးသည် ကိုယ်ကျွမ်းကျင်ရာပူးပေါင်းပြီး Infrastructure ကို ဝိုင်းပြီးတည်ဆောက်ကြမယ်ဆိုရင် ပြည်တွင်းအင်အားနဲ့ အမြန်ဆုံးဖွံ့ဖြိုးလာမယ်ထင်ပါတယ်။

**မေး။ ။နောက်ဆုံးမေးခွန်းအနေနဲ့ သိချင်တာက UKTI အနေနဲ့ ဒီပြပွဲအပြင် မြန်မာနိုင်ငံမှာ တခြား ဘယ်လိုအစီအစဉ်တွေ ဆက်လက်ဆောင်ရွက်ဖို့ရှိပါသလဲ။**

ဖြေ။ ။ကျွန်တော်တို့က ပုံမှန်အလုပ်အနေနဲ့က UK ဘက်က စိတ်ဝင်စားတဲ့ ကုမ္ပဏီတွေက ချိတ်ဆက်လာရင် မြန်မာပြည်တွင်းက ကုမ္ပဏီတွေနဲ့ ချိတ်ဆက်ပေးပါတယ်။ ဒါကတော့ တစ်နှစ်တာပတ်လုံးပေါ့။ မြန်မာနိုင်ငံဘက်ကပူးပေါင်းဆောင်ရွက်ချင်တဲ့ အခွင့်အလမ်းတွေရှိတယ်လို့ အကြောင်းကြားလာရင်လည်း မိတ်ဖက်၊ စီးပွားဘက်အဖွဲ့အစည်းတွေ ကူရှာပေးပါတယ်။ Professional Association တွေကအစ ကျွန်တော်တို့ ချိတ်ဆက်ပြီး ကူရှာပေးပါတယ်။

# အပြည်ပြည်ဆိုင်ရာပြတိုက်များကောင်စီတွင် အဖွဲ့ဝင်နိုင်ငံဖြစ်ရန် မြန်မာနိုင်ငံ ဆောင်ရွက်နေ

**ရန်ကုန် မေ ၂၀**




မြန်မာနိုင်ငံအနေဖြင့် ပြင်သစ်နိုင်ငံ ပဲရစ်မြို့ရှိ International Council 0f Museums (ICOM) အပြည်ပြည်ဆိုင်ရာ ပြတိုက်များကောင်စီတွင် အဖွဲ့ဝင်နိုင်ငံဖြစ်ရန် အမျိုးသားအဆင့် ကော်မတီဖြစ်သည့် မြန်မာနိုင်ငံ (ICOM) အမျိုးသားကော်မတီနှင့် မြန်မာနိုင်ငံပြတိုက်များ ကော်မတီတို့ကိုဖွဲ့စည်းပြီး ဆောင်ရွက်လျက်ရှိကြောင်း မေ ၁၈ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ရှိ အမျိုးသားပြတိုက်တွင် ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ ပြတိုက်များနေ့ အထိမ်းအမှတ် အခမ်းအနားမှ သိရသည်။

"မြန်မာနိုင်ငံဟာ အပြည်ပြည်ဆိုင်ရာပြတိုက်များကောင်စီ(ICOM) အဖွဲ့ဝင် မဖြစ်သေးပေမယ့် မကြာမီကာလမှာ (ICOM) အဖွဲ့ဝင်နိုင်ငံဖြစ်အောင် ဆောင်ရွက်နေပါတယ်။ အမျိုးသားအဆင့် ကော်မတီဖြစ်တဲ့ မြန်မာနိုင်ငံ (ICOM) အမျိုးသားကော်မတီနဲ့ မြန်မာနိုင်ငံပြတိုက်များ ကော်မတီတို့ကိုလည်း စတင်ဖွဲ့စည်း ဆောင်ရွက်လျက်ရှိပါတယ်။ အခုဆိုရင် (ICOM) ဝင်ဖို့လိုအပ်ချက်တွေလည်း ပြည့်စုံနေပါပြီ။ (ICOM) နဲ့ပတ်သက်လို့ အပြည်ပြည်ဆိုင်ရာ ပြတိုက်များနေ့အခမ်းအနားတွေမှာ နိုင်ငံတကာနည်းတူ မနှစ်ကစပြီး လှုပ်ရှား ဆောင်ရွက်မှုတွေ လုပ်နေပါတယ်"ဟု ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးလွင်က ပြောသည်။

အဆိုပါအပြည်ပြည်ဆိုင်ရာပြတိုက်များကောင်စီက ပြတိုက်များနှင့် ပတ်သက်သော ဘာသာရပ်ဆိုင်ရာ စည်းမျဉ်းများ၊ ပညာရပ်များကို အဖွဲ့ဝင်များကြား ချိတ်ဆက်ဆောင်ရွက်ပေးနေသည့် အဖွဲ့ကြီးဖြစ်သည့်အပြင် ပြတိုက်များအတွက် ထူးခြားကောင်းမွန်သော စံအဆင့်အတန်းများကို ပိုမိုကောင်းမွန်လာအောင် မြှင့်တင်ဆောင်ရွက်ပေးခြင်း၊ ပြတိုက်များ၏ စီမံခန့်ခွဲမှုဆိုင်ရာများ၊ ပြတိုက်ပစ္စည်း စုဆောင်းခြင်းနှင့် စွန့်ပစ်ခြင်း၊ ပြတိုက်ဝန်ထမ်းများ အရည်အသွေးမြှင့်တင်ရေးစသည်တို့ကို ဆောင်ရွက်ပေးကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ သိရသည်။

"(ICOM) မဝင်ထားတဲ့အတွက် နစ်နာတာတွေရှိတယ်။ နာဂစ်လိုမျိုးဖြစ်သွားတယ်ဆိုပါစို့။ ရန်ကုန်အမျိုးသားပြတိုက်မှာ ထိခိုက်နစ်နာမှုတွေရှိတယ်ဆိုရင် ချက်ချင်းလှမ်းမေးပြီး ထောက်ပံ့မှုတွေ၊ ကူညီမှုတွေရမယ်။ အထူးသဖြင့် ပညာရပ်ဆိုင်ရာတွေနဲ့ ပြတိုက်မှာ ပစ္စည်းထိခိုက်မှုတွေရှိရင် ပညာရှင်တွေ လွှတ်ပေးမယ်။ အပြည်ပြည်ဆိုင်ရာ ပြတိုက်များကောင်စီကပေးတဲ့ သင်တန်းတွေ တက်ခွင့်ရမယ်။ အခုကမရဘူးဖြစ်နေတယ်။ သူတို့ဖိတ်ခေါ်ရင် အသင်းဝင်နိုင်ငံတွေရဲ့ ပြတိုက်ဝန်ထမ်းတွေ နိုင်ငံခြားပညာတော်သင် ဆည်းပူးခွင့်ရမယ်။ နိုင်ငံခြားမှာ ပညာသင်ယူခွင့်က အလွန်အရေးကြီးပါတယ်။ အခုက အထွေထွေအသိဉာဏ်လောက်ပဲရှိပြီး တစ်ခုချင်းအသေးစိတ်ပြုပြင်မွမ်းမံတာကျတော့ အခက်အခဲတွေရှိတဲ့အတွက် ပြတိုက်ကောင်စီဝင်ဖြစ်ရင် သင်တန်းတက်ရမယ့် အကျိုးကျေးဇူးတွေပါရရှိမှာဖြစ်ပါတယ်"ဟု ပြတိုက်အတိုင်ပင်ခံ ဒေါ်နုမြဖုံက ပြောသည်။

မြန်မာနိုင်ငံသည် အပြည်ပြည်ဆိုင်ရာပြတိုက်များကောင်စီတွင် အဖွဲ့ဝင်အဖြစ် ပါဝင်ခွင့်ရပါက ထိုက်သင့်သည့် နှစ်စဉ်ကြေးကို အပြည်ပြည်ဆိုင်ရာ ပြတိုက်များကောင်စီသို့ ယူရိုငွေဖြင့် ပေးသွင်းရမည်ဖြစ်ပြီး ရှေးဟောင်းသုတေသနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ဦးဆောင်ပေးသွင်းသွားမည်ဆိုပါက တစ်နိုင်ငံလုံးရှိ ပြတိုက်အဖွဲ့ဝင်များအနေဖြင့် အခမဲ့ (ICOM)အဖွဲ့ဝင်ခွင့်ရရှိသွားမည်ဖြစ်ပြီး အဖွဲ့ဝင်၏ အကျိုးကျေးဇူးများကို ခံစားခွင့်ရရှိမည်ဖြစ်ကြောင်း ပြတိုက်အတိုင်ပင်ခံပညာရှင်ထံမှ သိရသည်။

အပြည်ပြည်ဆိုင်ရာ ပြတိုက်များကောင်စီ (ICOM)ကို ၁၉၄၆ ခုနှစ်တွင် သဘာဝယဉ်ကျေးမှုအမွေအနှစ်များအား ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရန်၊ ဒြပ်ရှိနှင့် ဒြပ်မဲ့ယဉ်ကျေးမှုများအား ထိန်းသိမ်းကာကွယ်စောင့်ရှောက်မှုများကို တိုးမြှင့်ဆောင်ရွက်ရန်အတွက် ကမ္ဘာတစ်ဝန်းလုံးရှိ ပြတိုက်များ၊ ပြတိုက်ဝန်ထမ်းများ စုစည်းကာ ဖွဲ့စည်းတည်ထောင်ခဲ့ပြီး ယခုအခါ နိုင်ငံပေါင်း ၁၃၅ နိုင်ငံနှင့် အဖွဲ့ဝင်ပြတိုက်ပေါင်း ၃၅၀၀၀ ရှိကြောင်း သိရသည်။

**သတင်း-သီသီမင်း**
**ဓာတ်ပုံ-ကိုကြီးစိန်**

# မြန်မာသီလဝါအက် (စ်)အီးဇက်ဟိုး(လ်)ဒင်း(စ်)ပတ်ဘလစ်လီမိတက်၏ အစုရှယ်ယာစတင်ရောင်းချ တစ်ရက်အတွင်း ရှယ်ယာဈေးနှုန်း ကျပ်တစ်သောင်းမြင့်တက်ခဲ့

**ရန်ကုန် မေ ၂၀**

မြန်မာသီလဝါ အက်(စ်)အီးဇက်ဟိုး(လ်)ဒင်း(စ်)ပတ်ဘလစ်လီမိတက်၏ အစုရှယ်ယာတစ်စု၏အခြေခံဈေးနှုန်း ကျပ် ၄၀၀၀၀ ဖြင့် မေ ၂၀ ရက်တွင် ဈေးကွက်စတင်ဖွင့်လှစ်ရောင်းချခဲ့ပြီး ယင်းနေ့တွင်ပင် ကျပ်တစ်သောင်းမြင့်တက်ခဲ့ကာ ယင်းကုမ္ပဏီ၏ အစုရှယ်ယာတစ်စုဈေးနှုန်း ကျပ်ငါးသောင်းဖြစ်ခဲ့ကြောင်း ရန်ကုန်စတော့အိတ်ချိန်း၏ ညနေပိုင်းဈေးကွက်ပိတ်ချိန် သတင်းအချက်အလက်များအရ သိရသည်။

မြန်မာသီလဝါ အက်(စ်)အီးဇက်ဟိုး(လ်)ဒင်း(စ်)ပတ်ဘလစ်လီမိတက်၏ အစုရှယ်ယာများကို အစုရှယ်ယာတစ်စုချင်းဈေး ကျပ် ၄၀၀၀၀ဖြင့် စတင် ဖွင့်လှစ်ရောင်းချရန် မေ ၁၉ ရက် နံနက် ၉ နာရီတွင် သတ်မှတ်ကြေညာခဲ့သည်။ မေ ၂၀ ရက် ရန်ကုန်စတော့အိတ်ချိန်းတွင် ရှယ်ယာအရောင်းအဝယ်ဖြစ်ခဲ့သည့် စာရင်းများအရ သီလဝါအများပိုင်ကုမ္ပဏီ၏ အစုရှယ်ယာပေါင်း တစ်သောင်းကျော်အရောင်းအဝယ်ဖြစ်ခဲ့ကာ ငွေကျပ် ၅၀၇၈၅၀၀၀၀ ဖြစ်ကြောင်း ရန်ကုန်စတော့အိတ်ချိန်းမှ သိရသည်။

ရန်ကုန်စတော့အိတ်ချိန်းတွင် စာရင်းဝင် ကုမ္ပဏီအဖြစ် F.M.I ကုမ္ပဏီက မတ် ၂၅ ရက်တွင် ရှယ်ယာများ စတင်ရောင်းချခဲ့ပြီး အဆိုပါကုမ္ပဏီ၏ ရှယ်ယာများ ဈေးကွက်စတင်ဖွင့်လှစ်သည့် မတ် ၂၅ ရက်တွင် အစုရှယ်ယာတစ်ခု၏ ဈေးနှုန်းမှာ ၃၁၀၀၀ ကျပ်ဖြစ်ကြောင်း သိရသည်။ ယင်းနေ့တွင် အစုရှယ်ယာပေါင်း တစ်သိန်းကျော်အထိ ရောင်းချခဲ့ရပြီး ရှယ်ယာဈေးနှုန်းမှာလည်း မတ် ၂၉ ရက်တွင် ကျပ် ၄၁၀၀၀ အထိ အမြင့်ဆုံး မြင့်တက်သွားခဲ့သည်။ ဧပြီလဆန်းပိုင်းနှင့် လကုန်ပိုင်းတို့တွင် F.M.I ကုမ္ပဏီ၏ ရှယ်ယာဈေးနှုန်းများ ပြန်လည်ကျဆင်းသွားခဲ့ပြီး စတော့အိတ်ချိန်းတွင် စာရင်းဝင်ကုမ္ပဏီအဖြစ် သီလဝါအများပိုင်ကုမ္ပဏီအား စာရင်းသွင်းကာ မေလအတွင်း ရှယ်ယာများ စတင်ရောင်းချသွားရန် ကြေညာပြီးနောက်တွင် ရှယ်ယာဈေးနှုန်းများ ကျပ် ၃၀၀၀၀ အောက်သို့ ထပ်မံကျဆင်းခဲ့သည်။ ယနေ့ သီလဝါအများပိုင်ကုမ္ပဏီ၏ အစုရှယ်ယာဈေးနှုန်း သတ်မှတ်ချက်ကို ကျပ် ၄၀၀၀၀ ဖြင့် ဈေးကွက်စတင်ဖွင့်လှစ်ရောင်းချရန် ကြေညာခဲ့သည့် F.M.I ကုမ္ပဏီ၏ ရှယ်ယာဈေးနှုန်းမှာ ကျပ် ၂၆၅၀၀ ဖြင့် ဈေးကွက်ပိတ်ခဲ့ပြီး ရှယ်ယာပေါင်း ၉၀၀၀ ကျော် ရောင်းချခဲ့ရသည်ဟု ရန်ကုန်စတော့အိတ်ချိန်းမှ သိရသည်။ မေ ၂၀ ရက် သီလဝါအများပိုင်ကုမ္ပဏီ၏အစုရှယ်ယာ စတင်ရောင်းချသည့် နေ့တွင် အက်ဖ်အမ်အိုင်ကုမ္ပဏီ၏ ရှယ်ယာဈေးနှုန်းမှာလည်း ကျပ်ငါးထောင်ခန့် မြင့်တက်ခဲ့သည်ဟု သိရသည်။

သီလဝါအများပိုင်ကုမ္ပဏီသည် စီးပွားရေး လုပ်ငန်းရှင်ကြီးများ ဒါရိုက်တာအဖွဲ့ဝင်အဖြစ် ပါဝင်နေပြီး အများပြည်သူများ၏ ထည့်ဝင်ငွေများဖြင့်ဖွဲ့စည်းခဲ့သည့် အများပိုင်ကုမ္ပဏီတစ်ခုဖြစ်ကာ ရန်ကုန်စတော့အိတ်ချိန်းတွင် စာရင်းဝင်ကုမ္ပဏီအဖြစ် စာရင်းသွင်းပြီး အစုရှယ်ယာများရောင်းချသွားမည်ဖြစ်သည်။

စီးပွားရေးပညာရှင်များအနေဖြင့် စတော့အိတ်ချိန်းနှင့် ပတ်သက်၍ စတော့ရှယ်ယာဈေးကွက်ယုံကြည်မှုတည်ဆောက်ရာတွင် ဈေးကွက်ခိုင်မာမှု၊ ယုံကြည်စိတ်ချရမှုအညွှန်းကိန်းများနှင့် တိုင်းတာပြီး အာမခံနိုင်ရေးအတွက် နိုင်ငံတကာဘဏ္ဍာရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း ပြုလုပ်သင့်သည်ဟု တိုက်တွန်းထားသည်။ အစိုးရဘဏ်များကို အမေရိကန်မှ စီးပွားရေးပိတ်ဆို့မှုဖယ်ရှားလိုက်ခြင်းနှင့်အတူ နိုင်ငံတကာ ဘဏ္ဍာရေးနယ်ပယ်များနှင့် ချိတ်ဆက်နိုင်မှသာ နိုင်ငံတကာအဆင့် ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာနိုင်ပြီး ရေရှည်အောင်မြင်မှုကို တည်ဆောက်နိုင်မည်ဟု စီးပွားရေးပညာရှင်များက အကြံပြုသုံးသပ်တင်ပြထားကြသည်။

**ဆုနှင်းလဲ့**

❖

# ယုံကြည်မှု၏ စွမ်းအား

ယုံကြည်မှု
တိုတောင်းသလောက် လေးနက်သည်
လေးနက်သလောက် ရှင်းလင်းသည်
ရှင်းလင်းသလောက် အရေးပါသည်
အရေးပါသလောက် နူးညံ့သည်
နူးညံ့သလောက် ပြတ်သားသည်
ချစ်သူကြား လင်မယားကြား
သူငယ်ချင်းကြား မိသားစုကြား
အဖွဲ့အစည်းကြား နှစ်နိုင်ငံကြား
အရေးပါသော ဆက်နွယ်မှု
တန်ဖိုးကြီးသော သက်ရောက်မှု
သစ္စာတရား၏ ပြယုဂ်တစ်ခု
သူသာပျောက်ကွယ်ခဲ့လျှင်
သူသာပျက်သုဉ်းခဲ့လျှင်
သူသာမေးမှိန်ခဲ့လျှင်
ထားရှိခဲ့သော ကတိများ
ဆက်နွယ်ခဲ့သော အကြောင်းတရားများသည်
ထာဝရပျက်သုဉ်းခြင်းဆီသို့
ရောက်ရှိစမြဲတည်း။ ။

ဘတ်တီဟန်



# တရုတ်တိုင်ပေ၏ ပထမဆုံးသော အမျိုးသမီး သမ္မတ ကျမ်းသစ္စာကျိန်ဆို



**တိုင်ပေ မေ ၂၀**

တရုတ်တိုင်ပေ၏ ပထမဆုံးသော အမျိုးသမီးသမ္မတအဖြစ် ဆိုင်းအင်ဝမ်သည် မေ ၂၀ ရက်တွင် ကျမ်းသစ္စာကျိန်ဆိုလိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။

ဆိုင်း၏ ဒီမိုကရက်တစ် တိုးတက်ရေးပါတီ (ဒီပီပီ) သည် ဇန်နဝါရီလက ပါလီမန်နှင့် သမ္မတရွေးကောက်ပွဲများတွင် သောင်ပြိုကမ်းပြို အနိုင်ရရှိခဲ့သည်။ ဒီပီပီပါတီသည် အစဉ်အလာအရ တရုတ်နိုင်ငံထံမှ လွတ်လပ်ရေးရရှိရေးကို ထောက်ခံသည့် ပါတီဖြစ်သည်။ ဆိုင်းသည် တရုတ်နိုင်ငံနှင့် သဟဇာတရှိသော အမျိုးသားရေးဝါဒီ သမ္မတ မာယင်ကျောက်၏ ရာထူးနေရာတွင် ဆက်ခံသူဖြစ်သည်။

မာယင်ကျောက်သည် သမ္မတရာထူးတွင် ရှစ်နှစ်ကြာတာဝန်ထမ်းဆောင်ချိန်အတွင်း တရုတ်နိုင်ငံနှင့် ပြန်လည်သင့်မြတ်ရေးအတွက် ကြိုးပမ်းလိုသည့် မူဝါဒကို ချမှတ်ခဲ့သည်။

မာယင်ကျောက်သည် တရုတ်နိုင်ငံနှင့် နီးစပ်သူအဖြစ် တရုတ်တိုင်ပေ မဲဆန္ဒရှင်များက ရှုမြင်ကြသည်။ တရုတ်နိုင်ငံသည် တရုတ်တိုင်ပေကို ယင်း၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတစ်ခုအဖြစ် ရှုမြင်ပြီး တစ်ချိန်ချိန်တွင် ပြန်လည်ပေါင်းစည်းနိုင်မည်ဟု မျှော်လင့်သည်။

တိုင်ပေရှိ သမ္မတနန်းတော်တွင် ပြုလုပ်သော ကျမ်းသစ္စာကျိန်ဆိုပွဲနှင့် သမ္မတသစ်တစ်ဦးအဖြစ် ပွဲဦးထွက် မိန့်ခွန်းပြောကြားသည့် အခမ်းအနားကို လေ့လာစောင့်ကြည့်ရန် ပြည်သူ ၃၀၀၀၀ ခန့် စုဝေးရောက်ရှိခဲ့သည်။

မိမိသည် တရုတ်နိုင်ငံနှင့် အပြုသဘောဆောင်သည့် ဆွေးနွေးမှုများ ပြုလုပ်သွားမည်ဟု သမ္မတသစ် ဆိုင်းက ကတိပြုပြောကြားသည်။

ရေလက်ကြားဖြတ် ဆက်ဆံရေးသည် ဒေသဆိုင်ရာ ငြိမ်းချမ်းရေးနှင့် စုပေါင်းလုံခြုံမှု တည်ဆောက်ရေးတို့အတွက် အရေးကြီးသော အစိတ်အပိုင်းဖြစ်ကြောင်း ဆိုင်းက ပြောကြားသည်။

**ရိုက်တာ။**

# ဟီရိုရှီးမားတွင် အိုဘားမား လွမ်းသူ့ပန်းခွေချမည်




**တိုကျို မေ ၂၀**

အမေရိကန်သမ္မတ ဘာရက်အိုဘားမားသည် လာမည့်သီတင်းပတ်အတွင်း ဟီရိုရှီးမားမြို့သို့ သွားရောက်သည့်အချိန်တွင် ဒုတိယကမ္ဘာစစ်အတွင်း အသက်ဆုံးရှုံးခဲ့ရသူများအတွက် သတိရအောက်မေ့ဖွယ်အခမ်းအနား ပြုလုပ်သွားဖွယ်ရှိကြောင်း အမေရိကန်ထိပ်တန်းတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အိုဘားမားသည် ဟီရိုရှီးမားမြို့ရှိ ငြိမ်းချမ်းရေးအမှတ်တရ ပန်းခြံသို့ သွားရောက်မည်ဖြစ်သကဲ့သို့ လွမ်းသူ့ပန်းခွေချအောက်မေ့ဖွယ် အခမ်းအနား ပြုလုပ်သွားဖွယ်ရှိကြောင်း အမျိုးသားလုံခြုံရေးဒုတိယအကြံပေး အရာရှိ ဘန်ရော့စ်က မေ ၁၉ ရက်တွင် ပြောကြားသည်။

အိုဘားမားသည် ဂျပန်နိုင်ငံတွင် ကျင်းပမည့် ဂျီ ၇ ထိပ်သီးဆွေးနွေးပွဲ တက်ရောက်ပြီးနောက် မေ ၂၇ ရက်တွင် ဟီရိုရှီးမားမြို့သို့ သွားရောက်ရန် စီစဉ်ထားသည်။ အိုဘားမားသည် ဟီရိုရှီးမားမြို့သို့ ပထမဆုံးလာရောက်သည့် အမေရိကန်သမ္မတ ဖြစ်လာဖွယ်ရှိနေသည်။

ဟီရိုရှီးမားမြို့နှင့် နာဂါစကီမြို့များသည် နျူကလီးယားလက်နက်ကြောင့် အပြစ်မဲ့ပြည်သူပေါင်းများစွာ သေဆုံးခဲ့ရခြင်းနှင့် ပျက်စီးဆုံးရှုံးရမှုများ၏ အမှတ်လက္ခဏာဖြစ်ကြောင်း ဘန်ရော့စ်က ပြောကြားသည်။

နျူကလီးယားလက်နက်ကို အသုံးပြုခဲ့သည့် တစ်ခုတည်းသောနိုင်ငံဖြစ်သော အမေရိကန်နိုင်ငံသည် နျူကလီးယားကင်းစင်သည့်ကမ္ဘာကြီး ဖန်တီးရေးအတွက် သိက္ခာရှိရှိ တုံ့ပြန်နိုင်ရန် ကြိုးပမ်းသွားမည်ဟု ၎င်းက ပြောကြားသည်။

ဟီရိုရှီးမားသို့ အိုဘားမား သွားရောက်ခြင်းသည် ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေး ဟာဝိုင်ယီရှိ ပုလဲဆိပ်ကမ်းသို့ သွားရောက်သင့်၊ မသွားရောက်သင့် ကိစ္စနှင့် ပတ်သက်ခြင်းမရှိဘဲ ယင်းကိစ္စမှာ ရှင်ဇိုအာဘေး ဆုံးဖြတ်ရမည့် ကိစ္စဖြစ်ကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

**အင်န်အိတ်ချ်ကေ။**

# ပျောက်ဆုံးအီဂျစ်အဲဘတ်စ်အေ ၃၂၀ လေယာဉ်၏ အပျက်အစီးအပိုင်းအစများ ရှာဖွေတွေ့ရှိ

**ကိုင်ရို မေ ၂၀**

အီဂျစ်လေကြောင်းလိုင်းဌာနမှ ပျောက်ဆုံးလျက်ရှိသော အဲဘတ်စ်အေ ၃၂၀ ခရီးသည်တင်လေယာဉ်၏ အပျက်အစီးအပိုင်းအစများ မြေထဲပင်လယ်ထဲတွင် ယနေ့တွေ့ရှိခဲ့ကြောင်း အီဂျစ်တပ်မတော်က ဆိုသည်။

အဆိုပါလေယာဉ်သည် မေ ၁၉ ရက်က ပြင်သစ်နိုင်ငံပါရီမြို့မှ အီဂျစ်နိုင်ငံကိုင်ရိုမြို့သို့ထွက်ခွာခဲ့ပြီး သုံးနာရီခွဲခန့်အကြာတွင် ရေဒါစနစ်မှ ပျောက်ဆုံးသွားခဲ့သည်။ အဆိုပါလေယာဉ်တွင် ခရီးသည်နှင့် လေယာဉ်ဝန်ထမ်း ၆၆ ဦး လိုက်ပါစီးနင်းခဲ့ကြသည်။

လေယာဉ်သည် ပင်လယ်ထဲသို့ ပျက်ကျသွားခဲ့ခြင်းဖြစ်ပြီး ဂရိနှင့် အီဂျစ်စစ်တပ်များက ပျောက်ဆုံးသွားသောလေယာဉ်ကို လိုက်လံရှာဖွေလျက်ရှိသည်ဟု ပြင်သစ်သမ္မတ ဖရန်ကိုစ် ဟော်လန်ဒီက ဆိုသည်။

အီဂျစ်စစ်တပ်ဖွဲ့က အလက်ဇဒရားမြို့မြောက်ဘက် ကီလိုမီတာ ၂၉၀ အကွာအဝေးရှိပင်လယ်ထဲတွင် ပျောက်ဆုံးသွားသောလေယာဉ်၏ အပျက်အစီးအပိုင်းအစများနှင့် ခရီးသည်များ၏အသုံးဆောင်ပစ္စည်းများကို ရှာဖွေတွေ့ရှိခဲ့ကြောင်း အီဂျစ်စစ်တပ် ပြောရေးဆိုခွင့်ရှိသူက ထုတ်ပြန်ကြေညာချက်တစ်ရပ်တွင် ပြောကြားခဲ့သည်။

အလားတူ ပြင်သစ်လေကြောင်းမတော်တဆမှုစုံစမ်းစစ်ဆေးသူများနှင့် လေကြောင်းလိုင်းမှ ကျွမ်းကျင်ပညာရှင်တစ်ဦးတို့က လေယာဉ်ပျက်ကျမှုကို စုံစမ်းရန် မေ ၂၀ ရက်တွင် ကိုင်ရိုမြို့သို့ရောက်ရှိခဲ့သည်။

အီဂျစ်အစိုးရက အဆိုပါလေယာဉ်ပျက်ကျမှုသည် အကြမ်းဖက်မှုကြောင့် ဖြစ်နိုင်ခြေရှိကြောင်း အကြံပြုပြောကြားသော်လည်း စုံးစမ်းစစ်ဆေးသူများက လေယာဉ်စက်ချွတ်ယွင်းမှုကြောင့်ဖြစ်နိုင်ခြေရှိသည်ဟု ထင်မြင်လျက်ရှိကြသည်။

**အင်န်အိတ်ချ်ကေ။**

■

# ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းဖွံ့ဖြိုးစေခြင်းဖြင့် တရုတ်ပြည်သူ ၁၂ သန်း ဆင်းရဲတွင်းမှ လွတ်မြောက်မည်

**ပေကျင်း မေ ၂၀**

ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုမှ တစ်ဆင့် လာမည့်ငါးနှစ်တာကာလအတွင်း ပြည်သူ ၁၂ သန်း ဆင်းရဲတွင်းမှ လွတ်မြောက်အောင် ကြိုးပမ်းဆောင်ရွက်မည်ဟု တရုတ်နိုင်ငံက သန္နိဋ္ဌာန်ပြုကြောင်း ဆင်ဟွာ သတင်းဌာနက မေ ၂၀ ရက်တွင် သတင်းထုတ်ပြန်သည်။

တရုတ်နိုင်ငံ မြို့တော်ပေကျင်း မြို့လယ်ရှိပြည်သူ့မဟာခန်းမဆောင်ကြီး၌ မေ ၁၉ ရက် နံနက်က ကျင်းပသော ပထမအကြိမ် ကမ္ဘာ့ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးညီလာခံ ဖွင့်ပွဲအခမ်းအနားတွင် ကမ္ဘာလှည့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုမှတစ်ဆင့် လာမည့်ငါးနှစ်တာကာလအတွင်း ပြည်သူ ၁၂ သန်း ဆင်းရဲတွင်းမှ လွတ်မြောက်အောင် ကြိုးပမ်းဆောင်ရွက်မည်ဟု ဝန်ကြီးချုပ် လီခချန်းက ပြောကြားခဲ့သည်။




တရုတ်နိုင်ငံရှိ ဆင်းရဲနွမ်းပါးသူ ပြည်သူအများစုသည် ဝေးလံသီခေါင်သော ကျေးလက်ဒေသများ၌ နေထိုင်ကြရကြောင်း၊ ၎င်းတို့သည် လယ်ယာစိုက်ပျိုးရေးနှင့် စက်မှုလုပ်ငန်း ဖွံ့ဖြိုးရေးဆိုင်ရာ အခက်အခဲများနှင့် ရင်ဆိုင်နေရကြောင်း၊ သို့ရာတွင် ၎င်းတို့အနေဖြင့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးရေးအတွက် ပါဝင်ဆောင်ရွက်နိုင်သည့် အားသာချက်များရှိနေကြောင်း၊ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးရေးလုပ်ငန်းများမှတစ်ဆင့် ဆင်းရဲမွဲတေမှုကို လျှော့ချနိုင်ကြောင်း ဝန်ကြီးချုပ်လီက ပြောကြားသည်။

ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းသည် နိုင်ငံတော်ဖွံ့ဖြိုး တိုးတက်ရေးအတွက် မောင်းနှင်အားသစ်တစ်ရပ်ဖြစ်ကြောင်း၊ စွန့်ဦးတီထွင်လုပ်ငန်းများနှင့် တီထွင်ဆန်းသစ်မှုတို့ကို ဆောင်ကြဉ်းပေးနိုင်ကြောင်း၊ ဆင်းရဲမွဲတေမှုလျှော့ချပေးနိုင်ကာ အခြားနိုင်ငံများနှင့် ရင်းနှီးချစ်ကြည်မှုကို မြှင့်တင်အားပေးကြောင်း ၎င်းက ပြောကြားသည်။

တရုတ်နိုင်ငံ၏ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းသည် ၂၀၁၅ ခုနှစ်တွင် ပြည်တွင်း အသားတင်ထုတ်လုပ်မှု တန်ဖိုး (ဂျီဒီပီ)၏ ၄ ဒသမ ၉ ရာခိုင်နှုန်းကို ကိုယ်စားပြုကြောင်း၊ ပြည်သူ ၂၈ သန်းခန့်အတွက် အလုပ်အကိုင် နေရာများကို ဖန်တီးပေးနိုင်ခဲ့ကြောင်း ဝန်ကြီးချုပ် လီက ပြောကြားသည်။ **ဆင်ဟွာ။**

# အင်ဒိုနီးရှား နယ်စပ်ဒေသများ ဖွံ့ဖြိုးရေး စစ်အခြေစိုက်စခန်းများ တည်ဆောက်မည်

**ဂျကာတာ မေ ၂၀**

အင်ဒိုနီးရှားနိုင်ငံ၏ နယ်စပ်ဒေသများ၌ စစ်အခြေစိုက်စခန်းများကို တည်ဆောက်ခြင်းဖြင့် နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်လာစေရန် အစီအစဉ်များချမှတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အစိုးရအထက်တန်းတာဝန်ရှိသူတစ်ဦးက မေ ၂၀ ရက်တွင် ပြောကြားသည်။

အရေးကြီးသောနယ်စပ်ဒေသများ၌ စစ်စခန်းများတည်ဆောက်ရန် သမ္မတ ဂျိုကို ဝီဒိုဒိုက ညွှန်ကြားခဲ့ကြောင်း၊ နယ်စပ်ဒေသများကို သုံးနှစ်အတွင်း ဖွံ့ဖြိုးမှုအဆင့် အမြင့်ဆုံးသို့ ရောက်ရှိအောင် ပြောင်းလဲမည်ဟု သမ္မတက ပြောကြားခဲ့ကြောင်း မြို့တော်ဂျကာတာ၌ မေ ၁၉ ရက်က အမျိုးသားနယ်စပ်ဒေသစီမံခန့်ခွဲရေးအေဂျင်စီရုံးသစ် ဖွင့်ပွဲအခမ်းအနားတွင် ပြည်ထဲရေးဝန်ကြီး သာဂျိုလူမိုလိုက ပြောကြားသည်။

၂၀၁၇ ခုနှစ်ထက် နောက်မကျဘဲ နယ်စပ်ဒေသများ၌ စစ်စခန်းများ ဖွင့်လှစ်ကာ လုံခြုံရေး တိုးတက်ကောင်းမွန်စေမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

**ဆင်ဟွာ။**

# မော်ရင်ဟို မန်ယူနည်းပြတာဝန်ယူပါက အသင်းဒါရိုက်တာ ဗန်ဟားလ်ဖြစ်လာမည်




ချယ်လ်ဆီးနည်းပြဟောင်း မော်ရင်ဟိုသည် မန်ယူအသင်းနည်းပြ ဖြစ်လာပါက မန်ယူအသင်း၏ လက်ရှိနည်းပြ ဗန်ဟားလ်သည် မန်ယူအသင်း၏ အားကစားဒါရိုက်တာဖြစ်လာလိမ့်မည်ဖြစ်ကြောင်း သိရသည်။

နည်းပြဗန်ဟားလ်၏ လက်ရှိချုပ်ဆိုထားသည့် သုံးနှစ်သက်တမ်းရှိစာချုပ်သက်တမ်းသည် လာမည့်နွေရာသီ အပြောင်းအရွှေ့ကာလတွင် ကုန်ဆုံးတော့မည်ဖြစ်သည်။နည်းပြဗန်ဟားလ်သည် ယခုနှစ်ဘောလုံးရာသီတွင် အသင်း၏ ရလဒ်ပိုင်းဆိုးရွားခဲ့သော်လည်း အသင်းအမှုဆောင် ဒုတိယ ဥက္ကဋ္ဌကမူ အသင်း၏ တာဝန်ရှိသူတစ်ဦးအဖြစ် ဆက်လက်ခန့်ထားရန်ဆန္ဒရှိနေဆဲဖြစ်သည်။

ထို့ပြင် ချယ်လ်ဆီးအသင်းမှ ထုတ်ပယ်ခြင်းခံလိုက်ရသည့် နည်းပြမော်ရင်ဟိုကလည်း ချယ်လ်ဆီးအသင်းမှ ထုတ်ပယ်ခံလိုက်ရသည့် ဒီဇင်ဘာလကတည်းက မန်ယူအသင်းနည်းပြတာဝန်မှလွဲ၍ မည်သည့်အသင်းကိုမျှ တာဝန်ယူကိုင်တွယ်လိမ့်မည်မဟုတ်ကြောင်း ပြောကြားခဲ့ပြီးဖြစ်သည်။

ထို့ကြောင့် လာမည့်ဘောလုံးရာသီတွင် မန်ယူအသင်း၌ မော်ရင်ဟိုနှင့် ဗန်ဟားလ်တို့ အတူတကွ ပူးတွဲတာဝန်ထမ်းဆောင်လိမ့်မည်ဖြစ်ကြောင်း သတင်းများက ဖော်ပြထားသည်။ **(ငွေကြယ်)**




## ဝက်စ်ဟမ်းအသင်းက လက်စတာစီးတီးတိုက်စစ်မှူး ဗာဒီအားခေါ်ယူရန် စိတ်ဝင်စားလျက်ရှိ

ပရီမီယာလိဂ်ကလပ် ဝက်စ်ဟမ်းအသင်းသည် လက်စတာစီးတီး တိုက်စစ်မှူး ဗာဒီအား ယခုနွေရာသီအပြောင်းအရွှေ့ကာလတွင် ခေါ်ယူသွားရန် စိတ်ဝင်စားလျက်ရှိကြောင်း သိရသည်။

လက်စတာစီးတီးတိုက်စစ်မှူး ဗာဒီသည် ယခုနှစ်ဘောလုံးရာသီတွင် လက်စတာစီးတီးအသင်းအား ပရီမီယာလိဂ်ဖလားရရှိရန်အတွက် အကောင်းဆုံးခြေစွမ်းပြကစားခဲ့ပြီး လက်စတာစီးတီးအသင်းတွင် အကောင်းဆုံးခြေစွမ်းပြကစားနိုင်ခဲ့ခြင်းကြောင့် အင်္ဂလန်အသင်းနည်းပြ ရွိုင်းဟော့ဂ်ဆန်ကလည်း ပြင်သစ်မြေတွင် ယှဉ်ပြိုင်ကစားမည့် ယူရို ၂၀၁၆ ပွဲစဉ်တွင် အင်္ဂလန်အသင်း၏ ကစားသမားစာရင်းတွင် ရွေးချယ်ထားခဲ့ပြီးဖြစ်သည်။

ဝက်စ်ဟမ်းအသင်းသည် လာမည့်ဘောလုံးရာသီတွင် အသင်း၏ တိုက်စစ်ပိုင်းအတွက် အကောင်းဆုံးပြင်ဆင်သည့်အနေဖြင့် လက်စတာစီးတီးတိုက်စစ်မှူး ဗာဒီအားခေါ်ယူရန် ဆန္ဒရှိနေသည့်အပြင် လီဗာပူးတိုက်စစ်မှူး ဘန်တီကီကိုလည်း ခေါ်ယူရန်ပစ်မှတ်ထားလျက်ရှိကြောင်းသိရသည်။

ထို့ပြင် လိုင်ယွန်ကစားသမား လာကာဇက်တီနှင့် မာဆေးလ်ကစားသမား ဘတ်ဆူယာယီတို့ကိုလည်း ဝက်စ်ဟမ်းအသင်းက ခေါ်ယူရန်စိတ်ဝင်စားလျက်ရှိသည့်အပြင် မန်စီးတီးအသင်း၏ အားထားရသည့်ကစားသမားတစ်ဦးဖြစ်သည့် ဘိုနီကိုလည်း ခေါ်ယူရန် ပစ်မှတ်ထားလျက်ရှိကြောင်း သိရသည်။

လက်စတာစီးတီးတိုက်စစ်မှူး ဗာဒီသည် ပြီးခဲ့သည့် ဖေဖော်ဝါရီလအတွင်းက စာချုပ်သစ်တစ်ရပ်ထပ်တိုးချုပ်ဆိုခဲ့သော်လည်း ဝက်စ်ဟမ်းအသင်းကမူ တိုက်စစ်ပိုင်းကို အားဖြည့်ရန်ဗာဒီအား ခေါ်ယူရန်ပစ်မှတ်ထားနေခြင်းဖြစ်သည်။ **(ငွေကြယ်)**

# လာမည့်ရာသီတွင် မန်ယူဖလားရယူမည်ဟု မာတာပြောကြား

လာမည့်ဘောလုံးရာသီတွင် မန်ယူအသင်း ဖလားရယူနိုင်မည်ဖြစ်ကြောင်း မန်ယူအသင်း၏ ကွင်းလယ်ကစားသမား မာတာက ဖွင့်ဟပြောကြားလိုက်သည်။

မန်ယူအသင်းသည် ဂန္ထဝင်နည်းပြ ဖာဂူဆန်အနားယူသွားခဲ့သည့် ၂၀၁၃ ခုနှစ်နောက်ပိုင်း ဆုဖလားရယူနိုင်ခြင်းမရှိခဲ့ဘဲ ဖလားလက်မဲ့ရာသီကိုသာ ဖြတ်သန်းခဲ့ရသည့်အသင်းဖြစ်သည်။ သို့ရာတွင် မန်ယူအသင်းသည် ယခုနှစ်ဘောလုံးရာသီတွင် ပရီမီယာလိဂ်အမှတ်ပေးပြိုင်ပွဲ၌ အဆင့်(၅)နေရာတွင် ရပ်တည်နိုင်ခဲ့ပြီး လာမည့်ရာသီတွင် ပရီမီယာလိဂ်ဖလားကို ရယူဆွတ်ခူးနိုင်မည်ဟု ကွင်းလယ်ကစားသမားမာတာက ပြောကြားခဲ့သည်။

မန်ယူအသင်းသည် ပရီမီယာလိဂ်တွင် အဆင့်(၅) နေရာတွင်သာ ရပ်တည်နိုင်ခဲ့ခြင်းကြောင့် လာမည့်ရာသီတွင် ချန်ပီယံလိဂ်ဖလားဝင်ခွင့်နှင့် လွဲချော်ရတော့မည်ဖြစ်သည်။ သို့ရာတွင် မန်ယူအသင်းအတွက် လူငယ်တိုက်စစ်မှူး ရက်ရှ်ဖို့ဒ်သည် မန်ယူအသင်းနှင့်အတူ ၁၇ ပွဲအထိ ပါဝင်ကစားပေးခဲ့ရာတွင် သွင်းဂိုးရှစ်ဂိုးအထိ သွင်းယူပေးနိုင်ခဲ့ပြီး တိုက်စစ်မှူးမာရှယ်သည်လည်း မန်ယူအသင်းအတွက် အကောင်းဆုံးခြေစွမ်းရရှိခဲ့သည့် ကစားသမားတစ်ဦးဖြစ်ကြောင်း မာတာက ပြောကြားခဲ့သည်။

ထို့ကြောင့် လာမည့်ဘောလုံးရာသီတွင် မန်ယူအသင်းအနေဖြင့် လက်ရှိချန်ပီယံဖြစ်သွားခဲ့သည့် လက်စတာစီးတီးအသင်းထံမှ ပရီမီယာလိဂ်ဖလားကို ရယူဆွတ်ခူးနိုင်မည်ဖြစ်ကြောင်း ကွင်းလယ်ကစားသမား မာတာက ပြောကြားခဲ့ခြင်းဖြစ်သည်။ **(ငွေကြယ်)**

# ကွင်းလယ်ကစားသမား ဝီရှိုင်းယားအား စာချုပ်သစ်ချုပ်ဆိုရန် အာဆင်နယ်ပြင်ဆင်

ကွင်းလယ်ကစားသမား ဝီရှိုင်းယားသည် အာဆင်နယ်အသင်းနှင့်အတူ နှစ်နှစ်သက်တမ်းရှိစာချုပ်တစ်ရပ် ကျန်ရှိနေသေးသော်လည်း ပရီမီယာလိဂ်ပြိုင်ဘက် မန်စီးတီးအသင်း၏ စိတ်ဝင်စားမှုကို ခံထားရသူဖြစ်သည်။ ဝီရှိုင်းယားသည် အာဆင်နယ်အသင်းနှင့်အတူ ပါဝင်ကစားခဲ့ရာတွင် ၂၀၁၁ ခုနှစ်ကတည်းက ဒဏ်ရာပြဿနာဖြင့် ရင်ဆိုင်ခဲ့ရသော်လည်း အာဆင်နယ်အသင်းအနေဖြင့် အဆိုပါကွင်းလယ်ကစားသမား ဝီရှိုင်းယားအား စာချုပ်သစ်ချုပ်ဆိုရန် ပစ်မှတ်ထားနေခြင်းဖြစ်သည်။

ကွင်းလယ်ကစားသမား ဝီရှိုင်းယားသည် ယခုနှစ်ဘောလုံးရာသီတစ်ခုလုံးတွင် အက်စတွန်ဗီလာအသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့သည့် ပရီမီယာလိဂ်နောက်ဆုံးတစ်ပွဲသာ ပွဲထွက်ကစားနိုင်ခဲ့ပြီး အာဆင်နယ်အသင်း၏ ဘောလုံးအကယ်ဒမီမှ ပေါက်ဖွားလာခဲ့သည့် ကစားသမားတစ်ဦးဖြစ်သောကြောင့် အာဆင်နယ်အသင်းပရိသတ်၏ အားပေးထောက်ခံမှုကိုလည်း ခံထားရသည့်ကစားသမားတစ်ဦးဖြစ်သည်။

၂၀၁၀-၂၀၁၁ ဘောလုံးရာသီက ပရော်ဖက်ရှင်နယ်ဘောလုံးသမားများအဖွဲ့ကပေးအပ်သည့် ပီအက်ဖ်အေ အကောင်းဆုံးကစားသမားဆုကို ဆွတ်ခူးနိုင်ခဲ့သည့် လူငယ်ကစားသမား ဝီရှိုင်းယားအား လာမည့်ဘောလုံးရာသီတွင် မန်စီးတီးအသင်း၏ နည်းပြသစ်ဖြစ်လာမည့် ဂွာဒီယိုလာက ခေါ်ယူရန်စိတ်ဝင်စားနေခြင်းဖြစ်သည်။

အာဆင်နယ်အသင်းသည် ကီရန်ဂစ်နှင့် ချန်ဘာလိန်တို့နှစ်ဦးအား စာချုပ်သစ်ချုပ်ဆိုရန် အစီအစဉ်မရှိသော်လည်း လူငယ်ကွင်းလယ်ကစားသမားတစ်ဦးဖြစ်သည့် ဝီရှိုင်းယားကိုမူ စာချုပ်သစ်ချုပ်ဆိုရန်ပြင်ဆင်လျက်ရှိကြောင်း သိရသည်။ ဝီရှိုင်းယားသည် အင်္ဂလန်အသင်း၏ ယူရို ၂၀၁၆ ယှဉ်ပြိုင်ကစားမည့် ကစားသမား ၂၆ ဦး စာရင်းတွင်လည်း ကွင်းလယ်ကစားသမားတစ်ဦးအဖြစ် ရွေးချယ်ခံထားရသူဖြစ်သည်။ **(ငွေကြယ်)**






# ကစားသမားဘဝမှ အနားယူမည့် အာတီတာအား မန်စီးတီးအသင်း၏ နည်းပြအဖွဲ့ဝင်အဖြစ် ကမ်းလှမ်းမည်

အာဆင်နယ်ကွင်းလယ်ကစားသမား အာတီတာသည် ကစားသမားဘဝမှ အနားယူတော့မည်ဖြစ်ရာ ထိုသို့အနားယူသွားပါက ယခုနှစ် နွေရာသီအပြောင်းအရွှေ့ကာလတွင် မန်စီးတီးအသင်း၏ နည်းပြအဖွဲ့ဝင်အဖြစ် ကမ်းလှမ်းသွားမည်ဖြစ်ကြောင်း သိရသည်။

မန်စီးတီးအသင်း၏ နည်းပြသစ်ဖြစ်လာမည့် နည်းပြ ဂွာဒီယိုလာသည် အက်စတွန်ဗီလာအသင်းအား လေးဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့ပြီးနောက် ကွင်းလယ်ကစားသမား အာတီတာအား မန်စီးတီးအသင်း၏ နည်းပြအဖွဲ့ဝင်အဖြစ် ကမ်းလှမ်းရန် ပြင်ဆင်ခဲ့ခြင်းဖြစ်သည်။

ကွင်းလယ်ကစားသမားအာတီတာ၏ ပရီမီယာလိဂ်ကစားသမားဘဝဖြတ်သန်းမှုသည် မန်စီးတီးအသင်း၏ နည်းပြအဖွဲ့တွင် အထောက်အပံ့ဖြစ်စေလိမ့်မည်ဟုလည်း နည်းပြဂွာဒီယိုလာက ပြောကြားထားသည်။ ဂွာဒီယိုလာသည် မန်စီးတီးအသင်းနည်းပြအဖြစ် ဇူလိုင် ၁ ရက်မှ စတင်ကာ တာဝန်ယူကိုင်တွယ်တော့မည်ဖြစ်ပြီး လက်ရှိကလပ် ဘိုင်ယန်မြူးနစ်အသင်းနည်းပြအဖြစ်မှ ဒေါ့မွန်အသင်းနှင့် ယှဉ်ပြိုင်ကစားမည့် ဂျာမန်ပိုကယ်ဖလားပြိုင်ပွဲအပြီးတွင် အဆုံးသတ်တော့မည်ဖြစ်ကြောင်းသိရသည်။ **(ငွေကြယ်)**

# ရက် ၁၀၀ အတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများအား ကွင်းဆင်းကြည့်ရှုစစ်ဆေး



**မြိတ် မေ ၂၀**
တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် မြိတ်မြို့နယ်အတွင်းရှိ ကျေးရွာများ၌ အယ်နီညို ဆိုးကျိုးသက်ရောက်မှုကြောင့် အပူချိန်မြင့်မားကာ ရေတွင်း၊ ရေကန်များ ရေခမ်းခြောက်ခြင်း၊ သဘာဝရေအရင်းအမြစ်များ ဆုတ်ယုတ်ခြင်းတို့ ကြုံတွေ့နေရသည့်အတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ငွေကျပ် ၃၁ ဒသမ ၀၉၄ သန်းဖြင့် ကျေးလက်နေပြည်သူများအတွက် သောက်သုံးရေအခက်အခဲရှိ ကျေးရွာများ၏ ရေရှားပါးပြတ်လပ်မှုအား ဖြေရှင်းနိုင်ရန် ရက် ၁၀၀ အတွင်း ရေရရှိရေးအတွက် ဆောင်ရွက်လျက်ရှိသည့် မွမ်းမံပြင်ဆင်ရေးလုပ်ငန်းများ၊ လက်တူးတွင်းအသစ် တူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုများကို လုပ်ငန်းအရည်အသွေးပြည့်မီစေရေးအတွက် မြိတ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ်ဦးစီးမှူး ဦးအေးနိုင်၊ ခရိုင်၊ မြို့နယ်ကျေးလက်ဒေဒသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စစ်ဆေးရေးအဖွဲ့ဝန်ထမ်းများက မေ ၁၉ ရက် နံနက် ၉ နာရီက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရသည်။

မြိတ်မြို့နယ်အတွင်းရှိ ကျေးရွာနေပြည်သူများ သောက်သုံးရေပိုမိုရရှိရေးအတွက် တုံးပျောကျေးရွာအုပ်စု၊ တုံးပျောကြီးကျေးရွာတွင် ရေတားတမံများ မြှင့်တင်ပေးခြင်း၊ ရေထွက်အသစ်များမှ အရှည်ပေ ၁၀၀၀ ရေပိုက်သွယ်တန်းပေးခြင်းလုပ်ငန်းအတွက် ငွေကျပ် ၂ ဒသမ ၄၀၆ သန်းဖြင့်လည်းကောင်း၊ သဘွတ်ကျေးရွာအုပ်စု ပရည်တောင်ကျေးရွာတွင် ကျောက်စီ (၁၂×၂×၃)ပေ ရေတားတမံပြုလုပ်ခြင်းအတွက် ငွေကျပ် သုည ဒသမ ၇၅၈ သန်းဖြင့်လည်းကောင်း၊ ပင်းအိုကျေးရွာအုပ်စု ဆလင်ကျေးရွာတွင် သဘာဝရေထွက်များမှ မြေသားရေကန်ပြုလုပ်၍ အင်ဂျင်+ပန့် တပ်ဆင်ခြင်းဖြင့် အရှည်ပေ ၂၈၀၀ ရေပိုက်သွယ်တန်း၍ ကျေးရွာအရောက်ရေပို့ဆောင်ရေးလုပ်ငန်းအတွက် ငွေကျပ် ၃ ဒသမ ၆၅ သန်းဖြင့်လည်းကောင်း၊ တုံးပျောကျေးရွာအုပ်စု ဘုရားကုန်းကျေးရွာတွင် လက်တူးတွင်းများအား အနက် ငါးပေ ထပ်မံတူးဖော်ခြင်းနှင့် အမိုးကြမ်းခင်း လုပ်ငန်းများအတွက် ငွေကျပ် ၂ ဒသမ ၇၈ သန်း စုစုပေါင်း လုပ်ငန်း လေးခုအတွက် ငွေကျပ် ၈ ဒသမ ၅၉၄ သန်းဖြင့် အကုန်အကျခံ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထို့အပြင် ပင်းအို၊ သမုတ်ထိန်၊ ဝါကုန်း၊ ဝိုင်းတောင်၊ ကျောက်ဖြူကျေးရွာ စုစုပေါင်းကျေးရွာ ငါးရွာတွင် တစ်ရွာတစ်တွင်းနှုန်းဖြင့်လက်တူးတွင်း ငါးတွင်း အသစ်တူးဖော်ဆောင်ရွက်ခြင်းလုပ်ငန်းအတွက် ငွေကျပ် ၂၂ ဒသမ ၅ သန်းဖြင့် ရေရရှိရေး တူးဖော်ပေးလျက်ရှိပြီး အဆိုပါ ကျေးလက်ရေရရှိရေး ပြုပြင်ထိန်းသိမ်းမွမ်းမံခြင်းလုပ်ငန်းနှင့် လက်တူးတွင်းအသစ် ၅ တွင်း တူးဖော်ခြင်း စုစုပေါင်း လုပ်ငန်း ၉ ခုအား ရက် ၁၀၀ အတွင်း ပြီးစီးအောင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း မြိတ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**မြင့်ဦး(မြိတ်)**

## ရက် ၁၀၀ စီမံချက်အတွင်း ကျေးရွာချင်းဆက်မြေသားလမ်းဖောက်လုပ်ဆောင်ရွက်



**ဘုတလင် မေ ၂၀**
စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ဘုတလင်မြို့နယ်တွင် ရက် ၁၀၀ လုပ်ငန်းစီမံချက်အတွင်းပါဝင်သည့် ကုန်းသာအုပ်စုအတွင်းရှိ ကုန်းသာ-မုံထူး လမ်းပိုင်း မြေသားလမ်းအရှည် နှစ်မိုင်လမ်း အောက်ခြေအကျယ် ၂၄ ပေ၊ မျက်နှာပြင်အကျယ် ၁၈ ပေ၊ မြေသားထုနှစ်ပေရှိ လမ်းပိုင်းအား မေ ၆ ရက်မှစတင်၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးကကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါဆောင်ရွက်နေမှုအား မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးအောင်ကျော်ညွှန့်နှင့်အဖွဲ့ဝင်များက မေ ၁၆ ရက်က ကြည့်ရှုစစ်ဆေးပြီး စီမံချက်ပါကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည်များအားတာဝန်ရှိသူများနှင့် ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။

**ဇော်ဖြိုး(ဘုတလင်)**

## ရက် ၁၀၀ စီမံချက်ဖြင့် မူခင်းကျဆင်းရေးဟောပြော

**ပုသိမ် မေ ၂၀**
ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငါးသိုင်းချောင်းနယ်မြေရဲစခန်းမှ စခန်းမှူး ရဲအုပ်ကျော်စိန်လှိုင် ဦးဆောင်သော နယ်ထိန်းတပ်ဖွဲ့ဝင်များသည် မေ ၁၈ ရက် နံနက်ပိုင်းက သရက်ချောင်းကျေးရွာအုပ်စု သရက်ချောင်းအလယ်စုကျေးရွာ မင်္ဂလာရာမဘုန်းတော်ကြီးကျောင်းတိုက်သို့ရောက်ရှိခဲ့ပြီး ဒေသခံရွာသူ၊ ရွာသားများအား မူခင်းကျဆင်းရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ၂၀၁၅ ခုနှစ် မော်တော်ယာဉ်ဥပဒေနှင့် အခြားပြစ်မှုဆိုင်ရာ သိမှတ်ဖွယ်များအား အသိပညာပေးကွင်းဆင်းဟောပြောခဲ့ကြသည်။

ဆက်လက်၍ ဒေသခံရွာသူရွာသားများက မူခင်းကျဆင်းရေးနှင့်ပတ်သက်၍ အပြန်အလှန်ဆွေးနွေးခဲ့ကြပြီး ဟောပြောပွဲအပြီးတွင် နယ်မြေရဲတပ်ဖွဲ့မှ ကျေးရွာအတွင်း အိမ်တိုင်ရာရောက်လိုက်လံ၍ မူခင်းကျဆင်းရေးဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**စိုးမင်းဦး(ပြန်/ဆက်)**

## ရက် ၁၀၀ စီမံချက်နှင့် ဝန်ဆောင်မှုကိုရှေးရှုသော ရဲလုပ်ငန်းဆိုင်ရာရှင်းလင်းပွဲကျင်းပ

**ကသာ မေ ၂၀**
စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့တော်ခန်းမတွင် မေ ၁၉ ရက် နံနက် ၉ နာရီက ကသာခရိုင်ရဲတပ်ဖွဲ့လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် မူခင်းကျဆင်းရေး ရက် ၁၀၀ စီမံချက်နှင့် ဝန်ဆောင်မှုကိုရှေးရှုသော ရဲလုပ်ငန်းဆိုင်ရာ ရှင်းလင်းပွဲအခမ်းအနားကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ အခမ်းအနား၌ ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူး ဦးကျော်ကျော်အုန်းက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီးလှစိန်က လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ မူခင်းကျဆင်းရေး၊ ရက် ၁၀၀ စီမံချက်နှင့် ဝန်ဆောင်မှုကိုရှေးရှုသောရဲလုပ်ငန်းဆိုင်ရာများရှင်းလင်းပြီး အဓိကအပိုင်းကြီး လေးပိုင်းဖြစ်သည့် မူခင်းကျဆင်းရေးစီမံချက်ချမှတ်ဆောင်ရွက်ခြင်း၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး(အထူးစီမံချက်)ချမှတ်ဆောင်ရွက်ခြင်း၊ နိုင်ငံရေးအကျဉ်းသားများ၊ နိုင်ငံရေးတက်ကြွလှုပ်ရှားသူများ၊ နိုင်ငံရေးနှင့်ဆက်နွယ်ပြီး အမှုရင်ဆိုင်နေကြသူများ နှင့်စပ်လျဉ်းသည့်အမှုများကို ရုပ်သိမ်း၊ ပိတ်သိမ်းနိုင်ရေးဆောင်ရွက်ခြင်း၊ ဝန်ဆောင်မှုကိုရှေးရှုသောရဲလုပ်ငန်း စနစ်နှင့်အညီ အသွင်သဏ္ဌာန်ပြောင်းလဲခြင်းနှင့် အနှစ်သာရတိုးတက်အောင်မြှင့်တင်ဆောင်ရွက်ခြင်း စသည့်တို့ကို အထူးအလေးထား ဆောင်ရွက်သွားမည်ဖြစ်ကြောင်းပြောကြားခဲ့သည်။

အဆိုပါ ရှင်းလင်းပွဲအခမ်းအနားသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးညီညီထွန်း၊ ခရိုင်အဆင့်ဌာန ဆိုင်ရာများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ သတင်းမီဒီယာသမားများနှင့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ စုစုပေါင်း ၂၀၀ ကျော် တက်ရောက်ကြောင်း သိရသည်။

**မြင့်ဇော်(ကသာ)**

## ရက် ၁၀၀ အတွင်း ဆောင်ရွက်မည့် ရာသီဥတုနှင့် လိုက်လျောညီထွေသော စိုက်ပျိုးရေးဆိုင်ရာများ ဆွေးနွေးရှင်းလင်း

**မိတ္ထီလာ မေ ၂၀**
မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင်တွင် ရက် ၁၀၀ အတွင်း ဆောင်ရွက်မည့် ရာသီဥတုနှင့် လိုက်လျောညီထွေသော စိုက်ပျိုးရေးဆိုင်ရာ လုပ်ငန်းစီမံချက်များ ရှင်းလင်းဆွေးနွေးပွဲကို မေ ၁၈ ရက် နံနက် ၈ နာရီခွဲက ခရိုင် စိုက်ပျိုးရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါ ရှင်းလင်းဆွေးနွေးပွဲတွင် နေပြည်တော် စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးထင်အောင်ရှိန်က မိတ္ထီလာခရိုင်၌ ရက် ၁၀၀ အတွင်း ရာသီဥတုနှင့် လိုက်လျောညီထွေသော စိုက်ပျိုးရေးဆိုင်ရာ လုပ်ငန်းစီမံချက်များဖြစ်သည့် ပြောင်းလဲနေသည့် ရာသီဥတုနှင့်အညီ သီးနှံပုံစံပြောင်းလဲစိုက်ပျိုးရန် လိုအပ်ကြောင်း၊ စိုက်ပျိုးမည့် သီးနှံတွင်လည်း သက်တမ်းတို၍ ရေလိုအပ်ချက်နည်းသည့် မျိုးများကို ရွေးချယ်စိုက်ပျိုးရန် လိုအပ်ကြောင်း၊ တစ်ဧကဝင်ငွေတိုးမည့် သီးနှံကိုလည်း ရွေးချယ်စိုက်ပျိုးရန် လိုအပ်ကြောင်းနှင့် သီးနှံများတွင် ကျရောက်တတ်သော ပိုးမွှားရောဂါနှင့် အပင်ပြုစုစောင့်ရှောက်နည်း၊ အပင်အတွက် လိုအပ်သော အာဟာရဓာတ်နှင့် သုံးစွဲရမည့် ပမာဏတို့ကို ဆွေးနွေးခဲ့သည်။



ဎင်းရှင်းလင်းဆွေးနွေးပွဲသို့ ခရိုင်အတွင်းရှိ ခရိုင်အဆင့် မြေ၊ မျိုး၊ ပိုး တာဝန်ခံများ၊ မိတ္ထီလာ၊ သာစည်၊ မလှိုင်၊ ဝမ်းတွင်းမြို့နယ်တို့မှ မြို့နယ်ဦးစီးမှူးများ၊ ခြံမန်နေဂျာများ၊ စီမံကိန်းနှင့် ကွင်းဝန်ထမ်းများ၊ ခရိုင်အတွင်းရှိ တောင်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**



ရန်ကုန်မြို့ ဗဟိုလေ့ကျင့်ရေးသင်တန်းကျောင်းရှိ ခေတ်မီမော်တာစက်ချုပ်သင်တန်းကို တွေ့ရစဉ်။

# နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် ရက် ၁၀၀ လုပ်ရှားမှု ၉ ရပ်

၂၀၁၅ ခုနှစ် နိုဝင်ဘာလတွင် ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ပြည်သူလူထုရွေးချယ်ပေးမှုဖြင့် အရပ်သားအစိုးရအဖွဲ့သည် နိုင်ငံ့တာဝန်များကို ဧပြီလ ၁ ရက်နေ့မှစတင်၍ ထမ်းဆောင်နေပြီဖြစ်သည်။ နိုင်ငံ့တာဝန်စတင်တာဝန်ယူထမ်းဆောင်သည်နှင့် ရက်ပေါင်း ၁၀၀ ကာလအတွင်း ထင်သာမြင်သာရှိသည့် ပြုပြင်ပြောင်းလဲမှုများကို အစိုးရအဖွဲ့၏ ပြည်ထောင်စုဝန်ကြီးဌာနအသီးသီးက စတင်ကြိုးပမ်းဆောင်ရွက်နေကြပြီဖြစ်သည်။ ပြည်သူတို့၏ တစ်ခဲနက်ထောက်ခံမှုဖြင့် အောင်ပွဲရခဲ့သော အစိုးရအဖွဲ့၏ ပြည်ထောင်စုဝန်ကြီးဌာနများသည် နိုင်ငံတော်နှင့်ပြည်သူတို့၏ အကျိုးစီးပွားမြင့်မားလာရေးအတွက် ရက်ပေါင်း ၁၀၀ အတွင်း ဆောင်ရွက်လျက်ရှိသည့် ပြုပြင်ပြောင်းလဲဆောင်ရွက်မှုများကို အများပြည်သူသိရှိနိုင်အောင် ဖော်ပြလိုက်ပါသည်။

တွေ့ဆုံမေးမြန်း - မင်းမင်းဇော် (သတင်းစဉ်)

**အစိုးရသစ်၏ ရက် ၁၀၀ လှုပ်ရှားမှုအစီအစဉ်အတွင်း နယ်စပ်ရေးရာဝန်ကြီးဌာန၏ အကောင်အထည် ဖော်ဆောင်ရွက်မည့်စီမံချက်လုပ်ငန်းစဉ်များသည်လည်း တစ်ခန်း တစ်ကဏ္ဍအဖြစ် ပါဝင်လျက်ရှိသည်။**

ထို့ကြောင့် ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကိုသိရှိနိုင်ရန် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်အား တွေ့ဆုံမေးမြန်းထားသည်။

**မေး။ ပြည်သူ့လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးနိုင်မယ့် ဝန်ကြီးဌာနရဲ့ ရက် ၁၀၀ စီမံချက်ကို သိလိုပါတယ်။**

**ဖြေ။** ဝန်ကြီးဌာနအနေနဲ့ ရက် ၁၀၀ အတွင်းမှာ ပြည်သူ့လိုအပ်ချက်တွေ ဖြည့်ဆည်းနိုင်ဖို့အတွက် လုပ်ငန်းစဉ် (၉) ရပ် ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။

လုပ်ငန်းစဉ် (၁) အနေနဲ့ နိုင်ငံတစ်ဝန်းမှာဖြစ်ပေါ်နေတဲ့ ရာသီဥတုအခြေအနေကြောင့် နယ်စပ်ဒေသတွေမှာ သောက်သုံးရေနဲ့ စိုက်ပျိုးရေ ရှားပါးတဲ့အတွက် ကျေးရွာအချို့မှာ မိုးရာသီအတွင်း ရေစုဆောင်းနိုင်ဖို့ရည်ရွယ်ပြီး ရေတွင်း၊ ရေကန်တွေ ပြန်လည်ပြုပြင်ခြင်း၊ အသစ်တူးဖော်ခြင်းလုပ်ငန်းတွေကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။

လုပ်ငန်းစဉ် (၂)ကတော့ ဝန်ကြီးဌာနရဲ့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်းမှာ အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးခဲ့တဲ့ တည်ဆောက်ရေးလုပ်ငန်းတွေကို သတ်မှတ်စံချိန်စံညွှန်းတွေနဲ့အညီ အရည်အသွေးပြည့်မီမှု ရှိ၊ မရှိနဲ့ အားနည်းချက်၊ အားသာချက်တွေကို ဒေသအလိုက် လုပ်ငန်းစစ်ဆေးရေးအဖွဲ့တွေဖွဲ့စည်းပြီး ကွင်းဆင်းစစ်ဆေးဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

လုပ်ငန်းစဉ် (၃) အဖြစ် ၂၀၁၆ ခုနှစ်အတွင်း ရာသီဥတုဖောက်ပြန်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့တဲ့ ဌာနပိုင်လမ်း၊ တံတားနဲ့ အဆောက်အအုံတွေ ပြန်လည်ပြုပြင်ရေးလုပ်ငန်းတွေ ပြီးစီးအောင် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

လုပ်ငန်းစဉ် (၄) အနေနဲ့ ရခိုင်ပြည်နယ်အပါအဝင် အခြားဒေသတွေမှာရှိတဲ့ ရွှေ့ပြောင်းဒုက္ခသည် IDP တွေကို ပြန်လည်နေရာချထားရေးနှင့်စပ်လျဉ်းပြီး ပြည်နယ်/တိုင်းဒေသကြီးအစိုးရအဖွဲ့တွေက စီမံတင်ပြတောင်းခံလာရင် နိုင်ငံတော်အစိုးရရဲ့ မူဝါဒ၊ လမ်းညွှန်ချက်တွေနဲ့အညီ အခြားသောဝန်ကြီးဌာနတွေ၊ နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့ ပူးပေါင်းပြီး တန်ဖိုးနည်းနေအိမ်တွေ၊ လမ်း၊ တံတား၊ ရေရရှိရေးတွေပါဝင်တဲ့ တည်ဆောက်ရေးလုပ်ငန်းတွေနဲ့ စားနပ်ရိက္ခာဖူလုံရေးကိုပါ အကောင်အထည်ဖော်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

လုပ်ငန်းစဉ် (၅) ကတော့ ဝန်ကြီးဌာနမှာရှိတဲ့ အရာထမ်း၊ အမှုထမ်းတွေနဲ့ ဆရာ၊ ဆရာမတွေကို လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေး မွမ်းမံသင်တန်းတွေဖွင့်လှစ်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

လုပ်ငန်းစဉ် (၆) အဖြစ်နယ်စပ်ဒေသတွေမှာရှိတဲ့ တိုင်းရင်းသား၊ တိုင်းရင်းသူတွေကို ပြည်ထောင်စုစိတ်ဓာတ်ရင့်သန်ခိုင်မာရေး၊ တိုင်းရင်းသားယဉ်ကျေးမှုဖလှယ်ရေး၊ ချစ်ခင်စည်းလုံးညီညွတ်ရေးနဲ့ ဒေသန္တရဗဟုသုတရရှိရေးတို့အတွက် နေပြည်တော်၊ ရန်ကုန်နဲ့ မန္တလေးမြို့တွေကို လေ့လာရေးခရီးစဉ်တွေ စီစဉ်ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။

လုပ်ငန်းစဉ် (၇) အနေနဲ့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ ဆောင်ရွက်ဖို့ခွင့်ပြုထားပြီးဖြစ်တဲ့ တည်ဆောက်ရေးလုပ်ငန်းတွေထဲက ဝန်ကြီးဌာနအစီအစဉ်နဲ့ ဆောင်ရွက်နိုင်မယ့် တည်ဆောက်ရေးလုပ်ငန်းတွေကို ဆောင်ရွက်ပြီး မဆောင်ရွက်နိုင်သေးတဲ့ တည်ဆောက်ရေးလုပ်ငန်းတွေကို လုပ်ငန်းအပ်နှံဆောင်ရွက်နိုင်ဖို့အတွက် လုပ်ထုံးလုပ်နည်းနဲ့အညီ ပွင့်လင်းမြင်သာစွာ တင်ဒါခေါ်ယူနိုင်ရေး ဆောင်ရွက်သွားမှာ ဖြစ်တယ်။

လုပ်ငန်းစဉ် (၈) အဖြစ် အဂတိလိုက်စားမှုနဲ့ လာဘ်ပေးလာဘ်ယူပပျောက်စေရေးအတွက်အရာထမ်း၊ အမှုထမ်းတွေကို အသိပညာပေးခြင်း၊ အဂတိလိုက်စားမှုကို ဖြစ်ပေါ်စေနိုင်တဲ့ကိစ္စရပ်တွေ ကြိုတင်ကာကွယ်နိုင်ဖို့အတွက် ရုံးလုံခြုံရေးစနစ်ကို အဆင့်မြှင့်တင်ခြင်းတွေဆောင်ရွက်လျက်ရှိပါတယ်။

လုပ်ငန်းစဉ် (၉) ကတော့ ဝန်ကြီးဌာနက ဖွင့်လှစ်ထားတဲ့ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းတွေက တိုင်းရင်းသူလေးတွေကိုရန်ကုန်မြို့ ဗဟိုလေ့ကျင့်ရေးကျောင်းမှာ အဆင့်မြင့်မော်တာစက်ချုပ်သင်တန်းကို ၂၀၁၆ ခုနှစ် ဇွန်လမှာ ၁၀၀၊ ဇူလိုင်လမှာ ၁၀၀ သင်ကြားပို့ချပေးပြီး အသိအမှတ်ပြုလက်မှတ်တွေ ထုတ်ပေးမယ်။ ဆက်လက်ပြီး အဲဒီသင်တန်းဆင်းတွေကို ပုဂ္ဂလိက အထည်ချုပ်လုပ်ငန်းတွေမှာ ကျွမ်းကျင်ဝန်ထမ်းတွေအဖြစ် ခန့်အပ်ပေးနိုင်ရေး သက်ဆိုင်ရာဌာနတွေနဲ့ ညှိနှိုင်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ထို့အတူ ချင်းပြည်နယ်၊ ကရင်ပြည်နယ်၊ ကယားပြည်နယ်မှာရှိတဲ့ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းတွေမှာ ရိုးရာဂျပ်ခုတ်၊ ရက်ကန်းသင်တန်းတွေကို ငွေအရင်းအနှီးနဲ့ နည်းပညာတွေပံ့ပိုးကူညီပေးပြီး ရိုးရာအဝတ်အထည်များကို ဈေးကွက်ရရှိရေး ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**မေး။ ဝန်ကြီးအနေနဲ့ ဖြည့်စွက်ပြောကြားလိုတာရှိရင် ပြောပြပေးပါဦး။**

**ဖြေ။** ဝန်ကြီးဌာနရဲ့ မဟာဗျူဟာကတော့ နယ်စပ်ဒေသဖွံ့ဖြိုးရေးအတွက် "နိုင်ငံတော်မှချမှတ်ထားသော ပြည်သူဗဟိုပြုဖွံ့ဖြိုးရေးမူဝါဒ(People Centered Development Policy)ပေါ်မှာအခြေခံပြီး နယ်စပ်ဒေသမှာရှိတဲ့ ပြည်သူတွေရဲ့ လိုအင်ဆန္ဒတွေကို ပြည်သူ့စွမ်းအားဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရန်"ဖြစ်ပါတယ်။

အဲဒီ မဟာဗျူဟာနဲ့အညီ တိုင်းရင်းသားလူမျိုးတွေရဲ့ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အခြေခံအဆောက်အအုံတွေကို အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ။




နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်းများတွင် သင်တန်းများပို့ချပေးစဉ်။



ခနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွာငံမြို့နယ် ကျောက်မြောင်းကျေးရွာတွင် လျှပ်စစ်မီးသွယ်တန်းထားသည်ကို တွေ့ရစဉ်။



နယ်စပ်ရေးရာဝန်ကြီးဌာနက မြေပုံမြို့နယ် ကံသာထွက်ဝ ကျေးရွာတွင် စက်ယန္တရားများဖြင့် ရေကန်တူးဖော်နေသည်ကို တွေ့ရစဉ်။



ရှမ်းပြည်နယ် ဟိုပန်-မိုင်းမော-ပန်ဝိုင်-ပန်ဆန်း ကတ္တရာလမ်း(၂၀၉)မိုင်ကို တွေ့ရစဉ်။

## အထူးကုဆရာဝန်ကြီးများနှင့်အဖွဲ့ သထုံတွင် ကျေးရွာအရောက် အခမဲ့ကွင်းဆင်းဆေးကုသ

**သထုံ မေ ၂၀**

မွန်ပြည်နယ် သထုံဆေးရုံနှင့် မော်လမြိုင်ဆေးရုံတို့မှ အထူးကုဆရာဝန်ကြီးများနှင့်အဖွဲ့တို့သည် မေ ၁၉ ရက်က သထုံမြို့နယ် ညောင်ချောင်းကျေးရွာ အခြေခံပညာမူလတန်းကျောင်းတွင် ညောင်ချောင်းကျေးရွာနှင့် အနီးဝန်းကျင်ရှိ ကျေးရွာ ၁၅ ရွာမှ ဒေသခံပြည်သူများအား အခမဲ့ကျန်းမာရေးစစ်ဆေးကုသပေးခဲ့ကြောင်း သိရသည်။

သထုံခရိုင်ကျန်းမာရေးဌာန၏ ရက် ၁၀၀ ပြည်သူ့အကျိုးပြုလုပ်ငန်းမှ လူထုကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း အစီအစဉ်ကို ကျယ်ကျယ်ပြန့်ပြန့်ဖြင့် အောင်မြင်အောင် ဆောင်ရွက်သည့်အနေဖြင့် ယခုကဲ့သို့ ကျေးလက်ဒေသများ အရောက် အခမဲ့ကွင်းဆင်းကုသပေးရခြင်းဖြစ်ပြီး ယခုအကြိမ်မှာ ဒုတိယအကြိမ်ဖြစ်ကြောင်း သထုံခရိုင် ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်သင်းသင်းအိက ပြောသည်။

"ကျန်းမာရေးနဲ့ပတ်သက်ရင် မြို့နေပြည်သူတွေကျတော့ ဆေးရုံဆေးခန်း သွားလာရတာ လွယ်ကူတယ်။ ဒီလို ကျေးလက်ဒေသတွေကျတော့ အလွန်ခက်ခဲတယ်။ ဒါကြောင့် ဌာနရဲ့ ရက် ၁၀၀ အစီအစဉ်ကို ဆောင်ရွက်တဲ့နေရာမှာ ကျေးလက်ဒေသတွေကို ဦးစားပေး ကွင်းဆင်းကုသပေးပြီး တတ်နိုင်သလောက် တစ်နေရာတည်းမှာ ကျန်းမာရေး စောင့်ရှောက်မှု အပြည့်အစုံရရှိအောင် စီစဉ်တာပါ" ဟု ၎င်းကပြောသည်။

အဆိုပါကွင်းဆင်းကုသရာတွင် ဝေဒနာရှင်တစ်ဦးချင်းစီ၏ ကျန်းမာရေးစစ်ဆေးကုသခြင်းလုပ်ငန်းများ၌ ရာနှုန်း ပြည့်ပြီးစီးအောင် စီစဉ်ထားပြီး ခွဲစိတ်မှုများနှင့် ရောဂါအခြေအနေအရ ဆေးရုံသို့ညွှန်းပို့ရန်လိုအပ်သည့်လူနာများကို လွယ်ကူစွာဖြင့် အခမဲ့ဆက်လက်ကုသနိုင်အောင် စီစဉ်ထားကြောင်း ခရိုင်ဆေးရုံအုပ်ကြီးက ဆက်လက်ပြောကြားသည်။

အဆိုပါနေ့တွင် သထုံဆေးရုံနှင့် မော်လမြိုင်ဆေးရုံတို့မှ အထွေထွေရောဂါ၊ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း၊ သားဖွားမီးယပ်၊ ခွဲစိတ်၊ ကလေး၊ သွားနှင့်ခံတွင်း စသည့် အထူးကုသမားတော်ကြီးများ၊ တီဘီရောဂါ၊ ဓာတ်မှန်၊ ဓာတ်ခွဲ၊ ဆေးဝါး၊ အရိုးအကြော၊ မျက်မှန်ကျွမ်းကျင်ပညာရှင်များအပြင် တိုင်းရင်းဆေးသမားတော်များပါ ပူးပေါင်းပါဝင်သည့် ကျန်းမာရေးဝန်ထမ်းပေါင်း ၆၀ ခန့်က ကျေးရွာ ၁၅ ရွာမှ ဒေသခံပြည်သူ ၁၅၀၀ ကျော်အား



အခမဲ့စစ်ဆေးကုသပေးခြင်းနှင့် ကျန်းမာရေးအသိပညာပေးဟောပြောခြင်းများ ပြုလုပ်ခဲ့ကြပြီး သထုံမြို့နယ်အတွင်းရှိ ကျေးရွာများတွင် အလားတူကုသမှုမျိုး ဆက်လက်ဆောင်ရွက်သွားရန် စီစဉ်ထားကြောင်း သထုံခရိုင်ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

**သက်ဦး(သထုံ)**



## ငဝန်ရေကာတာ တာပေါင်မြှင့်တင်ပြုပြင်ခြင်း လုပ်ငန်း စတင်ဆောင်ရွက်

**ရေကြည် မေ ၂၀**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ရေကြည်မြို့နယ်ဆည်မြောင်းဦးစီးဌာနအစီအစဉ်ဖြင့် ငါးသိုင်းချောင်းမြို့ ဗောဓိရေကာတာ တာမိုင် (၄၅/၂)မှ(၄၅/၄)အတွင်း တာပေါင်အမြင့် သုံးပေ ထပ်မံမြှင့်တင်ခြင်းလုပ်ငန်းကို မေ ၁၉ ရက်က စတင်ဆောင်ရွက်လျက်ရှိပြီး ရေကြည်မြို့နယ်အတွင်း တာမိုင်(၃၉/၀)မှ(၆၁/၀)အထိ ၂၀၁၅ ခုနှစ် ငဝန်မြစ်ရေစိုးရိမ်ရေမှတ်အထက် ကျော်လွန်ရောက်ရှိခဲ့စဉ်က ကြံ့ခိုင်မှုနည်းပါးခဲ့သော တာပေါင်နေရာများနှင့် တာပေါင်နိမ့်သောနေရာများအား ၂၀၁၆ ခုနှစ် မေလနောက်ဆုံးပတ်အတွင်း အပြီးအစီး ပြုပြင်မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါကိစ္စနှင့်ပတ်သက်၍ လုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း အရေးပေါ်ပြင်ဆင်ရန်လိုအပ်သော တာပေါင်နေရာများကိုလည်း စိစစ်၍ ဆက်လက်တင်ပြ ပြင်ဆင်ဆောင်ရွက်ပေးသွားမည်ဖြစ်ကာ ယခုတာပေါင်မြှင့်တင်ပြင်ဆင်မှုမှာ ဒုတိယအကြိမ်ပြင်ဆင်မှုဖြစ်ပြီး ၂၀၁၅ ခုနှစ်ကုန်ပိုင်းတွင် ရေယိုစိမ့်ပေါက်များအား ပထမအကြိမ်ပြင်ဆင်ဆောင်ရွက်ပြီးစီးခဲ့ခြင်းဖြစ်ကြောင်း မြို့နယ်ဆည်မြောင်းဦးစီးဌာနမှ သိရသည်။

**စိုးမင်းဦး(ပြန်/ဆက်)**

## ပြည်သူများ၏လိုအပ်ချက်များကိုဆောင်ရွက်ပေးနိုင်ရန်အတွက် ချင်းပြည်နယ်ဝန်ကြီးချုပ် ကွင်းဆင်းလေ့လာ

**မင်းတပ် မေ ၂၀**

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ တာဝန်ယူဆောင်ရွက်ရသည်မှာ တစ်လခန့်သာရှိသေး၍ ပြည်သူကို ဗဟိုပြုသည့်အစိုးရဖြစ်သည်နှင့်အညီ ပြည်သူလူထု တွေ့ကြုံခံစားချက်နှင့်လိုအပ်ချက်များကို သိရှိဖြည့်ဆည်းပေးနိုင်ရန်ကွင်းဆင်းလာခဲ့ခြင်းဖြစ်ကြောင်း ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးလျန်လွယ်က မေ ၅ ရက် မင်းတပ်မြို့ အထက(၁)ခန်းမတွင်ကျင်းပသည့် တွေ့ဆုံပွဲ၌ ပြောကြားခဲ့သည်။

အဆိုပါတွေ့ဆုံပွဲတွင် မင်းတပ်မြို့နယ်အုပ်ချုပ်ရေးမှူးဦးချမ်းသာက မြို့နယ်အခြေအနေများကိုလည်းကောင်း၊ တက်ရောက်လာကြသည့် ပြည်သူများအနက် ရှစ်ဦးက ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များကို လည်းကောင်း တင်ပြခဲ့ကြသည်။

ချင်းပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးဇိုဘွေး၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများဖြစ်ကြသော ဦးဝီကော၊ ဦးရွှေထီးအို၊ ဆလိုင်းအိုင်ဇက်ခင်၊ ဦးပေါင်လွန်းမဲင်ထန်နှင့် အစိုးရအဖွဲ့အတွင်းရေးမှူးတို့သည် ဒေသခံပြည်သူများ၏ တွေ့ကြုံခံစားကြရသည့် လိုအပ်ချက်များကို သိရှိနိုင်ရန်အတွက် ချင်းပြည်နယ်အတွင်းရှိ ခရိုင်/မြို့နယ်၊ မြို့များသို့ ကွင်းဆင်းခဲ့ကြကြောင်း သိရသည်။

**လိန်းဟုန်းမာန်(ပြန်/ဆက်)**

## ရက် ၁၀၀ အတွင်း အယ်နီညိုရာသီဥတုရင်ဆိုင်ရေးနှင့်စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး နည်းပညာပေးဆွေးနွေး

**ကော့ကရိတ် မေ ၂၀**

ရက် ၁၀၀ အတွင်း အယ်နီညိုဖြစ်စဉ်အပေါ် တောင်သူများ ကြိုတင်ပြင်ဆင်ရမည့် လုပ်ငန်းများနှင့် စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနည်းပညာပေး



ဆွေးနွေးပွဲကို မေ ၁၇ ရက်မှ ၁၉ ရက်အထိ ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် မိဂလုံကျေးရွာ မူလတန်းကြို စာသင်ကျောင်း၊ လောင်းကိုင်ကျေးရွာဓမ္မာရုံ၊ ကျုံဒိုးမြို့ အမှတ်(၁) ရပ်ကွက် ဘုန်းကြီးကျောင်းတို့တွင် ပြုလုပ်ခဲ့သည်။

ဆွေးနွေးပွဲများတွင် ခရိုင်ဦးစီးမှူး ဦးလှသိန်း၊ မြို့နယ်ဦးစီးမှူး ဒေါ်နော်သူးလေထီးနှင့် ဝန်ထမ်းများ၊ တောင်သူများ စုစုပေါင်း ၁၀၀ ကျော် တက်ရောက်ကြသည်။ ဆွေးနွေးပွဲတွင် အယ်နီညိုရာသီဥတုဖြစ်စဉ်အပေါ် တောင်သူများ ရင်ဆိုင်ဖြေရှင်းရမည့် နည်းစနစ်များ၊ နွေထယ်ရေးခံခြင်း၊ သဘာဝမြေဩဇာ ကျွေးခြင်း၊ ကန်သင်းများပြုပြင်ခြင်း၊ သက်တမ်းတို မျိုးကောင်းမျိုးသန့်များ စုဆောင်းထားရှိခြင်းများ၊ ကြိုတင်ပြင်ဆင်ရမည့်လုပ်ငန်းများ၊ သဘာဝမြေဩဇာ ပြုလုပ်သုံးစွဲရမည့်နည်းစနစ်များ၊ သီးနှံတစ်ဧကအထွက်နှုန်းတိုးတက် ထွက်ရှိစေရန်ဆောင်ရွက်ရမည့် နည်းပညာများ၊ တောင်သူများအစုအဖွဲ့ဖွဲ့စည်းပြီး အသင်းအဖွဲ့များနှင့်လုပ်ကိုင်တတ်စေရန်တို့ကို ဟောပြောဆွေးနွေးခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## လယ်ဝေးမြို့နယ် ရက် ၁၀၀ စီမံချက်လုပ်ငန်းများ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဆောင်ရွက်

**နေပြည်တော် မေ ၂၀**

နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏခရိုင် လယ်ဝေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရက် ၁၀၀ စီမံချက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ ယင်းသို့ ဆောင်ရွက်ရာတွင် ဇလီ၄က်ကြီးတောင် ကျေးရွာအုပ်စု အောင်စည်လာကျေးရွာတွင် သောက်ရေဂါလန် ၁၂၀၀ ဖြန့်ဝေခြင်း၊ သစ်ကြိမ်းကျေးရွာအုပ်စု အောင်ချမ်းသာ(ရွာမ) ကျေးရွာတွင် သောက်သုံးရေ ဂါလန် ၁၂၀၀ ဖြန့်ဝေခြင်းနှင့် ပေါက်မြိုင်ကျေးရွာအုပ်စု ပေါင်းလောင်းကျေးရွာတွင် လေးလက်မစက်ရေတွင်း (တွင်းတိမ်)တူးဖော်ခြင်း၊ ပြည်ဝင်ချောင်းခွ သရက်ကုန်းကျောက်ချောလမ်း ၁ ဒသမ ၅၅၅မိုင် ဖောက်လုပ်မှုနှင့်စည်တိုးအောင်ရွာလယ်လမ်း ၁ ဒသမ ၅၆ မိုင်ဖောက်လုပ်မှုလုပ်ငန်းကို နေပြည်တော်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး တိုင်းဦးစီးမှူးညွှန်ကြားရေးမှူး ဦးကိုကိုနိုင် ဒက္ခိဏခရိုင်လက်ထောက်ညွှန်ကြားရေးမှူးဦးစိုးလင်း၊ လယ်ဝေးမြို့နယ်ဦးစီးအရာရှိ ဦးသိန်းထိုက်နှင့်ဝန်ထမ်းများသည် အရည်အသွေးပြည့်မီရေး စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်နိုင်ရေးနှင့် ပြည်သူတို့လိုအပ်ချက်များကို မေ ၁၄ ရက်က ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။

**(ဟိန်းအောင်-နေပြည်တော်)။**

ကြေးမုံသတင်းစာတွင် လူမှုဘဝသရုပ်ဖော်ရသစာပေများကို အလျဉ်းသင့်သလို ဖော်ပြပေးလျက်ရှိပါသည်။ ထို့သို့ ဖော်ပြပေးရာတွင် စာဖတ်ပရိသတ်၏ နှလုံးသားတွင် စွဲထင်ကျန်ရစ်စေမည့် လူမှုဘဝဖြစ်ပျက်ပုံများကို ရသပေါ်လွင်အောင်ရေးသားကြသည့် ထင်ရှားသော စာရေးဆရာများအား ရွေးထုတ်ဖော်ပြပေးလျက်ရှိပါသည်။ ယခု အပတ်စဉ် စနေနေ့တိုင်းတွင် “ပြောလည်း ပြောချင်တယ်၊ ပြောလည်းမပြောရဲဘူး” ကဏ္ဍသစ်ကို ဖွင့်လှစ်၍ စာဖတ်ပရိသတ်အား အသိပညာမျှဝေပေးထားပါသည်။ ထိုကဏ္ဍတွင် စာရေးဆရာ ဆူဒိုနင်၏ လူမှုဘဝအထွေထွေအပေါ် ရှုမြင်ချက်များကို ကြေးမုံသတင်းစာဖတ်ပရိသတ်များ ပွင့်လင်းမြင်သာစွာ ဖတ်ရှုနိုင်ရန်အတွက် အပတ်စဉ်ဖော်ပြပေးခြင်းဖြစ်ပါသည်။ (စာတည်း)

# ပြောလည်း ပြောချင်တယ်၊ ပြောလည်း မပြောရဲဘူး



## ဒို့တာဝန် အရေးတကြီး

**ဆူဒိုနင်**

**မေ ကျိန်စာ**

တခြားမြို့တွေတော့ မသိဘူး၊ ရန်ကုန်မှာတော့ အခုနှစ် မေလဟာ မြို့နေလူထုအတွက် ကျိန်စာသင့်တဲ့လလို့ ဆိုရပါမယ်။

ခါတိုင်းနှစ်တွေလည်း ဖြစ်နေကျပါ။ ဒါပေသည့် လူပြောသူပြောသိပ်မများသလိုပဲ။ သည်နှစ်တော့ စာအုပ်မျက်နှာစာ လူမှုမီဒီယာမှာ အော်ဟစ်ညည်းညူနေသူတွေ တွေ့ရတဲ့အခါ ခါတိုင်း ကိုယ့်တစ်အိမ်တည်း ဖြစ်နေတယ်မှတ်တာ၊ အခုတော့ အကုန်လုံး အီစလံဝေနေကြပါပေါ့လားဆိုတာ သတိထားမိလိုက်ပါတယ်။

ဟုတ်ကဲ့. . . အဲသလို ရန်ကုန်လူထုကို ကျိန်စာသင့်အောင် ဆောင်ကြဉ်းသူများကတော့ မြန်မာ့လျှပ်စစ်လုပ်ငန်း ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ပဲ ဖြစ်ပါတယ်ခင်ဗျ။ ဧပြီလအတွက် ရောက်လာတဲ့ လျှပ်စစ်မီတာခတွေဟာ အိမ်တိုင်းလိုလိုအတွက် ခါတိုင်းနဲ့မတူ တစ်မူထူးခြားလို့နေပါတယ်။ ကျွန်တော့်အိမ်မှာ ဖေဖော်ဝါရီလအတွက် မီတာခက လေးသောင်း ရှစ်ထောင်၊ မတ်လအတွက်ကျတော့ ကိုးသောင်း နီးပါး။ ဟော-အခု ဧပြီကျတော့ တစ်သိန်းနှစ်သောင်းတဲ့ ခင်ဗျ။

စာအုပ်မျက်နှာစာမှာတော့ မျိုးစုံတွေ့ရတယ်။ ခါတိုင်း ၇ ထောင်၊ ၈ ထောင်ပဲ ကျတဲ့အိမ်က သည်လအတွက် တောင်းခံလွှာမှာ တစ်သောင်းခုနစ်ထောင် ဖြစ်နေတာ၊ လူမနေတဲ့အိမ်မို့ ညကျမှ မီးချောင်းလေး တစ်ချောင်းသာ ဖွင့်တဲ့အိမ်ကလည်း ၂၄၀၀ ကျတာ၊ အရင် သုံးသောင်းကျော်ကျနေရာက မတ်လမှာ ငါးသောင်း၊ ဧပြီလကျတော့ ရှစ်သောင်းနီးပါး ဖြစ်နေတာစသဖြင့် အမျိုးစုံ တွေ့ရပါတယ်။

“ဆူပူမှုပဲ ခေါ်ခေါ်၊ လူထုအုံကြွမှုပဲခေါ်ခေါ် ဘယ်လိုမတည်ငြိမ်မှုမျိုး၊ ဘယ်လို ကျီးလန့်စာစားနေရမှုမျိုးကိုမဆို ဘယ်နိုင်ငံသား (သာမန်အရပ်သား) ကမှ အလိုမရှိပါဘူး။ နိုင်ငံရေးအာဏာအတွက် ပွဲလန့်မှ ဖျာခင်းလို့ရမယ်လို့ မမှိတ်မသုန် ယုံကြည်ပြီး ကစားနေကြတဲ့ လူတန်းစား လက်တစ်ဆုပ်စာလောက်ကသာ ဒါမျိုးကို အလိုရှိမှာပါ။”

ကျွန်တော် ရိပ်စားမိပါတယ်။ ဘဏ္ဍာရေးနှစ်ဟောင်းက မတ်လ ၃၁ ရက်မှာကုန်တယ်၊ နှစ်သစ်က ဧပြီ ၁ ရက်မှာ စတယ်။ သည်အခါ တစ်နှစ်စာ စာရင်းပိတ် အဆင်ပြေအောင် မတ်လနဲ့ ဧပြီလ ပြေစာတွေမှာ လိုတိုး (ပိုလျှော့မပါ ပါခင်ဗျ) တွေ နင်းကန်လုပ်လွှတ်နေကြတယ်လို့ပါပဲ။ ဒါ သည်တစ်နှစ်ထဲ မဟုတ်ပါဘူး။ နှစ်စဉ်ကြုံနေကျပါ။

**မြန်မာဖြစ်ရတဲ့ ဒုက္ခ**

ရာသီစာအဖြစ် လောလောဆယ် ကြုံလိုက်ရတဲ့ လျှပ်စစ်လုပ်ငန်းကို ဦးတည်ပြီး အစချီလိုက်ရပေမယ့် ဌာနဆိုင်ရာအချို့ရဲ့ လူထုအပေါ် ဝန်ပိအောင် လုပ်တတ်တဲ့အကျင့်ကို အဓိကထားပြီး ပြောချင်တာပါ။

အစိုးရ ဌာနအချို့ဟာ လူထုကို ဝန်ဆောင်မှုပေးနေတဲ့ ဌာနတွေမဟုတ်တော့တာ ကြာပါပြီ။ လူထုကို ဒုက္ခပေးနေတဲ့ ဌာနများအဖြစ်သာ ရပ်တည်နေတာပေါ့။

မကြာသေးခင်က ရေးခဲ့တဲ့ မော်တော်ယာဉ်မှတ်ပုံတင် သက်တမ်းတိုးချိန်ကျတော့မှ ဟိုအမှုရှိလို့၊ သည်အမှုရှိလို့ဆိုပြီး သက်တမ်းတိုးမပေးသေးဘဲ အမှုရှိရာ တခြားမြို့ကို ဖြစ်ဖြစ်၊ ရန်ကုန်မှာဆိုလည်း အင်မတန် သွားရလာရခက်တဲ့မြို့ထဲ ၅၁ လမ်းက ယာဉ်ထိန်းရုံးဆီအထိဖြစ်ဖြစ် ပြန်သွားခိုင်းနေတာမျိုးဟာ လူထုကို ကူညီမယ့်အစား ဒုက္ခသာပေးမယ်ဆိုပြီး စိတ်နှလုံး ဒုန်းဒုန်းချလုပ်ဆောင်နေကြတဲ့ အပေါက်ဆိုးတွေပါပဲ။

အဓိကကတော့ လူထုအပေါ် စေတနာမဲ့လွန်းတာပဲလို့ မြင်မိပါတယ်။ သူတို့အတွက် လာဘ်ရဖို့ဆိုတာကတော့ အကြောင်းတစ်ခုပေါ့။ သည့်ထက်ပိုတဲ့ အကြောင်းတစ်ခုကတော့ သူတို့ထမ်းရမယ့်တာဝန်ကို တတ်နိုင်သမျှ သက်သာအောင်လုပ်ပြီး အဲဒီဝန်ကို လူထုအပေါ် တင်ချလိုက်တာပါပဲ။

မီတာခ ကိစ္စမှာပဲ သိသာလှပါတယ်။ ဘဏ္ဍာရေးနှစ်တစ်နှစ် အဆုံးနဲ့အစမှာ သူတို့ရဲ့ မီတာဖတ်ဝန်ထမ်းတွေ တော်ရိလျော်ရိ လုပ်ထားခဲ့သမျှကို အဲတော့မှ စာရင်းညှိတာပဲ ဖြစ်ပါလိမ့်မယ်။

ယာဉ်ထိန်းရဲကကျပြန်တော့ စည်းပျက်ယာဉ်ကို ချက်ချင်းအရေးယူရမယ့် သူတို့တာဝန်ကိုရှောင်လွှဲပြီး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနနဲ့ ချိတ်ဆက်ကာ လူထုကိုနှိပ်စက်ပါတယ်။ သူတို့သာ စောစောစီးစီးက ကိုယ့်တာဝန် ကိုယ်ကျေမယ်ဆိုရင် အကြာကြီးကြာခါမှ လူထုမှာ မျက်ကလဲဆန်ပျာဖြစ်ရတာတွေ၊ ကရိကထများတာတွေ၊ ကိုယ်နဲ့ ဘယ်လိုမှ မသက်ဆိုင်ပေမယ့် အခြောက်တိုက် ဒဏ်ငွေဆောင်ရတာတွေ ရှိတော့မှာ မဟုတ်ပါဘူး။

ဒါက မြင်သာ ထင်သာတဲ့ ဥပမာနှစ်ခု ဖြစ်ပါတယ်။ ဌာနဆိုင်ရာအချို့ရဲ့ လူထုကို ဝန်ပိုစေတဲ့၊ အာဏာပြပြီး မတော်မတရား လုပ်နေတဲ့ လုပ်ရပ်တွေဟာ ပြောမဆုံးပေါင် တောသုံးထောင်ဆိုတာ ခံဖူးသူတိုင်း ကောင်းကောင်းကြီးသိကြပါတယ်။ တမင်ကို လူထုကို အဆင်မပြေ၊ မလွယ်ကူ၊ မသက်သာ၊ မလိုအပ်ဘဲ အချိန်တွေ မတရားကုန်အောင်လုပ်ထားတဲ့ အစီအမံတွေပါ။ ဒီအစီအမံတွေ ဒီတိုင်းပြည်ထဲမှာ ရှိနေတာ ဆယ်စုနှစ် ငါးစု မကတော့ ပါဘူး။

ဒီထဲမှာ ဌာနဆိုင်ရာ ဝန်ထမ်းအချို့ဟာ လူထုနဲ့ ဆက်ဆံတဲ့အခါ ချိုသာပြေပြစ်သူက ခပ်နည်းနည်း၊ သူ့လုပ်စာပဲ အလကားစားနေသူများဖြစ်နေလေတဲ့အတိုင်း မျက်နှာထားတင်းတင်း၊ အပေါက်ဆိုးဆိုးနဲ့ မာထန်နေသူတွေက ခပ်များများပါ။

**ဘယ်လို ပြင်ကြမလဲ**

ပြောင်းလဲချိန်တန်ပြီဆိုတဲ့အထဲမှာ အဲဒီလူထုကို ဒုက္ခပေး၊ နှိပ်စက်နေတဲ့စနစ်တွေ အမြန်ဆုံးပြုပြင်ကြဖို့ လိုနေပါပြီ။ ဘယ်လို ပြင်မလဲဆိုရင်တော့ Ombudsman (အောမ်ဘတ်ဒ်ဇ်ဒီမယ်န်)လို့ သိုးဆောင်းဘာသာစကားနဲ့ခေါ်ဆိုတဲ့ လူပုဂ္ဂိုလ်များ ခန့်ထားဖို့ပါပဲ။ သိုးဆောင်းဘာသာစကားနဲ့ ခေါ်လို့ ဒါက အနောက်တိုင်းက စတာ မဟုတ်ပါဘူး။

တရုတ်ပြည် ကျင်းမင်းဆက်မှာ ခရစ်တော် မပေါ်မီ ၂၂၁ ခုနှစ်ကတည်းက ရှိခဲ့တာပါ။ မရှေးမနှောင်းမှာပဲ ကိုရီးယားနိုင်ငံ ဂျိုဆောင်မင်းဆက်မှာလည်း ရှိခဲ့ပါတယ်။ သူတို့ကိုတော့ တော်ဝင်လျှို့ဝှက်စစ်ဆေးရေးမှူးလို့ ခေါ်ဆိုပြီး ဘုရင်က တိုက်ရိုက်ခန့်ထားပါတယ်။ သူတို့ တာဝန်က အနယ်နယ်အရပ်ရပ်ကို သာမန်လူလို မထင်မရှား သွားရောက်ကာ မင်းမှုထမ်းတွေရဲ့ မသမာမှုတွေ၊ လူထုအပေါ် ဒုက္ခပေးမှုတွေကို စုံစမ်းဖော်ထုတ်ကာ ဘုရင့်ထံ တိုက်ရိုက်တင်ပြရတာဖြစ်ပါတယ်။

Ombudsman ဆိုတာကတော့ ဆွီဒင်၊ ဒိန်းမတ်၊ နော်ဝေတို့မှာ သုံးတဲ့ ဘာသာစကား ရင်းမြစ်ကနေ ပေါ်ပေါက်လာတာ ဖြစ်ပါတယ်။ သူကကျတော့ ကိုယ်စားလှယ်ဆိုတဲ့ အနက်ဖြစ်ပါတယ်။ Ombud/Umbud ဆိုတာ ကြားခံ၊ အကျိုးဆောင်ဆိုတဲ့ အနက်များရှိပါသတဲ့။

နိုင်ငံရေးမှာတော့ အဲဒီ Ombudsman ဆိုတာဟာ နိုင်ငံသူ နိုင်ငံသားများအကျိုးအတွက် အစိုးရရဲ့လုပ်ရပ်ကို စစ်ဆေးနေရသူတွေ၊ နိုင်ငံသူ နိုင်ငံသားများအပေါ် အစိုးရရဲ့ မှုမမှန်တဲ့ လုပ်ရပ်နဲ့ ပတ်သက်လို့ တိုင်တန်းမှုများကို စုံစမ်းစစ်ဆေးရာမှာ ကြီးကြပ်ပေးရသူတွ ဖြစ်တာမို့ မြန်မာလို အဲဒီ ရာထူးကို “လူထုအကျိုးဆောင်”လို့ ခေါ်ရင် သင့်မလားပဲ။

**အမြန်ဆုံးလုပ်ရမယ့် ဒို့တာဝန်အရေးတကြီး**

လူထုအပေါ် မတန်တဆပိနေတဲ့ ဝန်ကို ပေါ့ပါးသွားအောင် လုပ်ဆောင်ရေးမှာ လူထုရဲ့အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက် ဖော်ဆောင်နေတဲ့ လွှတ်တော်တွေအနေနဲ့ အဲသလို လူထုအကျိုးဆောင် (Ombudsman) တွေ သတ်သတ်မှတ်မှတ် အမြန်ဆုံးခန့်ထားရေးပဲ ဖြစ်မယ်လို့ ထင်ပါတယ်။ ပြည်ထောင်စုအဆင့်မှာသာမဟုတ်ဘဲ သက်ဆိုင်ရာ ပြည်နယ်နဲ့ တိုင်းဒေသကြီးအဆင့်တွေမှာပါ ခန့်ထားပြီး လူထုဆီက နစ်နာမှု၊ မကျေနပ်မှု၊ တိုင်တန်းမှုတွေကို လက်ခံရယူပြီး လိုအပ်တဲ့ စုံစမ်းစစ်ဆေးမှုများပြုလုပ်ပြီးရင် သက်ဆိုင်ရာ အစိုးရအဖွဲ့တွေကို တင်ပြပေးဖို့က အဲဒီ လူထုကိုယ်စားလှယ်ရဲ့ အဓိကတာဝန်ပဲ ဖြစ်ပါလိမ့်မယ်။

လူထုကို သနားကြပါဗျာလို့တောင် တစ်ပြည်လုံး ဝိုင်းအော်သင့်လောက်အောင်ကို ကျွန်တော်တို့ နိုင်ငံမှာ ဌာနအချို့ရဲ့ လက်လွတ်စပယ်နိုင်မှု၊ ဖိစီးမှုတွေက တကယ့်ကို မနိုင်ရင်ကာ ဖြစ်နေခဲ့တာ နှစ်ပေါင်းများစွာ ကြာတောင့်ကြာလှပါပြီ။ အဲဒီလို မလိုအပ်တဲ့ နိစ္စဓူဝ ဖိစီးမှုအထွေထွေကြောင့် လူထုမှာ မချိတင်ကဲဖြစ်တဲ့သူက ဖြစ်၊ ဒေါသတွေကို ရင်ထဲအောင်းထားသူက အောင်းနဲ့ မဆိုင်တဲ့နေရာတွေမှာကျတော့မှ ပေါက်ကွဲကုန်တာတွေလည်း ခေတ်အဆက်ဆက်မှာ မနည်းတော့ပါဘူး။ တခေတ်က သုံးခဲ့ကြတဲ့ “ဆူပူမှု”ဆိုသော “လူထုအုံကြွမှု”တွေဟာ ဒါတွေကြောင့်သာ ပေါ်ပေါက်ခဲ့ရတာပါ။ အကြောင်းရင်းကတော့ “အထွေထွေ မကျေနပ်မှု”ရယ်လို့ပဲ တချို့က သညာပြုခဲ့ကြပါတယ်။ အဲဒီအထွေထွေမကျေနပ်မှုကို ဖန်တီးသူများကတော့ အစိုးရကပေးရမယ့် ဝန်ဆောင်မှုများကို အစိုးရကိုယ်စား ပေးအပ်နေကြတဲ့ ဌာနဆိုင်ရာတွေပါပဲ။

ဆူပူမှုပဲ ခေါ်ခေါ်၊ လူထုအုံကြွမှုပဲခေါ်ခေါ် ဘယ်လိုမတည်ငြိမ်မှုမျိုး၊ ဘယ်လို ကျီးလန့်စာစားနေရမှုမျိုးကိုမဆို ဘယ်နိုင်ငံသား (သာမန်အရပ်သား) ကမှ အလိုမရှိပါဘူး။ နိုင်ငံရေးအာဏာအတွက် ပွဲလန့်မှ ဖျာခင်းလို့ ရမယ်လို့ မမှိတ်မသုန် ယုံကြည်ပြီး ကစားနေကြတဲ့ လူတန်းစား လက်တစ်ဆုပ်စာလောက်ကသာ ဒါမျိုးကို အလိုရှိမှာပါ။

အခုတော့ မြန်မာနိုင်ငံရဲ့ ခေတ်ပြောင်းချိန် အရုဏ်ဦးကို ရောက်နေပြီလို့ တစ်ပြည်လုံးက မျှော်လင့်နေပါတယ်။ သည်အခါမှာ အထက်ကတင်ပြခဲ့တဲ့အတိုင်း လူထုကိုဝန်ပိနေ၊ ဖိစီးနေစေတဲ့အပြင် ဒုက္ခပေါင်းစုံပေးနေလေတဲ့ ဌာနဆိုင်ရာ အသီးသီးကို အရှိန်တန့်အောင် ဆောင်ရွက်ပေးနိုင်ရေးအတွက် “လူထုအကျိုးဆောင်များ”အမြန်ဆုံးခန့်ထားပြီး အရေးယူဆောင်ရွက်သွားရေးကို “ဒို့တာဝန်အရေးတကြီး”အဖြစ် လုပ်ဆောင်သင့်ပါကြောင်း မပြောရဲ ပြောရဲနဲ့ ပြောကြည့်လိုက်ရပြန်ပါတယ်။ အားလုံးအတွက် တွေးဆဆင်ခြင်စရာ တစ်စုံတစ်ရာ ရသွားလိမ့်မယ်လို့ မျှော်လင့်မိရပါတယ်ခင်ဗျား။

# ပန်ခါးရွာမှတိုက်ပွဲရှောင်များ နေရပ်ဒေသသို့ပြန်ကြပြီ

**သီပေါ မေ ၂၀**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် ပန်ခါးကျေးရွာအနီးတစ်ဝိုက်မှ တိုက်ပွဲအခြေအနေများကြောင့် ပန်ခါးရွာတိုက်ပွဲရှောင်ပြည်သူ ၃၀၀ကျော်သည် မေလဆန်းက သီပေါမြို့ ဇာတ်စုရပ်ကွက်ရှိ ရတနာရွှေဂူကျောင်းတိုက်သို့ လာရောက်ခိုလှုံခဲ့ကြသည်။

အဆိုပါတိုက်ပွဲရှောင် ပြည်သူများအား ကျောင်းတိုက်ဆရာတော်က လက်ခံစောင့်ရှောက်ပေးပြီး လူမှုရေးနှင့်ကျန်းမာရေးလိုအပ်ချက်များအတွက်လည်း တာဝန်ရှိသူများက ကူညီဆောင်ရွက်ပေးခဲ့ကြသည်။ ၎င်းအပြင် ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပြည်တွင်း/ပြည်ပနှင့် စေတနာရှင်ပြည်သူများကလည်း လာရောက်အားပေးခြင်း၊ ကူညီလှူဒါန်းခြင်းတို့ကို ပြုလုပ်ခဲ့ကြသည်။

ယခုအခါ အဆိုပါဒေသတွင် တိုက်ပွဲများရပ်စဲသွားပြီဖြစ်၍ ကျေးရွာသူကျေးရွာသားများ၏ ရပ်ဆိုင်းစွန့်ခွာထားခဲ့ရသောစိုက်ပျိုးရေးလုပ်ငန်းများကို ပြန်လည်လုပ်ကိုင်နိုင်ရေးအတွက် မေ ၁၉ ရက် မွန်းလွဲပိုင်းက တိုက်ပွဲရှောင်ပြည်သူများသည် ပန်ခါးကျေးရွာသို့ ပြန်လည်ထွက်ခွာသွားကြပြီဖြစ်သည်။

အလားတူပင် ဘော်ကြိုဘုရားကြီး ဂေါပကအဖွဲ့၏ အဆောက်အအုံများတွင် ရောက်ရှိခိုလှုံနေကြသည့် မန်လွယ်ကျေးရွာမှ တိုက်ပွဲရှောင်ပြည်သူများသည်လည်း ယခုရက်ပိုင်းအတွင်းမှာပင် ၎င်းတို့၏နေရပ်ဒေသဆီသို့ ပြန်လည်သွားရောက်ကြတော့မည်ဖြစ်ကြောင်း သိရသည်။

**သီပေါကိုလတ်**

## ဝက်လက်တွင် မျိုးဆက်ပွားကျန်းမာရေးစီမံချက်စတင်ဆောင်ရွက်မည်



**ဝက်လက် မေ ၂၀**
ပြည်သူများ၏ မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာအသိပညာခံယူချက်နှင့် အလေ့အထများ တိုးတက်စေခြင်းဖြင့် လူမှုဘဝမြင့်မားလာစေရန်နှင့် မျိုးဆက်ပွားကျန်းမာရေး လိုအပ်ချက်များ ဖြည့်ဆည်းပေးရေးတို့တွင် ပါဝင်အားဖြည့်ရန်ရည်ရွယ်၍ မြန်မာနိုင်ငံဆရာဝန်အသင်း၊ ကျန်းမာရေးဦးစီးဌာနနှင့် UNFPA တို့ပူးပေါင်း၍ မျိုးဆက်ပွားကျန်းမာရေးစီမံချက်ကို ဝက်လက်မြို့နယ်၌ စတင်ဆောင်ရွက်ရန်အတွက် မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာသင်တန်းများဖွင့်လှစ်နိုင်ရေးကြိုတင်ညှိနှိုင်းဆွေးနွေးပွဲကို မေ ၁၇ ရက် နံနက် ၁၀ နာရီက ပြည်သူ့ဆေးရုံအစည်းဝေးခန်းမ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအေးလွင်က အမှာစကားပြောကြားပြီး မျိုးဆက်ပွားကျန်းမာရေးစီမံချက်အရာရှိ ဒေါက်တာဖုန်းမိုလှိုင်နှင့် ဒေါက်တာခင်သီတာတို့က စီမံချက်ဆိုင်ရာများနှင့် သင်တန်းများဖွင့်လှစ်မည့် အစီအစဉ်များအား ရှင်းလင်းပြောကြားချက်များအပေါ် တက်ရောက်လာကြသူများက သိလိုသည်များကို ပြန်လည်မေးမြန်းခဲ့ကြသည်။

အဆိုပါစီမံချက်မှာ သားဆက်ခြားခြင်းကို အဓိကထားဆောင်ရွက်မည်ဖြစ်ပြီး လူထုအခြေပြု စေတနာ့ဝန်ထမ်းများအား မျိုးဆက်ပွားကျန်းမာရေးသင်တန်းများကိုလည်း ဝက်လက်မြို့နယ်အတွင်း ရွာသာကြီးကျေးရွာနှင့် မုဆိုးခြုံကျေးရွာများတွင် ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သင်တန်းတွင် သားဆက်ခြားခြင်းအသိပညာများ ဗဟုသုတများရရှိအောင် သင်တန်းနည်းပြဆရာနှစ်ဦးက ဆွေးနွေးသွားမည်ဖြစ်ပြီး သင်တန်းသားများမှတစ်ဆင့် မိမိတို့ရပ်ရွာတွင် သားဆက်ခြားခြင်းအသိပညာများ တစ်ဆင့် မျှဝေပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။ **နန်းမြင့်(ဝက်လက်)**

## သီးနှံထွက်နှုန်းကောင်းမွန်သည့် သိပ္ပံနည်းကျ စိုက်နည်းစနစ် စံပြကွက်များ ဖော်ဆောင်ပေး

**မုံရွာ မေ ၂၀**
မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကိုအခြေခံသည့် နိုင်ငံဖြစ်သည်နှင့်အညီ စိုက်ပျိုးရေးကို အဓိကထားလုပ်ကိုင်သည့် ကျေးလက်ဒေသနေတောင်သူများ သီးနှံအထွက်နှုန်းကောင်းမွန်သည့် သိပ္ပံနည်းကျ စိုက်နည်းစနစ်များကို လေ့လာသိရှိနိုင်ရန်အတွက် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ခရိုင် ရှစ်ခုရှိ မြို့နယ်များတွင် ဒေသရေမြေရာသီဥတု နှင့်ကိုက်ညီသော သီးနှံမျိုးများဖြင့် သိပ္ပံနည်းကျစိုက်နည်း စနစ် လိုက်နာဆောင်ရွက်သည့် သီးနှံစံပြစိုက်ကွက်များ ဖော်ဆောင်ပေးသွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

"တောင်သူတွေအနေနဲ့ ပြောင်းလဲလာတဲ့ရာသီဥတု၊ ဒေသရေမြေနဲ့ကိုက်ညီတဲ့ သီးနှံတွေကို စိုက်ပျိုးတဲ့အခါမှာ အဆင်ပြေစေဖို့အတွက် တိုင်းဒေသကြီးအတွင်းမှာရှိတဲ့ စိုက်ပျိုးရေးဝန်ထမ်းတွေ၊ အကျိုးဆောင်တောင်သူတွေနဲ့ ပူးပေါင်းပြီး နှစ်စဉ်စံပြစိုက်ကွက်တွေ ဖော်ဆောင်ပေးတာပါ။ စိုက်နည်းစနစ်တွေ၊ သွင်းအားစု အသုံးပြုမှုတွေ၊ ပိုးသတ်ဆေးအသုံးပြုခြင်း၊ ပြုစုပျိုးထောင်ခြင်းစနစ်တွေကို လေ့လာနိုင်အောင်လို့ ဖော်ဆောင်တာပါ" ဟု တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါစံပြစိုက်ကွက်များကို မုံရွာခရိုင်အတွင်း နှမ်းပေါ် ဧက ၂၈၀၊ နှမ်းမှုန် ၇၅ ဧက၊ မိုးကြိုပဲတီစိမ်း ၈၅ ဧက၊ မိုးပဲတီစိမ်း ဧက ၅၀ မိုးမြေပဲ ဧက ၆၀ မိုးနှမ်း ၁၅ ဧက၊ ပဲစင်းငုံ ၂၁၅ ဧက၊ မိုးစပါး ၆၅ ဧက၊ မိုးကြိုချည်မျှင်ရှည်ဝါ ၁၀ ဧကနှင့် ဟင်းသီးဟင်းရွက် ခုနစ်ဧကအားလည်းကောင်း၊ စစ်ကိုင်းခရိုင်အတွင်းနှမ်းပေါ် ဧက ၁၆၀၊ နှမ်းမှုန် ဧက ၅၀၊ မိုးကြိုပဲတီစိမ်း ၂၆၉ ဧက၊ ပဲစင်းငုံ ဧက ၁၆၀၊ မိုးစပါး ၃၃၅ ဧက၊ မိုးကြိုချည်မျှင်ရှည်ဝါ ၈ ဧကအားလည်းကောင်း၊ ယင်းမာပင်ခရိုင်အတွင်း နှမ်းပေါ် ၇၀ ဧက၊ မိုးကြိုပဲတီစိမ်း ၁၄၂ ဧက၊ မိုးမြေပဲ ၅၀ ဧက၊ မိုးနှမ်း ဧက ၅၀၊ ပဲစင်းငုံဧက ၂၁၀၊ မိုးစပါး ဧက ၂၀၀၊ ချည်မျှင်ရှည်ဝါ ခြောက်ဧက အားလည်းကောင်း၊ ရွှေဘိုခရိုင်အတွင်း နှမ်းပေါ် ၃၄၅ ဧကနှင့် မိုးကြိုချည်မျှင်ရှည်ဝါ ၁၀ ဧကအားလည်းကောင်း၊ ကန့်ဘလူခရိုင်အတွင်းနှမ်းပေါ် ဧက ၃၀ အားလည်းကောင်း၊ ကလေးခရိုင်အတွင်း နှမ်းပေါ် ဧက ၃၀ အားလည်းကောင်း၊ တမူးခရိုင်အတွင်းနှမ်းပေါ် ဧက ၃၀ အားလည်းကောင်း၊ ခန္တီးခရိုင်အတွင်း မိုးစပါး ၁၅ ဧက၊ အစေ့ထုတ်ပြောင်း ငါးဧကအားလည်းကောင်း စံပြကွက်များအဖြစ် ဖော်ဆောင်ပေးလျက်ရှိကာ တောင်သူများ၏ လက်တွေ့နယ်ပယ်တွင် လိုက်လျောညီထွေမှုရှိသည့် စိုက်ပျိုးရေးလုပ်ငန်းစဉ်များကို တောင်သူလယ်သမားများကိုယ်တိုင် သိရှိနားလည် လိုက်နာကျင့်သုံးခြင်းအားဖြင့် အထွက်နှုန်းများကောင်းပြီး ဝင်ငွေတိုးတက်လာစေရေးအတွက် စံပြကွက်များဖော်ဆောင်ပေးခြင်းဖြစ်ကြောင်း သိရသည်။ **ဖိုးချမ်း(မုံရွာ)**

## မလှိုင်မြို့နယ်အတွင်း ရေရှားပါးနေသောကျေးရွာများသို့ သောက်သုံးရေများလှူဒါန်း

**မလှိုင် မေ ၂၀**
မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ်အတွင်း အယ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် သောက်သုံးရေရှားပါးနေသော ကျေးရွာများသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငွေဒိုးဦးဆောင်သော အလှူရှင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များက မေ ၁၈ ရက် နံနက်ပိုင်းနှင့်မွန်းလွဲပိုင်းတို့တွင် သောက်သုံးရေများ သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

အဆိုပါနေ့နံနက်ပိုင်းက ရေဂါလန် ၁၆၀၀ ဆံ့ မီးသတ်ကားနှစ်စီးဖြင့် ကျွဲခြံကျေးရွာအုပ်စု၊ ကြာအိုင်၊ ကြာပွားကျေးရွာနှင့် ဘုန်းကြီးကျောင်းသို့ သောက်ရေများ သွားရောက်လှူဒါန်းခဲ့သည်။ ကြာအိုင်ကျေးရွာသည် အိမ်ခြေ ၁၃၁ အိမ်၊ လူဦးရေ ၆၆၀ နေထိုင်ပြီး ကြာပွားကျေးရွာတွင် အိမ်ခြေ ၆၇ အိမ်၊ လူဦးရေ ၂၉၇ ဦးနေထိုင်လျက်ရှိသည်။ ယခုနှစ်နွေကာလတွင် သောက်ရေရှားပါးသောအခက်အခဲနှင့် ကြုံတွေ့နေရသည့် ကျေးရွာဖြစ်သည်။

ကျွဲတော်တို့ရွာမှာက သောက်ရေအတော်ခက်ခဲပါတယ်။ ထနောင်းကိုင်းကျေးရွာနှင့် သက်ကယ်ကျင်းကျေးရွာနားရှိ စိုက်ခင်း(ကိုင်းတွင်း) ရေကိုသွားခပ်ရပါတယ်။ ရွာနှင့်အတော်ဝေးပါတယ်။ ဘုန်းကြီးကျောင်းထဲ စက်ရေတွင်းတူးတာလည်း ၁၃ တွင်းရှိပါပြီ။ ပေ ၃၀၀၊ ၃၅၀ အနက်တူးတာတောင် ရေငန်ပဲထွက်ပါတယ်ဟု" ကြာအိုင်ကျေးရွာသားဦးဆန်းအောင်က ပြောပြသည်။ အဆိုပါကျေးရွာများအတွက် ရေအလှူရှင်မှာ မိတ္ထီလာခရိုင် လမ်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သန်းသန်းဆွေက လှူဒါန်းခဲ့ခြင်းဖြစ်သည်။

မွန်းလွဲပိုင်းတွင် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့သည် လက်စွေ့ကျေးရွာအုပ်စု၊ ဘုရားတောင်းချောင်းရွာ (အနောက်) အိမ်ခြေ ၁၇၈ အိမ်၊ လူဦးရေ ၈၂၄ ဦးအတွက် ရေဂါလန် ၁၆၀၀ ဆံ့ မီးသတ်ကားတစ်စီး၊ မြင်းသေကျေးရွာ အိမ်ခြေ ၉၀၊ လူဦးရေ ၅၀၈ ဦးအတွက် ရေဂါလန် ၁၆၀၀ ဆံ့ မီးသတ်ကားတစ်စီးဖြင့် သောက်ရေများလှူဒါန်းခဲ့သည်။ အဆိုပါကျေးရွာများအတွက် မလှိုင်မြို့နယ်လမ်းဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဆွေဆွေက လှူဒါန်းခဲ့ခြင်းဖြစ်သည်။ မလှိုင်တစ်မြို့နယ်လုံးအနေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် အလှူရှင်များစုပေါင်း၍ မတ် ၇ ရက်မှစတင်၍ သောက်သုံးရေရှားပါးသည့် ကျေးရွာ ၁၁ ရွာအား ရေဂါလန် ၁၆၀၀ ဆံ့မီးသတ်ကား ၁၁ စီးနှင့် ရေသန့်ဘူးကြီး ၂၀၀ လှူဒါန်းနိုင်ခဲ့ကြောင်း သိရသည်။ **အောင်ငွေး(မလှိုင်)**

## ဖလံဖိုကျေးရွာမှ တံမြက်စည်းများကို ကိုယ်တိုင်လုပ် ကိုယ်တိုင်ရောင်းချသည့်စနစ်ဖြင့် တိုက်ရိုက်ဖြန့်ချိလျက်ရှိ



**မန္တလေး မေ ၂၀**
စဉ့်ကိုင်မြို့နယ် ဖလံဖိုကျေးရွာတွင် အနုန်းလက်တံမြက်စည်းပြုလုပ်သည့်လုပ်ငန်းကို မိသားစုတစ်ပိုင်တစ်နိုင် ပြုလုပ်ကြသည်။ မိသားစုလိုက်တောင်သူအလုပ်နားချိန်တွင် ပြုလုပ်ပြီး ကိုယ်တိုင်တိုက်ရိုက်ဖြန့်ချိသည့်စနစ်ကို ကျင့်သုံးကြသည်။ အမျိုးသားများမှာ ဆိုင်ကယ်များဖြင့် ကျေးရွာများသို့ တိုက်ရိုက်ဖြန့်ချိရောင်းချသလို အမျိုးသမီးများမှာ တံမြက်စည်းများကို ကားဖြင့်တင်ကာ ခေါင်းရွက်ဖြင့်ရောင်းချကြသည်။ အများစုမှာ မိသားစုလုပ်ငန်းအဖြစ် တစ်ပိုင်တစ်နိုင် ပြုလုပ်ရောင်းချသည့်အတွက် ဈေးကုန်ရအောင် တိုက်ရိုက်ဖြန့်ချိရောင်းချကြသည်။

တံမြက်စည်းအကြမ်းပြုလုပ်ရန် အဓိကကုန်ကြမ်းမှာ တံမြက်စည်းဝါးရိုး၊ သစ်သားဖြင့်ပြုလုပ်သည့်ဂျပ်၊ အုန်းဆံတို့ပင် ဖြစ်သည်။ ဝါးနှင့်သစ်သားဂျပ်တို့ကို အခြားဒေသမှဝယ်ယူပြီး အုန်းဆံများကိုလည်း တစ်နှစ်စာစုကာ ပြုလုပ်ကြသည်။ တံမြက်စည်းအကြမ်းတစ်ခု ပြုလုပ်ရန်အတွက် ပထမဦးစွာ အုန်းဆံအတို၊ အရှည်၊ အလတ် သုံးမျိုးခွဲထုတ်ကြရသည်။ ရှည်သည့်အုန်းလက်များကို တံမြက်စည်းတိုက်ရိုက်လုပ်ကိုင်နိုင်သော်လည်း အလတ်စားအုန်းဆံများကိုမူ သီးခြားထားကာ သက်ကယ်ပစ်သဏ္ဌာန်သီပြီးမှ တံမြက်စည်းပြုလုပ်သည်။ အုန်းဆံအတိုကိုမူ ပယ်ထားခဲ့သည်။

ပထမဦးစွာ ဝါးနှင့်သစ်သားဂျပ်ကို ဖောက်ကာ တွဲစပ်ခြင်းကိုပြုလုပ်ပြီး အုန်းဆံနှင့် သီဖွဲ့ရက်လုပ်ရသည်။ လူတစ်ဦးလျှင် တစ်နေ့တံမြက်စည်း ၁၀ ချောင်းအထိပြီးသည်။ ဖလံဖိုကျေးရွာတွင် ရှေးအစဉ်အဆက်ကတည်းက တံမြက်စည်းလုပ်ငန်းကို လက်ဆင့်ကမ်းလုပ်ကိုင်ကြသည်။ တံမြက်စည်းများကို မန္တလေးမြို့အနီးကျေးရွာများနှင့် အခြားဒေသများသို့ တိုက်ရိုက်ဖြန့်ချိရောင်းချကြသည်။ ကိုယ်တိုင်လုပ် ကိုယ်တိုင်ရောင်းစနစ်ဖြင့် ပြုလုပ်သည့်အတွက် ခိုင်ခံ့မှုကို အာမခံကြသည်။ ဖလံဖိုတံမြက်စည်းကို တောင်သူများ အများဆုံးဝယ်ယူအသုံးပြုကြသည်။ တံမြက်ဆံကောင်းမွန်ခြင်း၊ လက်ရာသေသပ်ခြင်းနှင့် ကြာရှည်ခံခြင်းတို့ကြောင့် ဖလံဖိုတံမြက်စည်းမှာ နာမည်ရပြီး တောင်သူများ အသုံးပြုမှုများသည်။ လက်ရှိကာလတွင် ဖလံဖိုတံမြက်စည်းတစ်ချောင်းလျှင် ငွေကျပ် ၁၅၀၀ နှုန်းဖြင့် ရောင်းချလျက်ရှိကြောင်း သိရသည်။ **တိမ်တမန်**

## မြန်မာ-အိန္ဒိယစီးပွားရေးပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး



**မန္တလေး မေ ၂၀**
မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း အတွင်းရေးမှူး ဒေါက်တာမောင်မောင်နှင့် အမှုဆောင်များ၊ ညီနောင်အသင်းများမှ စီးပွားရေးလုပ်ငန်းရှင်များအား အိန္ဒိယသမ္မတနိုင်ငံ အရှေ့ဘင်ဂေါပြည်နယ် ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဈေးကွက်သုတေသနဖွံ့ဖြိုးရေးမန်နေဂျာ Mr.Sanbt Dasgupta ဦးဆောင်သော စီးပွားရေးအဖွဲ့က မေ ၁၈ ရက် မွန်းလွဲ ၁ နာရီက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၇၈ လမ်းနှင့် ၃၄ လမ်းထောင့် ရတနာပုံစူပါစင်တာ စတုတ္ထထပ်ရှိ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း အစည်းအဝေးခန်းမ၌ လာရောက်တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း အတွင်းရေးမှူး ဒေါက်တာမောင်မောင်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး အိန္ဒိယသမ္မတနိုင်ငံ အရှေ့ဘင်ဂေါပြည်နယ် ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဈေးကွက်သုတေသနဖွံ့ဖြိုးရေးမန်နေဂျာက အိန္ဒိယစီးပွားရေးလုပ်ငန်းရှင်များနှင့် မိတ်ဆက်ပေးပြီး ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေး၊ ဆေးရုံသုံးစက်ကိရိယာများ၊ ရောဂါရှာဖွေရေးကိရိယာများ ရောင်းချရေး၊ ဆောက်လုပ်ရေးလုပ်ငန်းများနှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ ပူးပေါင်းလုပ်ကိုင်ထုတ်လုပ်ရေးဆိုင်ရာများ ဆွေးနွေးကြသည်။

ယင်းနောက် မြန်မာ-အိန္ဒိယ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များ အပြန်အလှန် လက်ဆောင်ပစ္စည်းများ ပေးအပ်ကြပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးကြခဲ့ကြောင်း သိရသည်။ **သီဟကိုကို(မန္တလေး)**

ဖတ်စရာ

# သောက်ရေအိုးဖုံးလေး ပြန်ဖုံးအုပ်ပေးခဲ့ပါ

ခ သရက်တန်းစိုးရွှေ(စိတ်ပညာ)

ကိုယ်တိုင်လုပ်ရတဲ့တာဝန်ကတော့ သိုလှောင်ရုံတာဝန်ခံပါ။ နေ့စဉ်အလုပ်သမားနှစ်ရာကျော်ကို စီမံအုပ်ချုပ်ပြီး လုပ်ငန်းအဆင်ပြေအောင် စွမ်းဆောင်ရင်း ပျော်ရွှင်ခြင်း မပျော်ရွှင်ခြင်းများနှင့် ရောထွေးစွာရှင်သန်နေရမြဲပင်ဖြစ်သည်။

မည်သည့်အနေအထားတွင်ရှိနေပါစေ နံနက်စောစော အလုပ်ထဲရောက်သည်နှင့် ပထမဆုံးသွားမိသည်က လုပ်သားများ ရေသောက်ရန်တည်ပေးထားသည့် သောက်ရေအိုးစင်ထားသည့် နေရာကလေးပင်ဖြစ်သည်။

သောက်ရေအိုးကို ရေဖြည့်ကာ ရေအိုးဖုံး၊ ရေခွက်နှင့် အတူ ရေအိုးအဖုံးအုပ်ဆောင်းကလေးများကို ဆေးကြောပြီး ရေပြည့်နေသည့် သောက်ရေအိုးကလေးကို အားပါးတရ ကြည့်လိုက်မိပေသည်။ ကိုယ့်စိတ်ကူးနှင့်ရေးကာ သောက်ရေအိုးစင်တွင် ကပ်ထားသောစာတန်းကလေးကိုပင် နှစ်ခေါက်လောက် ဖတ်လိုက်မိပေသည်။ "ရေသောက်ရင်း အားဖြည့်လိုက်ပါ။ သင်သည် တာဝန်ကျေပွန်စွာ စွမ်းဆောင်နိုင်သူဖြစ်သည်။ နေ့သစ်တိုင်းမှာ ခွန်အားသစ်များဖြင့် အလုပ်ခွင်အတွင်း ပျော်ရွှင်စွာထမ်းဆောင်ကာ မိမိတန်ဖိုးကို မြှင့်တင်လိုက်ပါ" ဟူ၍ပင်ဖြစ်သည်။ ကိုယ်တိုင်ပင် ရေနှစ်ခွက်လောက်သောက်လိုက်ရင်း ငါတာဝန်ကျေရမယ်လို့ စိတ်ထဲမှ ပြောလိုက်မိပေသည်။

ခဏအကြာတွင် လုပ်သားများစွာ အဖွဲ့ခေါင်းဆောင် အသီးသီးဖြင့် အလုပ်ခွင်အတွင်း ဝင်လာကြပေသည်။ အလုပ်မလုပ်ခင် လုပ်သားများ အခြေခံစိတ်များကို ပြုပြင်သည့်အနေဖြင့် ငါးမိနစ်ခန့် စကားပြောပေးရပေသည်။ "ဘော်ဒါတို့ရေ၊ လူတိုင်းလူတိုင်းမှာ အစွမ်းအစကိုယ်စီရှိတယ်။ ဘော်ဒါတွေ၊ ဒီကအဖွဲ့တွေ စွမ်းဆောင်မှုကောင်းမှ လုပ်ငန်းခွင်မှာ အဆင်ပြေမှာပါ။ နေ့သစ်တိုင်းက ဘဝသစ်တစ်ခုကို တည်ဆောက်ခွင့်ရှိနေတာမို့ တာဝန်ကျေပွန်ခြင်းဖြင့် မိမိတန်ဖိုးကို မြှင့်တင်လိုက်စမ်းပါ။ ညီညွတ်ခြင်းဖြင့် ချစ်ခင်မှုကို ရယူလိုက်စမ်းပါ။ စည်းကမ်းလိုက်နာခြင်းဖြင့် ဘဝအဆင့်ကို မြှင့်တင်ပစ်လိုက်စမ်းပါ" မှအစ လုပ်ငန်းပိုင်းများကို မှာကြားလေ့ရှိပေသည်။

ကုန်ထုတ်လုပ်ငန်း အိတ်ထမ်းတင်ခြင်း၊ ထမ်းချခြင်းများ ပြုလုပ်ရသည့်အတွက် လုပ်သားများ မောပန်းကြပေသည်။ ကားတစ်စီးလျှင် ဝန်ထမ်းစာရေးတစ်ယောက်နှင့်တွဲကာ အဆက်မပြတ်လုပ်ကိုင်ကြပေသည်။ မောသူများက ရေအိုးစင်တွင် ရေလာသောက်သမျှ ကိုယ်တိုင်ကပျော်နေပေသည်။ ရေအကျိုးဆယ်ပါးတဲ့။ ငါခပ်တဲ့ရေကုသိုလ်လေး သူတို့သောက်ရှာတယ်။ အားရပါးရသောက်လိုက်ကြတာ ဆိုပြီး ပျော်နေမိပေသည်။

> ရေကိုသောက်ကာ ရေအိုးဖုံးနှင့် ရေခွက်များကို ဖြစ်သလို ထားခဲ့ပြီး အောက်ကျအောင်လုပ်သွားသူ များနေပါသည်။ ပြန်ကောက်ကာ ဆေးကြောသူနည်းနေပေသည်။ ရေအိုး အတွင်း ရေရှိလျှင် ပျော်ရွှင်စွာသောက်ပြီး ရေမရှိပါက ရေအိုးကလည်း ရေမရှိဘူးဆိုသော အပြစ်တင်သည့် အမူအရာဖြင့် ပြန်သွားသူ များနေပါသည်။ ပေးဆပ်သူထက် အချောင်ခိုကာ အချောင်သောက်ရင်း စည်းကမ်းမဲ့သည့် စရိုက်တို့သာ လွှမ်းမိုးနေမြဲ . . .

တစ်ခါတလေ ကိုယ်တိုင်ယူနီဖောင်းအပြည့်အစုံဖြင့် ရေဖြည့်ကာ ရေချမ်းဒကာလုပ်နေသည့်ပုံကလေးကို လူမှုကွန်ရက်ဖေ့ဘွတ်(စ်)တွင် တင်လိုက်ပေသည်။ လိုက်ပေးသူများဖြင့် သဘောကျမှုများသည်ကိုကြည့်ကာ ပီတိဖြစ်နေရပေသည်။ ပီတိဖြစ်လေ ရေကုန်တိုင်းဖြည့်လေဖြင့် အလုပ်လုပ်ရင်း အားသည်နှင့် ရေအိုးကိုရေဖြည့်ရင်း ရေကုသိုလ်ယူနေလျက်ပင်ဖြစ်သည်။

တစ်နေ့လျှင် ရေအိုး ၁၆ အိုးခန့် ဖြည့်နေရပေသည်။ အများစုကတော့ ငါတို့ခေါင်းဆောင်က ရေအမြဲကုသိုလ်လုပ်တယ်ဆိုပြီး ချစ်ခင်လေးစားမှုများတာလည်းရှိနေပေသည်။ ဝန်ထမ်းအချင်းချင်း ဆက်ဆံမှုပြေလည်သလို အလုပ်သမားနှင့်ဆက်ဆံမှုလည်း ပြေလည်လျက်ပင်ဖြစ်သည်။

မပြေလည်သည်က တစ်ခုရှိနေပေသည်။ ထိုမပြေလည်မှုက နေ့တိုင်းကြုံတွေ့နေရပြီး မပြေလည်မှုကြောင့်ပင် အားမလိုအားမရ နေ့စဉ်ဖြစ်နေရမြဲပင်ဖြစ်သည်။ မပြေလည်သောအရာမှာ ရေသွားဖြည့်တိုင်း ရေအိုးဖုံးနှင့် ရေအိုးဖုံးအုပ်ဆောင်းကလေးများ အောက်ကျနေခြင်းပင်ဖြစ်သည်။ ကောက်တင်မည့်သူ မရှိပါချေ။

ရေအိုးစင်နားသွားတိုင်း ရေကုန်တာများပြီး ကုန်နေသောရေအိုးကို လုပ်သားများကကြည့်ကာ ပြန်သွားကြပေသည်။ ပိသာချိန်သုံးဆယ်ကျော် တာဝန်ထမ်းနေသည့် အလုပ်ကြမ်းသမားများဖြစ်သော်လည်း ရေအိုးကုန်နေသည်ကိုတွေ့သမျှ ရေပြန်ဖြည့်မည့်သူ မရှိခြင်းပင်ဖြစ်သည်။ ကိုယ်တိုင်သွားဖြည့်ကာ ရေပြည့်သည့်အခါမှသာ လာရောက်သောက်သွားကြပေသည်။ ရေကုန်တိုင်း ပြန်ဖြည့်မည့်သူမရှိပါချေ။

မနက်တိုင်း အခြေခံစိတ်ကိုပြောင်းလဲဖို့အတွက် ဆုံးမစကား အားပေးစကားပြောခြင်းမှာ နားဝင်ခြင်း မဝင်ခြင်း၊ ပြောင်းလဲခြင်း မပြောင်းလဲခြင်း၏ အဖြေပင်ဖြစ်ပေသည်။ စိတ်ကောင်းများဖြင့် ပြောင်းလဲသူနည်းနေပေသည်။ ရေကိုသောက်မည့်သူ များနေပါသည်။ ပြန်ဖြည့်မည့်သူမရှိပါချေ။ ရေကိုသောက်ကာ ရေအိုးဖုံးနှင့်ရေခွက်များကို ဖြစ်သလို ထားခဲ့ပြီး အောက်ကျအောင်လုပ်သွားသူ များနေပါသည်။ ပြန်ကောက်ကာ ဆေးကြောသူနည်းနေပေသည်။ ရေအိုး အတွင်းရေရှိလျှင် ပျော်ရွှင်စွာသောက်ပြီး ရေမရှိပါက ရေအိုးကလည်း ရေမရှိဘူးဆိုသော အပြစ်တင်သည့်အမူအရာဖြင့် ပြန်သွားသူများနေပါသည်။ ရေခပ်သူ ပေးဆပ်သူထက် အချောင်ခိုကာ အချောင်သောက်ရင်း စည်းကမ်းမဲ့သည့်စရိုက်တို့သာ လွှမ်းမိုးနေမြဲပင်ဖြစ်သည်။ လွယ်လွယ်ပြောဆိုသမျှ ဒီလိုအကျင့်စရိုက်ရှိလို့ ဒီလိုတိုးတက်မှုနဲ့ ဝေးကွာနေတာပါလားဟု ပြောနိုင်ပေသည်။

လေးနက်စွာအတွေးချဲ့သမျှ ရေအိုးစင်၊ အုပ်ချုပ်သူ၊ လုပ်သားများပါဝင်သော စိတ်ကူးနိုင်ငံငယ်တစ်ခုဟု တွေးလိုက်သမျှ ရင်လေးသွားပေသည်။ နံနက်တိုင်း တိုးတက်ရေးအတွက် ရှေ့မှာပြောပေးနေပေသည်။ ပြောင်းလဲသူ၊ လက်တွေ့လိုက်နာသူ နည်းနေပေသည်။ ရှေ့မှဦးဆောင်ကာ စေတနာနှင့် နေ့စဉ်ရေဖြည့်ပေးနေပါသည်။ နောက်မှလူများက ရေမဖြည့်သည့် အကျင့်ဆိုးများ စွဲနေပေသည်။ ရေဖြည့်ထားခြင်းကိုသောက်ကာ ရေအိုးဖုံးများ၊ ရေခွက်များကို စည်းကမ်းမဲ့သုံးကာ အောက်ကျအောင်လုပ်သည့် အကျင့်ဆိုးတို့ ရှိနေပေသည်။ ရေပြည့်လျှင်သောက်ပြီး ရေမရှိလျှင် အပြစ်တင်သည့်အကြည့်ဖြင့်ကြည့်သူတို့ များနေပါသည်။ ထိုစိတ်ကူးနိုင်ငံကို အဖြေထုတ်သမျှ မတိုးတက်သောနိုင်ငံငယ်၊ အချောင်သမားအများစုရှိရာနေရာ၊ စည်းကမ်းမဲ့သူများသည့်နေရာ၊ တိုးတက်ရေးအတွက် ပြောင်းလဲမှုကို မလိုက်နိုင်သည့်နေရာအဖြစ် သိမြင်သွားပေသည်။

ရေအိုးစင်ကလေးကို ရှေ့မှဦးဆောင်သူက ရေဖြည့်ပေးလိုက်ပါလျှင် နောက်လူများက သောက်လည်းသောက်၊ ဖြည့်လည်းဖြည့်လျှင် မည်သို့ဖြစ်သွားပါမည်နည်း။ ရေအိုးအဖုံး၊ ရေခွက်များကို စနစ်တကျ စည်းကမ်းရှိစွာ သောက်သုံးလျှင် မည်သို့ဖြစ်သွားပါမည်နည်း။ မတော်လို့အောက်ကျသွားသည့် ရေအိုးဖုံးများကို ပြန်ကောက်ကာ ဆေးကြောသန့်စင်သူ၊ တာဝန်သိသူများလာပါလျှင် မည်သို့ဖြစ်သွားပါမည်နည်း။ တာဝန်ကျေပွန်မှုများဖြင့် ကူညီစွမ်းဆောင်လျှင် မည်သို့ဖြစ်သွားပါမည်နည်း။ ဖွံ့ဖြိုးတိုးတက်ဖို့ ပြောင်းလဲဖို့အတွက် ဘာလုပ်ပါဟူ၍မပြောလိုပါ။ တစ်ခုသာတောင်းဆိုချင်ပါသည်။ အဲဒီတစ်ခုက သောက်ရေအိုးအဖုံးလေး ပြန်ဖုံးအုပ်ပေးခဲ့ပါ။ ။

## မြစ်သားမြို့ ၂၀၁၅ ခုနှစ် တီဘီရောဂါတိုက်ဖျက်ရေး စီမံချက်လုပ်ငန်းများ အသိပေးဆွေးနွေး

**မြစ်သား မေ ၂၀**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့တွင် ကမ္ဘာ့ရန်ပုံငွေအဖွဲ့၏ ထောက်ပံ့မှုဖြင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်းနှင့် UNOPS တို့ ပူးပေါင်း ဆောင်ရွက်သော တီဘီရောဂါတိုက်ဖျက်ရေးစီမံချက်ရုံးက ၂၀၁၅ ခုနှစ် တီဘီရောဂါတိုက်ဖျက်ရေး စီမံချက်လုပ်ငန်းများ အသိပေးဆွေးနွေးပွဲကို မေ ၁၆ ရက် နံနက် ၉ နာရီက ပြည်သူ့ဆေးရုံအစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးဦးက အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကိုကိုက မြန်မာနိုင်ငံရှိ လူဦးရေနှင့် တီဘီဖြစ်ပေါ်မှုနှုန်းကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ မြန်မာနိုင်ငံ ကျန်းမာရေးမှူးအသင်း ဗဟိုမှ ဒုဥက္ကဋ္ဌ ဦးအောင်ရှိန်က အသင်း၏လုပ်ငန်းများနှင့်ပတ်သက်၍ တင်ပြပြီး စီမံချက်မန်နေဂျာ ဆရာဦးမျိုးသန့်နိုင်က မြို့နယ်အလိုက် ဆောင်ရွက်မည့် စီမံချက်လုပ်ငန်းများ တင်ပြကာ စီမံချက်အရာရှိ ဦးကျော်လင်းထွဋ်က စီမံချက်လုပ်ငန်းများ အောင်မြင်စေရန် အခက်အခဲနှင့် လိုအပ်ချက်များကို သက်ဆိုင်ရာများသို့ တင်ပြဆွေးနွေးခဲ့ကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် အုပ်ချုပ်ရေးမှူးများ၊ ဆေးရုံအုပ်ကြီးများ၊ ကျန်းမာရေးမှူးများ၊ တိုက်နယ်ဆရာဝန်များ၊ ဓာတ်ခွဲ၊ ဓာတ်မှန်မှူးများ၊ ကြက်ခြေနီတပ်ရင်းမှူး၊ မိခင်နှင့်ကလေး၊ ကျန်းမာရေးဌာနဆရာဝန်နှင့် သားဖွားဆရာမများ တက်ရောက်ခဲ့ကြပြီး တီဘီရောဂါတိုက်ဖျက်ရေးစီမံချက်တွင် ပူးပေါင်းဆောင်ရွက်နိုင်ရေး ဆွေးနွေးခဲ့ကြောင်း သိရသည်။

**ရဲဝင်းထွန်း(မြစ်သား)**

## သွေးလွန်တုပ်ကွေးကာကွယ်တိုက်ဖျက်ရေး ကျန်းမာရေးဌာနမှ ကွင်းဆင်းစစ်ဆေး

**မင်းတပ် မေ ၂၀**

သွေးလွန်တုပ်ကွေးဖြစ်ပွားမှုမှ ကာကွယ်နိုင်စေရန်အတွက် မင်းတပ်မြို့ပေါ်တွင် ကျန်းမာရေးဌာနဝန်ထမ်းများက ခြင်ပေါက်ဖွားမှုမဖြစ်ပေါ်စေရေးအတွက် ကွင်းဆင်းစစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိသည်။

မင်းတပ်မြို့ပေါ်တွင် ရပ်ကွက်ကြီးလေးရပ်ကွက်ရှိသဖြင့် အဖွဲ့ကြီးလေးဖွဲ့ ဖွဲ့စည်း၍လည်းကောင်း၊ ယင်းအဖွဲ့ကြီးများမှ အဖွဲ့ငယ်များ ထပ်မံဖွဲ့စည်း၍လည်းကောင်း ဆောင်ရွက်လျက်ရှိသည်။ ယခင်နှစ်က မင်းတပ်မြို့တွင် သွေးလွန်တုပ်ကွေးဖြစ်ပွားသူ ၅၀ ကျော်ရှိခဲ့သဖြင့် သက်ဆိုင်ရာဌာနတာဝန်ရှိသူများမှ သွေးလွန်တုပ်ကွေးမဖြစ်ပွားမီ ကာကွယ်နိုင်ရန်အတွက် ကွင်းဆင်းစစ်ဆေးမှုများကိုမေ ၁၇ ရက်မှ မေ ၂၇ ရက်ထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စံပြရပ်ကွက်တွင် ကွင်းဆင်းဆောင်ရွက်သူ ဦးဟာအွမ်(ငှက်ဖျားကြီးကြပ်သူ) က ပြောသည်။

သွေးလွန်တုပ်ကွေးဖြစ်ပွားမှု တားဆီးကာကွယ်နိုင်စေရန်အတွက် လက်ကမ်းစာစောင်ဖြန့်ဝေခြင်း၊ ပိုစတာများကပ်ခြင်းနှင့် အသိပညာပေးဟောပြောခြင်းများကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**လိန်းဟုန်းမာန်(ပြန်/ဆက်)**




## ညောင်လေးပင်မြို့၌ ငြိမ်းချမ်းစွာစီတန်းလှည့်လည်ဆန္ဒဖော်ထုတ်

**ညောင်လေးပင် မေ ၂၀**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့ မြို့မ (၁) ရပ်ကွက် မဟာတိလောကသယမ္ဘူကျောက်တော်ကြီးဘုရားရှေ့၌ မေ ၁၉ ရက် နံနက် ၁၀ နာရီတွင် အင်အား ၂၃ ဦးခန့်ရှိသော ဆန္ဒဖော်ထုတ်သူများသည် တရားဝင်ခွင့်ပြုချက်ဖြင့် ဆိုင်းဘုတ်များကိုင်ဆောင်ကာ ငြိမ်းချမ်းစွာဆန္ဒဖော်ထုတ်ခဲ့ကြကြောင်း သိရသည်။

ဆန္ဒဖော်ထုတ်သူများသည် ညောင်လေးပင်မြို့ ဘုရားကြီးရှေ့မှစတင်၍ ဘုရားကြီးလမ်း၊ ဗိုလ်ချုပ်လမ်း၊ ၎င်းမှ ရန်ကုန်-မန္တလေးကားလမ်းအတိုင်း ချီတက်လာပြီး မြို့မ (၃) ရပ်ကွက် ငါးလုပ်ငန်း ဦးစီးဌာနရုံးရှေ့ထိ သွားရောက်ဆန္ဒဖော်ထုတ်ခဲ့ကြပြီး ၎င်းမှတစ်ဆင့် ရန်ကုန်-မန္တလေးကားလမ်းတိုင်း ပြန်လာကာ ဗိုလ်ချုပ်လမ်းအတိုင်း ဆက်လျှောက်၍ မြို့နယ်မြေစာရင်းဦးစီးဌာနရုံးရှေ့တွင် ဆန္ဒဖော်ထုတ်မှုရပ်နားခဲ့သည်။

ဆန္ဒဖော်ထုတ်ရာတွင် အချက်ငါးချက်ဖြစ်သော ပုံစံ(၇) ချထားပြီးသော လယ်မြေထဲတွင် ငါးကန်တူးဖော်ခွင့်ပေးထားသောငါးဦးစီးမှူးအားအလိုမရှိ၊ ပုံစံ(၇) ကျထားပြီးသော လယ်မြေထဲတွင် လယ်စပါးပြန်လည်စိုက်ပျိုးခွင့်ရရှိရေး၊ လယ်မြေထဲတွင် တူးဖော်ထားသော ငါးကန်အား မြေပြန်လည်ဖို့ပေးရေး၊ ဘုရားငုတ်တိုအင်းအား ယခင် ဘုတ်ပြင်အင်းအတိုင်း ကျွဲရေသောက်၊ နွားရေသောက်အဖြစ် ပြန်လည်သတ်မှတ်ပေးရေး၊ နိုင်ငံတော်အား အခွန်ထမ်းဆောင်ထားခြင်းမရှိသော အင်းအား ဖျက်သိမ်းပေးရေးတို့ပါဝင်ကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**

ကြော်ငြာ

## ကိုးဘွဲ့ရ ရိပ်သာ၌ အမြတ်ဆုံး သိမ်၊ ဘုရား၊ ကျောင်း ဒကာ ခံယူပါ။

နိုင်ငံကျော် ဓမ္မကထိက၊ ကိုးဘွဲ့ရဆရာတော် အရှင်အာစာရာလင်္ကာရအရှင်သူမြတ် တည်ဆောက်သော ဝိပဿနာရိပ်သာ၌ (၁) မြေ အလှူတော် ငါးသောင်းကျပ်၊ (၂)ကျောင်း အလှူတော် ငါးသောင်းကျပ်၊ (၃)သိမ် အလှူတော် ငါးသောင်းကျပ်၊ (၄)ဘုရားစေတီ အလှူတော် ငါးသောင်းကျပ်၊ (၅)အုတ်တံတိုင်း အလှူတော် ငါးသောင်းကျပ်၊ (၆)ပစ္စည်းလေးပါးပဒေသာပင် အလှူတော် ငါးသောင်းကျပ်နှုန်းဖြင့်-
ရန်ကုန်၊ မြောက်ဒဂုံ၊ (၄၂)ရပ်ကွက်၊ ဗိုလ်မှူးဗထူးလမ်း၊ ကိုးဘွဲ့ရကျောင်းသို့ဖြစ်စေ၊ အရှင်အာစာရာလင်္ကာရ-မြောက်ဥက္ကလာ ကမ္ဘောဇဘဏ်၊ အကောင့်နံပါတ် ဝ၇ဝ-၁၂-၁ဝဝ-၇၃-၇၃၃ သို့ဖြစ်စေ လှူဒါန်းနိုင်ကြပါပြီ။
Ph: 09 78 78 77 969 , 09 78 78 87 969 , 09 21 10 30 5 , 09 787 6666 70

## မွေးနေ့မင်္ဂလာဆုတောင်းလွှာ

ကိုစိန်မင်းဦး (ပဲခူး)၏ ၁၃၇၈ ခုနှစ် ကဆုန်လပြည့်နေ့တွင် ကျရောက်သော (၅၀) နှစ်ပြည့် မွေးနေ့မင်္ဂလာမှသည် နောင်နှစ်ပေါင်းများစွာတိုင် ချစ်သောမိခင်နှင့်အတူ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပြီး အလှူရေစက်လက်နှင့်မကွာ လှူဒါန်းနိုင်ပြီး ပျော်ရွှင်သောနေ့ရက်တိုင်းကို ဖြတ်သန်းနိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

သဲကလျာဦး

## ပျောက်ဆုံးကြောင်း

ဒေါ်သန္တာဝင်း [၉/မနမ(နိုင်)၁၁၅၆၆၂] ၏ သွင်းကုန်လိုင်စင်အမှတ်- ISP IDV 8 15-16 42006 17-2-2016 နှင့် ပြင်ဆင်စာအမှတ်-ကသရဦး၊ ပို့/သွင်း (OSS)/ ပြင်ဆင်/၁၆-၁၇ (၀၃၂၈) နှင့် ID.No-707340 9-5-2016 BL No-NYKS.005266721 သည် ၁၈-၅-၂၀၁၆ ရက်တွင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉၄၂၀၂၅၆၈၃၄

## တာဝတိံသာ

အဆင့်မြင့် အိမ်ပြောင်း၊ အိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း

အိမ်ခန်း၊ ရုံးခန်း၊ ဆိုင်ခန်း ပြောင်းရွှေ့လိုပါက ၁၀ပေ၊ ၁၄ပေ၊ ၁၅ပေ၊ ၁၆ပေ၊ ၁၇ပေ၊ ၂၄ပေ၊ ၁၀ဘီး၊ ၁၂ဘီးကားများနှင့် အလုပ်သမားများ အပါပြောင်းရွှေ့ပေးသည်။

(မြို့တွင်း / နယ်ဝေး)

Ph: 09 32152526
09 421024222
09 31483218
09 49344288







## မြေကွက်များရောင်းရန်ရှိသည်

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့- ပဲခူး-ရန်ကုန် လမ်းမအနီး ပေ (၄၀×၆၀)၊ ၆၅ သိန်း-သိန်း ၇၀

ဖုန်း-၀၉-၇၉၉၉၄၀၇၀၁၊
၀၉-၇၉၉၉၄၀၇၀၂




| | Bedroom 1 | Bedroom 2 | Living room | Walkway | Kitchen |
|---|---|---|---|---|---|
| (a) Laminate Floor | ✓ | ✓ | ✓ | ✓ | |
| (b) Wall Covering/Paint | ✓ | ✓ | ✓ | ✓ | |
| (c) PNC Panel | ✓ | ✓ | | ✓ | |
| (d) Aluminium Door | ✓ | ✓ | | | |
| (e) Single face Partition | ✓ | ✓ | ✓ | | |
| (f) Tile (Floor,Wall) | | | | | ✓ |
| (g) Indoor Plants | | | ✓ | | |
| (h) Kitchen Cabinet | | | | | ✓ |

## ဒဂုံမြို့သစ်

အရှေ့ပိုင်း
အိပ်ကပ်းမြို့နယ်
တောင်ပိုင်း၊ မြောက်ပိုင်း များရှိ မြေကွက်များကို ဈေးကောင်း ပေးဝယ်သည်။

09-6809893
09-5120620

## ဂွက်ရည်ဆေးတိုက်

ဂွက်ရည် ®
အမှတ်တံဆိပ်

ဂရင်ဂျီနာ၊ အတွင်းအပြင်လိပ်ခေါင်းရောဂါ၊ ဆီးချို၊ သွေးချိုကျဆေး၊ ဆီးကျိတ်ရောဂါ၊
အဆစ်ရောင်ကိုက်လေးဖက်နာ၊ အဆီကျဆေး၊ သွေးတိုးရောဂါ၊ ချောင်းဆိုးရင်ကျပ်၊
အသည်းရောဂါ၊ အရိုးအကြောရောဂါ၊ ဆီးရောဂါ၊ အဖျားရောဂါ၊
အကျိတ်ရောဂါအတွက် အစွမ်းထက်ဆေးများကို ပင်းရင်းလိပ်စာနှင့်
အမြို့မြို့ဆေးဆိုင်တိုင်းတွင် ရရှိနိုင်ပါသည်။

ကြော်ငြာခွင့်ပြုချက်အမှတ်-
တဆဝက (စာနယ်ဇင်း) ၀၅၄/၀၇၁၃

၈၂(၂)၊ သာယာကုန်းလမ်း၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန်မှ အထက်ပါရောဂါများအတွက် အစွမ်းထက်တိုင်းရင်းဆေးများရရှိနိုင်ပါသည်။

အချိန် - နံနက်(၁၀း၀၀)နာရီမှ ညနေ(၅း၀၀)နာရီအထိ (တနင်္ဂနွေနေ့ပိတ်သည်။)
ဖုန်း--၀၁ ၆၄၂၆၈၂၊ ၀၁ ၆၄၁၅၀၁၊ ၀၉ ၉၇၀၀၅၀၀၅၀




ရွှေနန်းတော်စိန်ရွှေရတနာဆိုင်ဖွင့်လှစ်ခြင်း
(၂၂)နှစ်ပြည့်အထူးအစီအစဉ်
Up to
50% off
Special Discount
22 YEARS
1994 - 2016
24,537,500Ks
12,268,750Ks
13,875,000 Ks
6,937,500 Ks
9,937,500 Ks
4,968,750 Ks
23,332,500 Ks
11,666,250 Ks
သိန်းပေါင်း (2500) ကျော်ချီးမြှင့်ပေးမည့် Lucky Draw Program
၂၀၁၆ ဇန်နဝါရီ (၁၈)ရက် မှ မေ (၂၉)ရက်နေ့အထိ
Grand Lucky Draw Prizes
(၁) MAZDA3 Brand New ကား (၂) စီး
(၂) ၅ကျပ်သား ရွှေဆွဲကြိုး (၅) ကုံး (၃) ၃ကျပ်သား ရွှေဆွဲကြိုး (၅) ကုံး
(၄) ၁ကျပ်သား ရွှေဆွဲကြိုး (၁၀) ကုံး (၅) ငါးမူးသား ရွှေဆွဲကြိုး (၂၀) ကုံး
ကံထူးရှင်ရွေးချယ်ပွဲ
28.5.2016 (စနေနေ့)
နေ့လည် (၁း၀၀နာရီ မှ ၃း၀၀နာရီထိ)
Draem Boat နှင့်အဖွဲ့ဖျော်ဖြေမှုများ
ညနေ (၄း၀၀နာရီ မှ ၆း၀၀နာရီထိ)
Tri Family (ဂျူးဂျူးကေ၊ နိုနိုကေ၊ Mr.K)
စေမီကို (K Miko & Blossoms Dance Crew)
ဖြိုးပြည့်စုံ၊ အောင်ထက်၊ ဝန
29.5.2016 (တနင်္ဂနွေနေ့)
နေ့လည် (၁း၀၀နာရီ မှ ၃း၀၀နာရီထိ)
Draem Boat နှင့်အဖွဲ့ဖျော်ဖြေမှုများ
ညနေ (၄း၀၀နာရီ မှ ၆း၀၀နာရီထိ) ကံထူးရှင်ရွေးချယ်ပွဲ
စေမီကို (K Miko & Blossoms Dance Crew)
ဖြိုးပြည့်စုံ၊ အောင်ထက်၊ ပိုင်းစုစိုင်သိန်း၊ နီနီခင်ဇော်၊
အမှတ်တရဓါတ်ပုံရိုက်ကူးပေးခြင်းနှင့်လက်မှတ်ရေးထိုးခြင်း
နေတိုး၊ ဧရဲထက်၊ ဝတ်မှုန်ရွှေရည်၊ ဖွေးဖွေး၊
Miss Show – မြတ်ပုဏ္ဏမီနိုင်၊ နန်းစန္ဒာလှထွန်း၊
ယမင်းစေဦး၊ Bella (မြတ်သီရိလွင်)၊ မြတ်သီရိမွန်၊
၁-၃-၂၀၁၆ မှ ၃၁-၁၂-၂၀၁၆ အထိ
အများဆုံးဝယ်ယူသူ (၂၅)ဦးအတွက်
ထပ်ဆင့်အထူးလက်ဆောင်မွန်
ရွှေ (၁၀)ကျပ်သား (၁) ဆု
ရွှေ (၇)ကျပ်သား (၁) ဆု
ရွှေ (၅)ကျပ်သား (၃) ဆု
ရွှေ (၃)ကျပ်သား (၅) ဆု
ရွှေ (၂)ကျပ်သား (၅) ဆု
ရွှေ (၁)ကျပ်သား (၅) ဆု
ငါးမူးသား (၅) ဆု
ကံစမ်းရန်မလိုပါ
ချက်ချင်းပေါက် ချက်ချင်းယူ
မလာမပါ ကံစမ်းမဲ
(၁) ၂ ကျပ်သား ရွှေဆွဲကြိုး (၄) ကုံး
(၂) ၁ ကျပ်သား ရွှေဆွဲကြိုး (၁၀) ကုံး
(၃) ၁၂ ပဲ ရွှေဆွဲကြိုး (၁၀) ကုံး
(၄) ၈ပဲ မှ ၁ပဲသား ရွှေထည်ပစ္စည်း
(၁၀၀) နှင့် အခြားအဖိုးတန်ပစ္စည်းများ
၁၈.၁.၂၀၁၆ မှ ၂၉.၅.၂၀၁၆ ထိ
Customers အတွက်
Silver Card အကျိုးခံစားခွင့်
Gold Card အကျိုးခံစားခွင့်
Diamond Card အကျိုးခံစားခွင့်
GIA/HRD Certificate Available
Hongkong လက်ရာစိန်ထည်များ
(3D CAD/CAM) Designs
KBZ Bank Hire Purchase
MPU/Visa/Master/Debit Cards
Golden Palace Super Diamond Card
ကုမ္ပဏီများအတွက် အမှတ်တရဆွဲသီး၊ ရင်ထိုးနှင့်
လက်ဝတ်ရတနာမျိုးစုံကို သင့်တင့်မျှတသော
ဈေးနှုန်းဖြင့် ကမ္ဘာ့အဆင့်မီ အရည်အသွေးအတိုင်း
(3D CAD/ CAM) ဖြင့် ဆော်ဒါများ လက်ခံ
ဆောင်ရွက်ပေးနေပါပြီ၊
Super Diamond Card အစီအစဉ်
ဝယ်ယူမှု သိန်း(၆၀)ကျပ် ပြည့်တိုင်း
ငွေသားကျပ် (၂၅၀၀၀)ချက်ခြင်းချီးမြှင့်ပေးမည်၊
ဆိုင်(၁)- အမှတ်-၄၄၃၊မဟာဗန္ဓုလလမ်းနှင့်လမ်းဆော်လမ်းဆောင်ထောင့်ဈေးချိုင်အနီး
PH: 01-210572,01-229409,01-227212
ဆိုင်(၂)- အမှတ်- ၆၈၉၊၁၉လမ်းနှင့်မဟာဗန္ဓုလလမ်းထောင့်
PH:01-211728, 01-226977,01-228751
ဆိုင်(၃)- မြို့ညီထပ်၊ JUNCTION SQUARE SHOPPING CENTRE
PH:01-211728, 09-731 45462,09-731 45463
ဆိုင်(၄)- (G-05A), မြို့ညီထပ်၊ MYANMAR PLAZA (HAGL GROUP)
NEAR SEDONA HOTEL), PH: 09-2653 99966, 09-2653 99977

# ကြော်ငြာ

## ဆရာမ ဒေါ်သင်းသင်းအေး
**[အထက(၁)ဒဂုံ/မြောက်]**
**အသက်(၅၀)**

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ သွပ်ဝိုင်းကြီးရပ်ကွက်၊ ပတ္တမြားလမ်း၊ အမှတ်(၁၄၁/ခ)နေ ဦးခင်ဆွေ-ဒေါ်ကျင်စိန်တို့၏ သမီး (ဦးထွန်းကြည်-ဒေါ်လှလှဌေး)၏ ညီမ၊ မတင်တင်စိုး၊ ဦးတင်ထွန်းအောင်၊ ဦးအောင်မိုး-ဒေါ်ခင်ခင်မျိုး၊ ဦးဇော်ဝင်းထွန်း-ဒေါ်မင်းခိုင်စိုးတို့၏ အစ်မသည် ၁၉-၅-၂၀၁၆(ကြာသပတေးနေ့) ည ၈း၅၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၁-၅-၂၀၁၆(စနေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှ ကားများနံနက် ၁၀း၃၀နာရီတွင် ထွက်ပါမည်။) [၂၅-၅-၂၀၁၆ (ဗုဒ္ဓဟူးနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး**
## ဒေါ်အေးမြင့် (ရေးမြို့)
**အသက်(၈၆)နှစ်**

မွန်ပြည်နယ်၊ ရေးမြို့၊ အောင်မင်္ဂလာ ရပ်ကွက်၊ (၇)လမ်း၊ အမှတ်(၁)နေ (ဦးကံစိန်)၏ ဇနီး၊ ဦးဌေးအောင်-ဒေါ်သီသီဝေ၊ (ဦးမျိုးအောင်-ဒေါ်နုနုစိန်)၊ ဦးရဲမြင့်-ဒေါ်ရီရီတင်၊ ဒုတိယဗိုလ်မှူးကြီး သက်နိုင်-ဒေါက်တာဒေါ်စိုးစိုး၊ ဒုတိယဗိုလ်မှူးကြီးကျော်နိုင်(ငြိမ်း)-ဒေါ်လှလှကြီး၊ ဦးကျော်မျိုးနိုင်-ဒေါ်အိအိခိုင် တို့၏ မိခင်၊ မြေး ၁၄ ယောက်တို့၏ အဘွား၊ မြစ်ခုနစ်ယောက်တို့၏ ဘွားဘွားကြီး သည် ၂၀-၅-၂၀၁၆ (သောကြာနေ့) နံနက် ၇ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

## ဗိုလ်မှူးကြီးမောင်မောင်စိန်(ငြိမ်း)
**အသက်(၈၄)နှစ်**
**လ/ထ အထွေထွေမန်နေဂျာ(စီမံ)**
**မြန်မာ့ဆက်သွယ်ရေးဝန်ကြီးဌာန**

ရွှေပြည်သာမြို့၊ အမှတ်(၁၄၅)၊ ဂန္ဓမာလလမ်း၊ (၁၂)ရပ်ကွက်နေ ဒေါ်ခင်ဖြူဖြူ၏ခင်ပွန်း၊ (ဦးဇော်မင်း)၊ (ဦးနေလင်း)-ဒေါ်အေးအေးမြင့်၊ ဦးဇော်ဝင်း၊ ဒေါ်စန်းစန်းမြင့်တို့၏ဖခင်၊ ကိုကျော်မင်းသူ-မနန္ဒာအေး၊ ဘုန်းမြင့်အောင်၊ ပြည့်စုံအောင်၊ မချစ်မြတ်နိုးတို့၏အဘိုးသည် ၂၀-၅-၂၀၁၆ရက် နံနက်၁၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ရေဝေးသုသာန်၌ ညနေ၄နာရီတွင် မီးသဂြိုဟ်ပြီးစီးပါကြောင်း။ [(၂၆-၅-၂၀၁၆)ရက် ရွှေပြည်သာနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

## ဒေါ်ခင်ရွှေ
**အသက်(၈၄)နှစ်**
**အေး ကားပစ္စည်းဆိုင်တာမွေလေး**

တာမွေမြို့နယ်၊ အမှတ်(၁၀၇)၊ လေးထောင့်ကန်လမ်း၊ တာမွေလေး၊ နေ [ဦးတန်ကျောက်စန်း(ခ)ဦးစိန်]၏ ဇနီး၊ မဝင်းဝင်းရီ၊ ကိုချစ်မောင်၊ မခင်ပြုံးဝင်း၊ မသိန်းသိန်း၊ ကိုမျိုးထွန်း၊ မမြင့်မြင့်ဌေး၊ ကိုထွန်းအေးတို့၏မိခင်၊ မြေးခုနစ် ယောက်တို့၏အဘွားသည် ၂၀-၅-၂၀၁၆ရက်တွင် ကွယ်လွန်သွားပါ၍ ၂၂-၅-၂၀၁၆(တနင်္ဂနွေနေ့)တွင် ရေဝေး(ဖူကျန့်သုသာန်)၌ ဂူသွင်းသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဒေါ်စန်းဌေး အသက်(၆၀)
**အလယ်တန်းပြဆရာမ**
**အထကခွဲ၊လ(၂)ဗိုလ်တထောင်**

ရန်ကုန်မြို့၊သာကေတမြို့နယ်၊ (၃) ရပ်ကွက်၊ ရန်ပြေ(၉)လမ်း၊ အမှတ် (၁၂၁/က) နေ (ဦးထွန်းကျင်-ဒေါ်တင်ကြည်)တို့၏သမီး၊ ဦးဟန်တင်-(ဒေါ်မြရင်)တို့၏ သမီးချွေးမ၊ ဦးခင်မောင်မြင့်-ဒေါ်ခင်လှနွယ်၊ ဦးသန့်ဇင်-ဒေါ်စန်းမြတို့၏ညီမ၊ ဉူးဉက္ကံသ၊ ဦးမျိုးဝင်း-ဒေါ်နုနုလွင်၊ ဦးမောင်မောင်စိုး-ဒေါ်သန်းသန်းဝင်းတို့၏ အစ်မ၊ မအိမွန်အောင်၊ ကိုကျော်စွာထွန်း - မအိသန္တာအောင်၊ မောင်အောင်မင်းသန့်တို့၏ ကျေးဇူးရှင်မွေးသမိခင်၊ မောင်ဘုန်းမြတ်ကျော်၏ အဘွား၊ဦးအောင်မြိုင်၏ဇနီး ဒေါ်စန်းဌေး (၆၀)နှစ်သည် ၂၀-၅-၂၀၁၆ (သောကြာနေ့) နံနက်၀၀း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၅-၂၀၁၆ (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ကျိုစုသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၆-၅-၂၀၁၆ (ကြာသပတေးနေ့) နံနက်တွင် အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ပြောင်းလဲဖတ်ရှုပါရန်

၁၇-၅-၂၀၁၆ရက်ကြေးမုံသတင်းစာ၏ စာမျက်နှာ (၃၁)ပါ ကြော်ငြာတွင် ဒေါ်တင်တင်မိုး၊ ဦးဇင်မောင်၊ ဦးကျော်ထင်တို့အစား၊ ဒေါ်တင်တင်နု၊ ဦးဇင်မော်၊ ဦးမိုးကျော်ထင်ဟု ပြောင်းလဲဖတ်ရှုပေးပါရန်။

---

## ဦးမြသန်း
**(မုံရွာ)**
**အသက်(၈၄)နှစ်**

မုံရွာမြို့၊ ထော်လပြကျေးရွာနေ (ဦးချစ်ခင်-ဒေါ်ပေါတင်) တို့၏သား၊ ရေဦးမြို့နယ်၊ တင်းတယံနေ (ဦးကျန်-ဒေါ်အိမ်မြ)တို့၏သားသမက်၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ရန်အေးလမ်း၊ ဝါဝါဝင်းအိမ်ရာ၊ တိုက်(၃)၊အခန်း(၃၀၂) နေ ဒေါ်တင်ညွှန့်၏ခင်ပွန်း၊ ဦးသန်းဆွေဦး-ဒေါ်နွယ်နွယ်အောင်၊ ဦးဇော်ဝင်းသန်းတို့၏ဖခင်၊ မအိမြတ်မွန် (ခေတ္တ-Singapore)၊မဖူးပြည့်စုံဟန် (Myanmar Imperial College) တို့၏ အဘိုးသည် ၁၉-၅-၂၀၁၆ (ကြာသပတေးနေ့) ည၁၁နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၅-၂၀၁၆(စနေနေ့) ညနေ ၃နာရီတွင်ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ၁နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၅-၅-၂၀၁၆ (ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီတွင် ရန်ကင်းနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဘီးလင်းမြို့နယ်အသင်း(ရန်ကုန်)**
## ဒေါ်မြတ်မြတ်ဆွေ(ဖူးဖူး)
**အသက် (၇၀)**
**ရာသက်ပန်အသင်းဝင် (၅၃၄)**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ အမှတ်(၁၁)ရပ်ကွက်၊ ရွှေဟသာလမ်း၊ အမှတ်(၂၁၈)နေ (ဦးအောင်ကြည်-ဒေါ်သန်းမေ)တို့၏ သမီး၊ (ဦးစိုးမြင့်)၏ ဇနီး၊ ရာသက်ပန်အသင်းဝင် ဒေါ်အေးအေးသိန်း၊ ဒေါ်နှင်းရည်ရည်၊ ဦးကျော်ကျော်ခိုင်တို့၏အစ်မကြီး၊ ဦးသိန်းထွဋ်လွင် (ဦးစီးအရာရှိ-လဝက)-ဒေါ်အေးမြစ်ဦး၊ ဦးစည်သူ(ဦးစီးအရာရှိ-လဝက)-ဒေါ်သီးသီးဦး(ပတ္တမြား- FM)တို့၏မိခင်ကြီးသည် ၁၉-၅-၂၀၁၆ (ကြာသပတေးနေ့) ညနေ ၅း၂၃ နာရီတွင် မဟာမြိုင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၅-၂၀၁၆ (စနေနေ့) နံနက် ၁၁ နာရီတွင်ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း အသင်းသူ၊ အသင်းသားများအား အသိပေးအကြောင်းကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့

---

## ဦးသံဝေရ
**အသက်(၅၉)နှစ်**
**ပေါက်တောမြို့နယ်အသင်း၊**
**ဘဏ္ဍာရေးမှူး(ရန်ကုန်)**

ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ်၊ (၉) ရပ်ကွက်၊ အမှတ်(၄၇)၊ မြေညီထပ်၊ (၃၁)လမ်းနေ ဦးသံဝေရသည် ၁၉-၅-၂၀၁၆(ကြာသပတေးနေ့) ညနေ ၅း၅၀ နာရီတွင် ဆာကူရာဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၂၁-၅-၂၀၁၆ (စနေနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်တွင် သဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။ပေါက်တောမြို့နယ်၊ အသင်းသူ၊ အသင်းသားများအားလုံးလိုက်ပါပို့ဆောင်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။)

ပေါက်တောမြို့နယ်အသင်း၊
ရန်ကုန်မြို့

---

## ဦးခင်အောင် (၅၆) နှစ်
**(ပလဆ-၂ ကျောင်းသားဟောင်း၊ အမရပူရ)**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၅) ရပ်ကွက်၊ တိုက်(E)၊ အခန်း(၂၀၆)နေ ဦးခင်မောင်ကြည်-(ဒေါ်ခင်ခင်)တို့၏ သား၊ (ဦးထွန်းရှိန်)-ဒေါ်ကြည်ကြည်နွဲ့တို့၏သားသမက်၊ ဒေါ်မာမာခင်၏ မောင်၊ သက်နိုင်ဦး၊ သီဟအောင်တို့၏ အစ်ကို၊ (ဦးကျော်လွင်)-ဒေါ်ခင်နွဲ့ဝင်း (မြန်မာ့သစ်လုပ်ငန်း၊ စီမံနှင့်ခွဲရေးဌာန)တို့၏အစ်ကို၊ မောင်ရန်လင်းနောင်၏ ဖခင်၊ ဒေါ်ခင်နွဲ့တင်(မြန်မာ့သစ်လုပ်ငန်း၊ သစ်ထုတ်လုပ်ရေးဌာန)၏ချစ်လှစွာသော ခင်ပွန်းသည် ၂၀-၅-၂၀၁၆ (သောကြာနေ့) မွန်းလွဲ ၂း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၅-၂၀၁၆ (တနင်္ဂနွေနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

---

# အနိစ္စ

**ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး**
## ဒေါ်စောလှိုင်
**အသက်(၉၅)နှစ်**

မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်၊ ဘိုးနက်ကျေးရွာ၊ အရှေ့ပိုင်းနေ (ဦးအောင်ဖြူ-ဒေါ်မြရီ)တို့၏သမီး၊ ဦးကျော်ရွှေ-ဒေါ်စိန်သွင်(ဓာတု-၇-ငြိမ်း)၊ ဦးမြသန်း-ဒေါ်စိန်မြင့်(မိုးဦးပန်းစတိုး)၊ ဒေါ်စန်းဝင်း(ဆ/မ-ရုံးအုပ်-ငြိမ်း)၊ ဒေါ်ခင်ဝင်းတို့၏ကျေးဇူးရှင်မွေးသမိခင်၊ ဦးမျိုးဆွေ၊ မဖူးပွင့်နန္ဒာခိုင်တို့၏အဘွား၊ မြစ်နှစ်ယောက်တို့၏ဘွားဘွားကြီး၊ ဦးဘခင်၏ချစ်လှစွာသောဇနီးသည် ၁၉-၅-၂၀၁၆ (ကြာသပတေးနေ့) နံနက် ၉နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၅-၂၀၁၆ (စနေနေ့) မွန်းလွဲ၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၅-၅-၂၀၁၆(ဗုဒ္ဓဟူးနေ့) နံနက်တွင် မရမ်းကုန်းမြို့နယ်၊ (၃) ရပ်ကွက်၊ ကျိုက်ဝိုင်းဘုရားလမ်း၊ အမှတ် (၁၄၂)နေ ဦးမြသန်း-ဒေါ်စိန်မြင့် (မိုးဦးပန်းစတိုး)တို့၏နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးတင်အုန်း (၈၅)နှစ်
**မြန်မာ့အာမခံလုပ်ငန်း(ငြိမ်း)**

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ အဖျောက်မြို့နေ၊ (ဦးကျော်ရှိန်-ဒေါ်စိန်ရင်)တို့၏ သား၊ မြောက်ဥက္ကလာပမြို့နယ်၊ သုနန္ဒာ(၁၁)လမ်း၊ (ဆ)ရပ်ကွက်၊ အမှတ်(၂၀၈)နေ ဒေါ်ခင်အေးရီ၏ ခင်ပွန်း၊ ဒေါ်ခင်မာချို၊ ဦးအောင်ဖုန်းမိုး(မြန်မာ့အာမခံလုပ်ငန်း)-ဒေါ်ခင်နှင်းဝေ၊ ဦးကျော်ဖုန်းမိုး(ပြည်ထဲရေး)-ဒေါ်ဇာခြည်ဦး၊ (ဦးမြတ်ဖုန်းမိုး)၊ မအေးအေးအောင်တို့၏ မွေးသဖခင်၊ မမိုးပပအောင်၊ ဦးအောင်အောင်၊ ကိုညီညီဖုန်းမိုး(မြန်မာ့အာမခံလုပ်ငန်း)၊ မောင်မင်းခန့်ဖုန်းမိုးတို့၏ အဘိုး၊ မြစ်နှစ်ယောက်တို့၏အဘေးသည် ၁၉-၅-၂၀၁၆ (ကြာသပတေးနေ့) ညနေ၅း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၅-၂၀၁၆ (စနေနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၅-၅-၂၀၁၆ (ဗုဒ္ဓဟူးနေ့)နံနက်တွင် မြောက်ဥက္ကလာပမြို့နယ်၊ (ဆ)ရပ်ကွက်၊သုနန္ဒာ(၁၁)လမ်း၊ အမှတ်(၂၀၈) နေအိမ်သို့ တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယကာကြီး**
## ဦးတင်ရွှေ(ခ)ဦးကျော်နိုင်
**အသက်(၈၁)နှစ်**
**(ဇင်းကျိုက်)**

ရန်ကုန်မြို့၊ အမှတ်(၂၂၀)၊ ပထမထပ်၊ ဗိုလ်ချုပ်လမ်း၊ ၁၀/ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ်နေ (ဒေါ်အေးကြွယ်)၏ ခင်ပွန်း၊ မန္တလေးမြို့နေ ဦးညွှန့်မောင်-(ဒေါ်စံမိ) (ကွမ်း၊ ကွမ်းသီး၊ အုန်းသီးရောင်းဝယ်ရေး)တို့၏ ညီငယ်၊ ဦးခင်ထွန်း-ဒေါ်ဝင်းမာ၊ ဦးဝင်းနိုင်-ဒေါ်ကေသီခိုင်၊ ဦးဝင်းဌေး-ဒေါ်စန်းစန်းဝင်း၊ ဒေါ်မိုးသီတာ၊ ကိုကျော်သီဟ၊ ကိုရဲသီဟ တို့၏ ဖခင်၊ တူ/တူမခြောက်ယောက်တို့၏ ဦးလေး၊ မြေးငါးယောက်တို့၏ အဘိုးသည် ၁၄-၅-၂၀၁၆ (စနေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၅-၂၀၁၆ (တနင်္လာနေ့)တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဦးစိန်မြင့် (၇၄)နှစ်
**ဌာနခွဲမှူး(ငြိမ်း)၊ ဒဂုံတက္ကသိုလ်**

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ အမှတ်(၃/၁၂၅)၊ ဇေယျာသီရိလမ်း၊ သာခုကကျေးရွာနေ (ဦးပေါ်ကြယ်-ဒေါ်တင်တင်)တို့၏သား၊ ဒေါ်စန်းစန်းမြင့်၏ခင်ပွန်း၊ ဦးကျော်ကိုကို၏ဇနီး၊ ဒေါ်ဇာဇာဆွေဇင် (လ/ထ ကထိက၊ အင်္ဂလိပ်စာဌာန၊ တိုင်းရင်းသားဒီဂရီကောလိပ်)၊ ဒေါက်တာလရောင်စိုး-ဒေါ်မေပွင့်ဖြူတို့၏မွေးသဖခင်၊ နေသက်ပိုင်၊ အာကာမိုး၊ အောင်ခေတ်ဈာန်တို့၏ အဘိုး ဦးစိန်မြင့်သည် ၁၉-၅-၂၀၁၆ရက် နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၅-၂၀၁၆ရက် မွန်းတည့်၁၂နာရီတွင် ကျူချောင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်မြတ်မြတ်ဆွေ(ဖူးဖူး) အသက်(၇၀)
**(ဘီးလင်းအသင်း)**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ အမှတ်(၁၁)ရပ်ကွက်၊ ရွှေဟသာလမ်း၊ အမှတ်(၂၁၈)နေ(ဦးအောင်ကြည်-ဒေါ်သန်းမေ)တို့၏သမီး၊ (ဦးစိုးမြင့်) ၏ ချစ်လှစွာသောဇနီး၊ (ဗိုလ်မှူးကြီးသောင်းညွန့်)-ဒေါ်ညွန့်ညွန့်ရှိန်းတို့၏ ချစ်လှစွာသော ညီမ၊ ဦးကျော်လှိုင်-ဒေါ်အေးအေးသိန်း၊ ဦးအောင်သန်း(ဦးမောင်မောင်ဝင်း)-ဒေါ်နှင်းရည်ရည်၊ ဦးကျော်ကျော်ခိုင်-ဒေါက်တာဒေါ်ချိုချိုဦး (ရန်ကုန်တက္ကသိုလ်) တို့၏ချစ်လှစွာသောအစ်မကြီး၊ ဦးသိန်းထွဋ်လွင်(ဦးစီးအရာရှိ၊ လဝက အနောက်ဘက်ဒေသ၊ မကဖ)-ဒေါ်အေးမြစ်ဦး၊ ဦးစည်သူ(ဦးစီးအရာရှိ၊ လဝက၊ နေပြည်တော်)-ဒေါ်သီသီဦး(ပတ္တမြား FM)တို့၏ ချစ်လှစွာသော မိခင်ကြီး၊ မမေပြည့်စုံ (G-10၊ အထက-၁၊ ဒဂုံ)၊ မသစ္စာမြတ်နိုးစံ(G-5, TTC) တို့၏ချစ်လှစွာသော အဘွားသည် ၁၉-၅-၂၀၁၆(ကြာသပတေးနေ့) ညနေ ၅း၂၃နာရီတွင် မဟာမြိုင်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်အား ၂၁-၅-၂၀၁၆(စနေနေ့)နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

**ပုလောမြို့နယ်အသင်း(ရန်ကုန်)**
## ဒေါ်ရန်ကြည်(ပုလော)
**အသက်(၁၀၀)**
**အသင်းဝင်အမှတ်-၃၁၀၈**

တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမြို့၊ (၃)ရပ်ကွက်၊ သိမ်ဝလမ်းနေ ဒေါ်ရန်ကြည်သည် ၁၉-၅-၂၀၁၆ရက် (ကြာသပတေးနေ့) နံနက်၁၁း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၅-၂၀၁၆ရက် (စနေနေ့) မွန်းတည့် ၁၂နာရီတွင် နေအိမ်မှ ပုလောမြို့သုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။အမှုဆောင်အဖွဲ့

---

**ရဟန်း၊ ကျောင်း ဒါယကာကြီး**
## ဦးတင်ငွေ (၇၆)နှစ်
**အလုပ်ရုံခွဲမှူး(ငြိမ်း)၊ BPI.**

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ ထ/၁၆ရပ်ကွက်နေ ဒေါ်စိန်လှ၏ချစ်လှစွာသောခင်ပွန်း၊ (ဦးပျော့-ဒေါ်အေးချမ်း)တို့၏သားကြီး၊ ကိုရဲကျော်ဦး၊ ကိုသီဟကိုကို-မတင်မိုးလှိုင်၊ ကိုရဲမင်းအောင်-မသော်တာ၊ ကိုအောင်ဆန်းညွန့်တို့၏ ဖခင်၊ မြေးလေးယောက်တို့၏အဘိုး ဦးတင်ငွေသည် ၁၉-၅-၂၀၁၆ (ကြာသပတေးနေ့) ညနေ၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၅-၂၀၁၆(တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ကျူချောင်သုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့်၁၂နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၅-၅-၂၀၁၆(ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ မွန်းတည့်၁၂နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးကျော်ညွန့် (၇၂)နှစ်
**အငြိမ်းစား၊ တရားရုံးချုပ်**

ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့နယ်၊ အိုင်သပြုကျေးရွာနေ (ဦးခင်မောင်-ဒေါ်သန်းမှင်) တို့၏သား၊ ဧရာဝတီတိုင်းဒေသကြီး၊ လေးမျက်နှာမြို့နယ်၊ ထိန်ငူကျေးရွာနေ (ဦးချစ်ပု-ဒေါ်တင်မေ)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ အမှတ်(၁၁၅)၊ (၃၉)လမ်း၊ လေးလွှာနေ ဒေါ်တုတ်တုတ် (ခ) ဒေါ်မြမြဝင်း၏ ခင်ပွန်း၊ မအိအိခိုင်၊ ကိုဝင်းမင်းမြတ်-မနီနီယဉ်၊ ကိုလင်းလင်းထွဋ်-မမင်းမင်းမြတ်၊ ကိုကျော်ဝင်းမင်းမြတ်-မအိမွန်အောင်၊ မထွေးအိအိကျော်၊ ကိုဟိန်းထက်ကျော်တို့၏ဖခင်၊ မြေးသုံးယောက်တို့၏အဘိုးသည် ၁၉-၅-၂၀၁၆ (ကြာသပတေးနေ့) နံနက် ၁၁း၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၅-၂၀၁၆ (သောကြာနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ သဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၅-၅-၂၀၁၆ (ဗုဒ္ဓဟူးနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

## ခရစ်တော်၌အိပ်ပျော်ခြင်း
## Tg En Sian Mang (Kun 38)
**(Valte Beh)**

ရွှေပြည်သာမြို့နယ်၊ အမှတ်(၃၇၄)၊ အိမ်တော်ရာပန်းခြံလမ်း၊ အမှတ်(၈) ရပ်ကွက်နေ Pa Cin Do Kap၊ Nu Zam Khan Vungတို့၏ သားထွေး၊ Pa Tuan Thah Mung Nu Go Lam Cing Nu Vung Khaw Dim၊ Pa Hau Khau Langh၊ Nu Man Khaw Ning၊ Pa Htun Lin Zaw၊ Nu Ning Khen Cing၊ U Hla Myo[ခရိုင်ဦးစီးမှူး ထွေ/အုပ်(ပြင်ဦးလွင်)]တို့၏ ညီ/မောင်သည် ၁၉-၅-၂၀၁၆ရက် မွန်းလွဲ ၂း၃၀ နာရီတွင် နေအိမ်၌ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၂၁-၅-၂၀၁၆(စနေနေ့) နံနက် ၁၁နာရီတွင် ရေဝေးဂိုဏ်းပေါင်းစုံ ခရစ်ယာန်သုသာန်တွင် ဂူသွင်းသဂြိုဟ်ပါမည်။(ကားများကို ဝါယာလက်ဈေး၊ စမ်းချောင်း ABZC ဘုရားကျောင်း ယုဇနပိတောက်ကွေ့၊ ၄၆ မှတ်တိုင် မ/ဒဂုံတို့မှ နံနက်၉နာရီထွက်ပါမည်။) ပေါက်တောမြို့နယ်အသင်း၊ရန်ကုန်မြို့၊

---

**ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး**
## ဒေါ်ကြည်ကြည်စိန်(ခ)ဝူရှုကြူး
**အသက်(၇၈)နှစ်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အေဝမ်းလမ်း၊ မြသီရိလမ်းသွယ်၊ ခြံအမှတ်(၅)နေ ဦးကျော်အောင်(နာယက၊ ဧရာမင်းစီးပွားရေးလုပ်ငန်းစု)၏ ဇနီး၊ Dr.ကျော်လင်းဦး(MD.ဧရာမင်းစီးပွားရေးလုပ်ငန်းစု)- Dr. ကြည်ကြည်မျိုး၊ ဒေါ်သူဇာတင် (သူဇာဆိုင်ကယ်အပိုပစ္စည်းရောင်းဝယ်ရေး)တို့၏ ကျေးဇူးရှင်မိခင်၊ (ဒေါ်ပိုးကြူ)၊ (ဒေါ်ကြင်လှ)တို့၏ ညီမ၊ (ဦးအေးလွင်)-ဒေါ်ရှုခင်တို့၏ အစ်မ၊ မောင်ထွန်းပြည့်စုံလင်း (James Lin)(MCTA, IGCSE Sec3)၊ မောင်လင်းပြည့်ဖြိုး (Eric) (MCTA Sec1) တို့၏ အဘွား ဒေါ်ကြည်ကြည်စိန်သည် ၁၉-၅-၂၀၁၆ (ကြာသပတေးနေ့) ညနေ ၇း၂၀ နာရီတွင် ရန်ကုန်မြို့၊ ဝိတိုရိယဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၅-၂၀၁၆ (စနေနေ့) မွန်းလွဲ ၂ နာရီတွင်ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၅-၅-၂၀၁၆ (ဗုဒ္ဓဟူးနေ့)တွင် အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရား တော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

## ဦးရဲကျော်မိုး(ခ)ပေါက်ပေါက်
**အသက်(၄၇)နှစ်**

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဂဠုန်ရပ်ကွက်၊ ဆင်ရေကန်လမ်း၊ အမှတ်(၈၉) ၆လွှာ(B)နေဦးစိုးတင့်-(ဒေါ်ထားကြည်)တို့၏သား၊ ဦးအောင်ကျော်ဝင်း-မတင်တင်ဌေးတို့၏ညီ၊ ဦးစိုးနိုင်-ဒေါ်ယုယုခိုင်၊ ဦးရဲကျော်စိုး-ဒေါ်နီလာဝင်း၊ မသန္တာစိုးတို့၏ အစ်ကို၊ (ဒေါ်စမ်းစမ်းအေး)၏ ခင်ပွန်း၊ မောင်နိုင်လင်းဦး၊ မောင်ပိုင်မင်းထက်တို့၏ ဖခင်ဦးရဲကျော်မိုး(ခ)ပေါက်ပေါက်သည် ၁၉-၅-၂၀၁၆ ရက် ည၁၁း၄၀နာရီတွင် မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေသင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၅-၅-၂၀၁၆ (ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၁နာရီထိ အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

**ဘုရားဒါယကာ**
## ဦးဇော်လင်း (၄၃)နှစ်
**သုဝဏ္ဏ(ရန်ကုန်)**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၄၅)ရပ်ကွက်၊ အမှတ်(၁၀၇၉)၊ ပြည်ထောင်စုလမ်းနေ (ဦးစိုးတင့်) [ဒုတိယညွှန်ကြားရေးမှူး၊ စက်မှုလယ်ယာ]-ဒေါ်သိန်းသိန်းမြင့်တို့၏ သားကြီး၊ (ဦးသန်းအုန်း-ဒေါ်ခင်မျိုးမြင့်)တို့၏ သားသမက်၊ လှိုင်း၂/၊ တောင်ထိပ်ပန်းလမ်း၊ (၂၉)ရပ်ကွက်၊ သုဝဏ္ဏနေ ဒေါ်စီစီမေ (သူနာပြုဆရာမအဆောက်အဦးအထူး အဖွဲ့-၂)၏ချစ်လှစွာသောခင်ပွန်း၊ ကိုဝင်းမော်ဦး-ဒေါ်မြတ်မြတ်မွန် (LLPG)၏မောင်၊ ဦးလှကိုကို-ဒေါ်မြတ်မြတ်ခိုင်၊ ဦးသိန်းသန်းစိုး (Joint Officer Seapal Marine Co.,Ltd) - ဒေါ်ဆွေဆွေဝင်းမော်တို့၏ချစ်လှစွာသောအစ်ကို၊ တူ/တူမလေးယောက်တို့၏ဦးလေး ဦးဇော်လင်းသည် ၂၀-၅-၂၀၁၆(သောကြာနေ့) နံနက်၉း၂၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၅-၂၀၁၆(တနင်္ဂနွေနေ့) နံနက်၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (သုဝဏ္ဏဝန်ထမ်းအိမ်ရာ၊ တောင်ထိပ်ပန်းလမ်းမှ ကားများနံနက်၈နာရီတွင်ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၆-၅-၂၀၁၆ ရက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## Dr. ဦးဘချွန်
**အသက် (၈၅) နှစ်**
**မှူးခင်းဆရာဝန်ကြီး(ငြိမ်း)၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး**
**ပါမောက္ခ/ဌာနမှူး(ငြိမ်း)**
**ဥပဒေရေးရာဆေးပညာဌာန၊ ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်မြို့**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ အောင်စေတီလမ်း၊ ၁၀-မိုင်၊ အမှတ်(၈၂၆/က)နေ (ဦးဘဝင်း-ဒေါ်ရှိန်)တို့၏သား၊ (ဦးတင်ဟုတ်-ဒေါ်ဟီးလှိုင်)တို့၏သားသမက်၊ ဒေါ်ခင်ဝမ်၏ချစ်လှစွာသော ခင်ပွန်း၊ Dr.ဦးကိုကိုဇော်- Dr.ခင်ခင်ဝင်း၊ ဦးဝင်းညိန်း-ဒေါ်ဝေဝေ၊ ဦးကိုကိုသော်-ဒေါ်မြသူဇာ၊ဦးကိုကိုဇင်-ဒေါ်သိန်းရီ၊ ဦးညီညီထွေး(အထက-၄၊ ကမာရွတ်)-ဒေါ်အေးအေးမြင့်တို့၏ဖခင်၊Dr.နွေလဲ့ကိုကို(U.S.A) မလဲ့ရည်မွန်၊Dr. သီရိဝင်း(ရန်ကုန်ပြည်သူ့ဆေးရုံကြီး)၊ မခိုင်မြတ်ဝင်း(အလုပ်သင်ဆရာဝန်၊ ဆေးတက္ကသိုလ်-၁)၊ မသဇင်တို့၏အဘိုးသည် ၁၉-၅-၂၀၁၆(ကြာသပတေးနေ့) မွန်းလွဲ ၁၂း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၅-၂၀၁၆ (စနေနေ့) နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင်ထွက်ပါမည်။)[ ကွယ်လွန်သူအားရည်စူး၍ ၂၅-၅-၂၀၁၆ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော် နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဒေါ်ရှုလှိုင် (မြိတ်)
**အသက် (၇၀)**

အမှတ် (၃)၊ ပန်းခြံလမ်း၊ စမ်းချောင်းမြို့နယ်နေ ဦးစိုးဝင်း၏ချစ်လှစွာသော ဇနီး၊ ဦးအင်လုတ်-မဇင်မာဝင်း၊ မဇာခြည်လင်း၊ မချိုမာသင်းတို့၏မွေးသမိခင်၊ မြေး နှစ်ယောက်တို့၏ဘွားဘွားကြီး ဒေါ်ရှုလှိုင်သည် ၁၉-၅-၂၀၁၆ (ကြာသပတေးနေ့) နံနက် ၇း၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၅-၂၀၁၆ (စနေနေ့) နံနက် ၁၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဦးသံဝေရ
**အသက်(၅၉)နှစ်**

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်(၉)ရပ်ကွက်၊အမှတ်(၄၇) မြေညီထပ် (၃၁) လမ်းနေ (ဦးအောင်ထွန်းလှ)-ဒေါ်ရွှေမစိန်တို့၏သားကြီး၊ (ဦးအဒိုး)-ဒေါ်မတင်အေးတို့၏သားသမက်၊ ဦးမောင်သာဟန်-ဒေါ်မတင်အေး၊ ဦးစောလှချေ-ဒေါ်ခင်လှသာ၊ ဦးမောင်ကျော်သိန်း-ဒေါ်ညိုညိုစော၊ ဦးမောင်ကျော်ဝင်း-ဒေါ်မြင့်မြင့်ခိုင်၊ ဦးထွန်းဝင်း-ဒေါ်ခင်ခင်ဝင်းတို့၏ အစ်ကိုကြီး တူ၊ တူမ ၁၄ ယောက်တို့၏ဦးလေး ဒေါက်တာစောငြိမ်းထွန်း-မချိုဝေလွင်၊ ဦးကျော်ကျော်မောင်(ခေတ္တ-USA)-မဖြိုးပွင့်ဝေ၊ မခိုင်နွယ်ထွန်းတို့၏ဖခင် မြေးနှစ် ယောက်တို့၏ အဘိုးရှင်၊ ဒေါ်ချိုချိုဝင်း၏ ချစ်လှစွာသောခင်ပွန်းသည် ၁၉-၅-၂၀၁၆ (ကြာသပတေးနေ့) ညနေ၅း၅၀နာရီတွင် ဆာကူရာဆေးရုံ၌ကွယ်လွန် သွားပါ၍ ၂၁-၅-၂၀၁၆(စနေနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ သဂြိုဟ် ပါမည်။ နေအိမ်မှ ကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။ ကျန်ရစ်သူမိသားစု။

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်ခင်သီတာတင့် (၄၆) နှစ်
**ဆင်ဖြူတော်အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး**
**နေပြည်တော်(မြို့မဈေး)**

နေပြည်တော်မြို့၊ ဇဗ္ဗူသီရိမြို့နယ်၊ မြို့မဈေး၊ အမှတ်(ပ-၁၃၈/၁၄၀)နေ ဦးခင်မောင်တင့်-ဒေါ်အေးအေးတင့်တို့၏ ချစ်လှစွာသောသမီးကြီး၊ (ဦးအောင်နိုင်ဦး)၏ဇနီး၊ ဗိုလ်မှူးအောင်ကျော်ဆင့်(ငြိမ်း)[လ/ထ ညွှန်ကြားရေးမှူး ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ရုံး(နေပြည်တော်)]-ဒေါ်ခင်သန္တာတင့် (ရွှေဆင်မင်းအိမ်ဆောက်ပစ္စည်း ရောင်းဝယ်ရေး-နေပြည်တော်)၊ ဦးသူရိန်ထွဋ်-ဒေါ်နှင်းဟေမာန်လွင် (ဆင်ဖြူတော်အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး-နေပြည်တော်)၏ ချစ်လှစွာသောအစ်မ၊ ဗိုလ်စိုးမြတ်နိုင်-မခင်ပန်းနုနိုင်တို့၏ ချစ်လှစွာသောမိခင်ကြီးသည် ၁၉-၅-၂၀၁၆ (ကြာသပတေးနေ့) ည ၉း၀၅ နာရီတွင် ရန်ကုန်မြို့၊ အာရှတော်ဝင်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၅-၂၀၁၆ (စနေနေ့) နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။[ကွယ်လွန်သူအားရည်စူး၍ ၂၅-၅-၂၀၁၆ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည် ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဗိုလ်ကြီးဘိုဘိုဝင်း
**အသက်(၃၄)နှစ်**
**(လွိုင်ကော်)**

ချောက်မြို့၊ အမှတ်(၁၀)နယ်မြေ၊ အေးစေတီရပ်နေ ဦးဇော်ဝင်း-ဒေါ်ပေါစန်းတို့၏ ချစ်လှစွာသောသားငယ်၊ ဦးဖိုးကြီး-(ဒေါ်စန်းဝင်းမာ)၊ ဦးမောင်ကြည်-ဒေါ်စန်းစန်း၊ (ဦးပေါ်ညွန့်)-ဒေါ်ချို၊ ဒေါ်စန်းပု၊ ဒေါ်စုစုမော်၊ ဦးစိုးဝင်း-ဒေါ်သီတာ၊ ဗိုလ်ကြီးကျော်မင်း(ငြိမ်း)-ဒေါ်ဝင်းဝင်းမာ၊ ဦးထွန်းထွန်းဝင်းတို့၏ တူ၊ ဆိပ်ဖြူမြို့နေ ဦးထွန်းအောင်ကျော်-ဒေါ်စုစုခိုင်၊ ဦးညွန့်ဝင်း(AE, MRTV တပ်ကုန်း-ရုံးချုပ်)-ဒေါ်မေသူလွင် (ကိုယ်ပွားသတင်းစာတိုက်၊ မကွေး)တို့၏ ညီ၊ ဗိုလ်ကြီးဘိုဘိုဝင်းသည် ၁၉-၅-၂၀၁၆ (ကြာသပတေးနေ့) ညနေ ၄ နာရီတွင် တိုင်းပြည်တာဝန် ထမ်းဆောင်ရင်း ရှေ့တန်းတစ်နေရာ၌ အသက်စွန့်သွားပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဦးဇော်မင်း (၆၁) နှစ်
**(လေးတောင်-ကင်းဆိပ်ပြင်အသင်းဝင်)**

ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်၊ ကလန့်တဲ-ကုန်ဘောင်ရွာနေ (ဦးဖြူတောင်း-ဒေါ်အေးဇံဖြူ) တို့၏သား၊ ဒေါ်ဖလူးမေ၏မောင်၊ ဒေါ်မသိန်းရွှေ၏ အစ်ကို၊ ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ နွယ်အေးရပ်ကွက်၊ သီတာနွယ်လမ်း၊ အမှတ်(၂၇၄)နေ ဒေါ်သိန်းရွှေ၏ခင်ပွန်း၊ ကိုမောင်မောင်-မခင်မိမိဇော်၊ မခင်နန္ဒာဇော်တို့၏ ဖခင်သည် ၂၀-၅-၂၀၁၆ (သောကြာနေ့) နံနက် ၃း၅၈ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၅-၂၀၁၆ (တနင်္ဂနွေနေ့)မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှ ကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၆-၅-၂၀၁၆ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၀ နာရီထိ အထက်ပါ နေအိမ်သို့ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

## မဖြူဖြူဆွေ
**G(V.M.S.H Co.,Ltd)**
**ရုပ်ရှင်နှင့်ဗီဒီယိုသရုပ်ဆောင်**
**ဇာတ်ပို့ဇာတ်ရန်**
**အသက်(၄၆)နှစ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ အမှတ်(၂၃၆၊၂၃၈)၊ ခြောက်လွှာ(ယာ)၊ မဟာဘောဂလမ်း၊ မြေနီကုန်းတောင်နေ ဦးမြင့်ရွှေ-ဒေါ်ရွှေတင်(ခ)ဒေါ်စုတို့၏ သမီး၊ ဦးဇော်လင်းအောင်၏ဇနီး၊ ကိုသန်းအောင်-မတူးမာတို့၏ညီမ၊ မောင်ဝင်းဇော်၊ မောင်သန်းဇော်-မကေသွယ်၊ (ဦးနေလှိုင်မြင့်)-ဒေါ်အေးအေးမာတို့၏ အစ်မ၊ မနိုင်နိုင်ဝင်းရွှေ (MSPTL) မောင်ဟိန်းထက်အောင်တို့၏ မိခင်၊ မောင်စိုင်းသိန်းဦး၊ မချစ်စနိုးခင်တို့၏ ကြီးကြီးသည် ၂၀-၅-၂၀၁၆(သောကြာနေ့) မွန်းလွဲ၂း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၅-၂၀၁၆(တနင်္ဂနွေနေ့) ညနေ၄နာရီတွင် ရေဝေးသုသာန်၌ သဂြိုဟ်မည်ဖြစ်ပါကြောင်း။ (Shine Hope Co.,Ltd ရှေ့မှ မွန်းလွဲ၂နာရီတွင် ကားများ ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

# ဆိုင်ကလုန်းရွာနူ၏အရှိန်ကြောင့် တစ်ပြည်လုံးတွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာနိုင် လေပြင်းတိုက်ခတ်ခြင်း၊ မိုးကြီးခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့်အတူ မြေပြိုခြင်းများ ဖြစ်ပေါ်နိုင်

**နေပြည်တော် မေ ၂၀**

ယနေ့ညသ၁၀နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော ဆိုင်ကလုန်းမုန်တိုင်း "ရွာနူ" (ROANU)သည် အရှေ့-အရှေ့မြောက်ဘက်သို့ တစ်နာရီလျှင် ၂၅ မိုင်နှုန်းဖြင့် ရွေ့လျားခဲ့ပြီး ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းသို့ ရောက်ရှိခဲ့ပါသည်။ အဆိုပါ ဆိုင်ကလုန်းမုန်တိုင်းသည် အိန္ဒိယနိုင်ငံ၊ ပါရာဒွေ့ပ်မြို့၏ တောင်ဘက် မိုင် ၄၀ ခန့်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ စစ်တကောင်းမြို့၏ အနောက်တောင်ဘက် မိုင် ၃၄၀ ခန့်၊ ကော့ဘဇားမြို့၏ အနောက်-အနောက်တောင်ဘက် ၃၂၅ မိုင်ခန့်၊ မြန်မာနိုင်ငံ စစ်တွေမြို့၏ အနောက်ဘက် မိုင်၃၆၀ ခန့်၊ ကျောက်ဖြူမြို့၏ အနောက်ဘက် မိုင် ၄၀၀ ခန့်၊ မောင်တောမြို့၏ အနောက်-အနောက်တောင်ဘက် မိုင် ၃၄၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေပြီး အရှေ့မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါ ဆိုင်ကလုန်းမုန်တိုင်းသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ တောင်ပိုင်းကမ်းခြေကို ဦးတည်နေသော်လည်း မြန်မာနိုင်ငံ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့သည် ဆိုင်ကလုန်းမုန်တိုင်း၏ အဝန်းအဝိုင်းအတွင်းသို့ ကျရောက်နိုင်ပါသဖြင့် ဆိုင်ကလုန်းမုန်တိုင်း၏ သက်ရောက်မှုအန္တရာယ်ကို ခံစားရမည်ဖြစ်ပါသည်။ လက်ရှိအခြေအနေကို လိမ္မော်ရောင်အဆင့်ဟု သတ်မှတ်ထားပါသည်။

မုန်တိုင်း၏ဗဟိုချက်တွင် လေဖိအားသည် ၉၉၂ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် မိုင် ၅၀ နှုန်းဖြစ်ပြီး ယနေ့နံနက်ပိုင်းမှ နောက် ၄၈ နာရီအတွင်း

စာမျက်နှာ ၉ ကော်လံ ၄ သို့






မဟာယူနိုက်တက်အသင်း၏ ဂိုးသွင်းရန်ကြိုးပမ်းမှုကို သန်လျင်ယူနိုက်တက်ဂိုးသမား ကာကွယ်နေစဉ်။

# ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံးထွက် ပြိုင်ပွဲ မဟာယူနိုက်တက် ဂိုးပြတ်သွင်း

သတင်းနှင့်ဓာတ်ပုံ - ရှိုင်းထက်ဇော်

**ရန်ကုန် မေ ၂၀**

၂၀၁၆ ရာသီ ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံးထွက်ဘောလုံးပြိုင်ပွဲ ပထမအဆင့် နောက်ဆုံးနေ့ပွဲစဉ်များကို ယနေ့ ဆက်လက်ကျင်းပသည်။

**(သုဝဏ္ဏကွင်း)**

**မဟာယူနိုက်တက် - ရှစ်ဂိုး**

**သန်လျင်ယူနိုက်တက် - တစ်ဂိုး**

မြန်မာ့လက်ရွေးစင်ဟောင်း နောက်ခံလူ ဇော်လင်းထွန်း နည်းပြအဖြစ်ဆောင်ရွက်နေသည့် မဟာယူနိုက်တက်အသင်းမှာ ခြေစွမ်းပြဂိုးပြတ်နိုင်ပွဲရယူပြီး ဒုတိယအဆင့်သို့တက်ရောက်သွားသည်။ မဟာအသင်းမှာ တိုက်စစ်မှူး ဂျိုးဇက်၏ ဟက်ထရစ်အပါအဝင် ဂိုးပြတ်သွင်းယူနိုင်ခဲ့ခြင်းဖြစ်ပြီး ဒုတိယအဆင့်တွင် နာမည်ကြီး ရန်ကုန်အသင်းနှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

နိုင်ငံခြားသား ကစားသမားနှစ်ဦးပါဝင်လာသည့် မဟာယူနိုက်တက်အသင်းမှာပွဲအစပိုင်းကတည်းက ဖိကစားနိုင်ခဲ့ပြီး ငါးမိနစ်တွင် သော်တာချိုလာက အဖွင့်ဂိုးသွင်းယူခဲ့သည်။ ဂိုးရပြီးနောက်ပိုင်းတွင် မဟာယူနိုက်တက်က စိတ်ကြိုက်ဖိကစားသွားပြီး ၁၂ မိနစ်နှင့် ၁၅ မိနစ်တို့တွင် ဂျိုးဇက်၊ ၃၄ မိနစ်တွင် တိုးဆက်နိုင်တို့က အနိုင်ဂိုးများထပ်မံသွင်းယူခဲ့သည်။ ဒုတိယပိုင်းတွင်လည်း မဟာယူနိုက်တက်အသင်းက ပွဲကို ဆက်လက်ထိန်းချုပ်ကစားသွားခဲ့ပြီး ၆၆ မိနစ်တွင်

စာမျက်နှာ ၉ ကော်လံ ၄ သို့

ရွှေဘိုမင်းသမီး သနပ်ခါး၏ (၄၅)နှစ်ပြည့် ထုတ်လုပ်သော အကောင်းဆုံး မြန်မာ့ရိုးရာသနပ်ခါး




ရှင်မတောင်သနပ်ခါးအပွေးသီးသန့်ကို သွေးထားသဖြင့် အသားအရေ အေးမြသော ခံစားမှုအရသာ နှင့် စိတ်ကြည်လင်လန်းဆန်းသော သဘာဝမွှေးရနံ့တို့ကို ရရှိခံစားနိုင်မည်ဖြစ်ပါသည်။
မြန်မာ့ရာသီဥတုနှင့် ကိုက်ညီသော ရိုးရာသနပ်ခါးသည် အပူဒဏ်နှင့် ခရမ်းလွန်ရောင်ခြည်ကိုလည်း အပြည့်အဝကာကွယ်ပေးပါသည်။

ရွှေဘိုမင်းသမီးသနပ်ခါး Since-1971

အောက်ပါကုန်တိုက်ကြီးများနှင့် စတိုးဆိုင်များတွင် ဝယ်ယူရရှိနိုင်ပါသည်

Capital, Myanmar Big Shop, Ruby Mart, Gandamar Hole Sale, United Living Mall, Sein Gay Har, Easy Mart, Family Mart, Victoria, Gamone Pwint, Orange, ရွှေစင်စန်းရီ(ဗိုလ်ချုပ်ဈေး)၊ ဒေါ်ခင်ဝင်းကြည်(ဗိုလ်ချုပ်ဈေး)၊ ဦးစိန်(၂၅ လမ်း) သိမ်ကြီးဈေး၊ ဗိုလ်ချုပ်ဈေးသစ်(ပင်ရင်းဆိုင်)